ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (9-6-2015) (၈၂၂၆)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ကျန်းမာရေးဆိုင်ရာ အသုံးငွေများကို လေးဆ၊ ငါးဆအထိ တိုးမြှင့်သုံးစွဲလျက်ရှိ



**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် တက္ကသိုလ်များဆေးရုံတို့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

နံနက် ၈ နာရီခွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်မြင်တိုင်မြို့နယ်ရှိ ခုတင်(၃၀၀)ဆံ့ ရန်ကုန်အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ ရောက်ရှိရာ စာသင်ဆောင်ခန်း၌ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးတို့က ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ရန်ကုန်အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ လာရောက်ရသည့် ရည်ရွယ်ချက်မှာ ဆေးရုံ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့○**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ရှိ အရိုးရောဂါ အထူးကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်း

**သတင်းထုတ်ပြန်ချက်**

**မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့်လှေစီးသွားလာသူများအနက်**
**အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းခြင်း**

၁။ ၂၁-၅-၂၀၁၅ ရက်နေ့တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူ ၂၀၈ ဦးအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအဖြစ် အတည်ပြုပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို ၈-၆-၂၀၁၅ ရက်နေ့တွင် နှစ်နိုင်ငံနယ်စပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်ပြန်လည်လွှဲပြောင်းပြီးဖြစ်ပါသည်။ ယင်းလွှဲပြောင်းခြင်းအခမ်းအနားပြုလုပ်သည့် တောင်ပြို(လက်ဝဲ)သို့ ဘင်္ဂလားဒေ့ရှ်၊ ကော့ဘဇားနယ်ခြားစောင့်တပ်ဖွဲ့(၁၇) တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူအာလမ် ခေါင်းဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါ ဘင်္ဂလားဒေ့ရှ်ကိုယ်စားလှယ်အဖွဲ့သည် ၈-၆-၂၀၁၅ရက်နေ့ နံနက် ၁၁ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို စစ်ဆေးပြီး နှစ်ဖက်လက်မှတ်ရေးထိုး၍ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်လွှဲပြောင်းခဲ့ပါသည်။ ယင်းအခမ်းအနားတွင် မြန်မာဘက်မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ဒုတိယဒေသကွပ်ကဲရေးမှူး ရဲမှူးကြီးမျိုးဆွေက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို လွှဲပြောင်းပေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်၊ ကော့ဘဇား နယ်ခြားစောင့်တပ်ဖွဲ့(၁၇) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာဆိုင်ဖူအာလမ်က လက်ခံခဲ့ပါသည်။ ယင်းအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ ကို လက်ခံခေါ်ဆောင်၍ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။ လှေလာသူများအဖြစ် စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန် မစ္စတာမိုဟာမက်မက်ဘူဘာရာမန်နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့၊ နယ်မြေခံဗျူဟာမှူး ဗိုလ်မှူးကြီး မိုဟာမက်ခါလက်အူဇမန်တို့လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၂။ ၂၁-၅-၂၀၁၅ ရက်နေ့တွင် ကယ်ဆယ်ထားပြီး ယာယီခိုလှုံခွင့်ပေးထားသူ ၂၀၈ ဦးအနက် နိုင်ငံသားစိစစ်မှုဆောင်ရွက်ဆဲဖြစ်သည့် ကျန်ရှိသူများနှင့် ၂၉-၅-၂၀၁၅ ရက်နေ့တွင် ကယ်ဆယ်၍ယာယီခိုလှုံခွင့်ပေးထားသူ ၇၀၀ ကျော်တို့ကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ တာဝန်ရှိသူများက ဆက်လက်စိစစ်မှုများပြုလုပ်လျက်ရှိပါသည်။ စိစစ်အတည်ပြုမှုများဆောင်ရွက်ပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၈ ရက်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများအား အသိအမှတ်ပြုသည့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်




**ရောမ ဇွန် ၈**

အီတလီနိုင်ငံ ရောမမြို့တွင် ဇွန် ၆ ရက်မှ ၁၃ ရက်ထိ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉) ကြိမ်မြောက်ညီလာခံကျင်းပနေစဉ် ဇွန် ၇ ရက်တွင် **ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထူးချွန်ပြောင်မြောက်သည့် တိုးတက်မှုများအား အသိအမှတ်ပြုသည့် အထူးအခမ်းအနား**တစ်ရပ် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအရ ၁၉၉၀-၁၉၉၂ ခုနှစ်မှ ၂၀၁၄-၂၀၁၆ ခုနှစ်အထိ **စာမျက်နှာ ၅ ကော်လံ ၁ သို့●**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

| | |
|---|---|
| ဗိုး | ၃ ဒသမ ၇၆ လက်မ |
| သထုံ | ၃ ဒသမ ၆၂ လက်မ |
| စစ်တွေ | ၂ ဒသမ ၂၀ လက်မ |
| မောင်တော | ၂ ဒသမ ၁၂ လက်မ |
| တောင်ကုတ် | ၁ ဒသမ ၈၁ လက်မ |
| မာန်အောင် | ၁ ဒသမ ၇၃ လက်မ |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက် ပိုနေမည်။



ကြေးမုံစာတည်းရှုထောင့် ၉-၆-၂၀၁၅၊ အင်္ဂါနေ့

# ရိုးရာအားကစားတန်ဖိုးထား

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိရာ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ပြိုင်ပွဲဝင် အားကစားသမား ၇၀၀၀ ကျော်တို့ပါဝင်ယှဉ်ပြိုင်နေကြသည်။ ပြိုင်ပွဲများတွင် အားကစားနည်း ၃၆ မျိုးပါဝင်ပြီး ဇွန်လ ၁၆ ရက်နေ့အထိယှဉ်ပြိုင်ကြမည်ဟု သိရသည်။

ယခုပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးမှ ကဏ္ဍခွဲအားကစားနည်းပေါင်း ၄၀၂ မျိုး ထည့်သွင်းကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံမှ ဝူရှူး၊ ကြက်တောင်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ လှေလှော် စသည့် အားကစားနည်း ၃၀ မျိုးတွင် မြန်မာအားကစားသမား ၃၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဇွန်လ ၇ ရက်နေ့ ရလဒ်များတွင် မြန်မာနိုင်ငံမှ ရွှေ ၇ ခု၊ ငွေ ၁၀၊ ကြေး ၉ ခုဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်နေပြီး ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်နေဆဲဖြစ်၍ ဆုရရှိမှုနှင့် အဆင့်များဆက်လက်မြင့်မားလာမည်ဟု မျှော်လင့်ပါသည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝူရှူး၊ ရိုးရာလှေနှင့် ခြင်းလုံးတို့တွင် ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံများမှ ရိုးရာအားကစားနည်းများကို ထည့်သွင်းကျင်းပရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး လက်ရှိတွင် မြန်မာနိုင်ငံမှ ရိုးရာလှေနှင့် ရိုးရာခြင်းလုံးတို့ ယှဉ်ပြိုင်မှုမှာ အားရဖွယ်ဖြစ်သည်။ နောင်ကျင်းပမည့် ပြိုင်ပွဲများတွင် ရိုးရာအားကစားနည်းများ ပိုမိုပါဝင်လာမည်ဖြစ်၍ ပိုမိုကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်ရွက်ခြင်းဖြင့် ရွှေတံဆိပ်များတိုးတက်ရရှိလာမည်ဖြစ်သည်။

ဘောလုံးနှင့် ခြင်းလုံးကစားနည်းမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဝါသနာပါသူ ပြည်သူများ အစဉ်အမြဲ လေ့ကျင့်ကစားကြသော အားကစားနည်းဖြစ်သည်။ နည်းစနစ်မှန်ကန်စွာဖြင့် အစဉ်အမြဲလေ့ကျင့်ကစားနိုင်အောင် အခြေအနေကောင်းများဖန်တီးပေးခြင်း၊ အားပေးမြှောက်စားခြင်း၊ ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားကြဖို့သာ လိုအပ်ပါသည်။

တစ်ချိန်သောကာလက မြန်မာ့ဘောလုံးရွှေခေတ်ရောက်ခဲ့သည်မှာ ရပ်ကွက်၊ ကျေးရွာ အုပ်စုပြိုင်ပွဲများမှ မြို့နယ်၊ ခရိုင်မှတစ်ဆင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တက်ရောက်လာကြသော လက်ရွေးစင်များမှာ အခြေခံမှစ၍ ထွန်းတောက်လာသောကြောင့် စင်ပေါ်ရောက်လာကြခြင်းဖြစ်သည်။ ယခုတစ်ဖန် မြန်မာ့ဘောလုံးသည် ရွှေခေတ်သို့ရောက်ခဲ့ပြန်ပါသည်။ ရွှေရောင်တောက်သော ထိုလူငယ်များမှာလည်း အခြေခံတွင် ထွန်းပြောင်သောကြောင့် စင်တော်ကောက်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ ပြောင်မြောက်သောစွမ်းရည်နှင့် ပြင်းထန်သောကြိုးစားအားထုတ်မှုများကို ပြည်တွင်း၊ ပြည်ပမှ မြန်မာပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအားပေးခဲ့ကြသည်။ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာသောရလဒ်များသည် မြန်မာနိုင်ငံအတွက် အင်အားများဖြစ်စေခဲ့သည်။ ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွမှုကိုဖြစ်စေခဲ့သည်။ မြန်မာကိုချစ်မြတ်နိုးစိတ် ပိုမိုတိုးတက်လာခဲ့သည်။

ရိုးရာခြင်းလုံးအားကစားနည်းသည်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ အခြေခံရပ်ကွက်၊ ကျေးရွာများတွင် ရှေးအစဉ်အလာမပျက် အရွယ်သုံးပါးမရွေး ကစားခဲ့ကြသော အားကစားနည်းဖြစ်သည်။ တစ်ချိန်က မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းတွင် မြင်တွေ့နိုင်သော ခြင်းရုံများတွင် ဝါသနာရှင် ခြင်းလုံးသမားများ နေ့စဉ်နေ့တိုင်း ခတ်ကစားကြသည်မှာ ချစ်ခင်ရင်းနှီးမှုနှင့် ကျန်းမာရေးအတွက်သာဖြစ်ခဲ့သည်။ ယခုကဲ့သို့ မြို့နယ်အဆင့်၊ နိုင်ငံအဆင့်၊ အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲဝင်နိုင်သည့်အခြေအနေမရှိခဲ့ချေ။ အလားတူ ရိုးရာလှေကစားနည်းတွင်လည်း ရေကြောင်းဖြင့်ကျင်လည်ရသောကျေးလက်မှ အလားအလာကောင်းများပေါ်ထွက်နိုင်သည်။

ယခုအခြေခံအဆင့်မှ ထွန်းတောက်လာမည့် ကြယ်ပွင့်လေးများအတွက် အခြေအနေကောင်းများ ဖြစ်ပေါ်နေပြီဖြစ်သည်။ ကျင်းပဆဲ၊ ဆက်လက်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရှက်ပုန်းသီး ရိုးရာအားကစားသမားများကို ဖော်ထုတ်ကာ မြန်မာနိုင်ငံအား ရိုးရာအားကစားနည်းဖြင့် ရွှေတံဆိပ်များ အထပ်ထပ်လွှမ်းခြုံရရှိနိုင်အောင် ကြိုးပမ်းအားထုတ်ကြပါစို့ဟု အသိပေးချင်ပါသည်။ ။

# တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များ ပြန်လည်ရှင်းလင်း

**မကွေး ဇွန် ၈**

မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက် နံနက် ၉ နာရီက ပြည်ထောင်စုရှေ့နေချုပ်နှင့်ပြည်နယ်/တိုင်းဒေသကြီး ရှေ့နေချုပ်များ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်မှာကြားချက်များ ပြန်လည်ရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများမှ အတွေ့အကြုံများအား ဆင့်ပွားပို့ချခြင်း အခမ်းအနား ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်နှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် အတွင်းရှိ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဥပဒေချုပ်ဦးဇေယျက ဥပဒေအရာရှိများအနေဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော ဒီမိုကရေစီနည်းလမ်းကျအုပ်ချုပ်ရေး စနစ်ပြုပြင်ပြောင်းလဲမှုများနှင့် အံဝင်ဖို့လိုကြောင်း၊ ပြစ်မှုဆိုင်ရာမှုခင်းများကို လိုက်ပါဆောင်ရွက်ရာတွင် မျှတသော တရားစီရင်ရေး စံနှုန်းများဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သို့မှသာ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်နိုင်မှာဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်က ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းပြောကြားပြီး တက်ရောက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာ ငါးနှစ်စီမံချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းဆိုင်ရာမေးမြန်းချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး တရားရုံးနှင့် အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် ဇွန် ၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားသူကြီးနှင့်အတူ အင်းစိန်မြို့နယ်တရားရုံးနှင့် အင်းစိန်(မော်တော်ယာဉ်)တရားရုံးတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ အင်းစိန်မြို့မရဲတပ်ဖွဲ့ အချုပ်ခန်းသို့ သွားရောက်၍ အချုပ်သားများအား ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၈ အရ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရန်နှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးစသည့်အခွင့်အရေးရရှိနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၈**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ခါတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁-၆-၂၀၁၅ ရက်နေ့မှ ၅-၆-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၇၂၁ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၆၅ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၂၀၀၀ | - ၇၃၃၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၂၀၀၀ | - ၇၃၃၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၀၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၂၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၁၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၅၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၄. ၃၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၃၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၀. ၄၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၅၇၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၂. ၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၃. ၆၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




- ကျောင်းသူကျောင်းသားများ အမှန်တကယ် အားထားရသည့် အင်္ဂလိပ်စာစဉ်
- ယခင် New Light of Myanmar အင်္ဂလိပ်သတင်းစာ အယ်ဒီတာများ ရေးသားပြုစုသည့် အင်္ဂလိပ်စာစဉ်

**Student's Companion**

- သင်ခန်းစာတစ်ခုပြီးတိုင်း တက်မြောက်မှုစစ်ဆေးနိုင်ရန် လေ့ကျင့်ခန်းများကို ပြောင်းလဲလာသော မေးခွန်းပုံစံသစ်နှင့်အညီ ပြုစုထားသည်။

ဆက်သွယ်မှာယူလိုသူများ -
ရန်ကုန် - ၀၉၇၃၀၅၂၄၉၀၊ ၀၉၇၉၁၆၂၁၆ဂ၁၊ ၀၉၇၉၅၄၅၆၇၉၅
စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားလှယ်- ဒေါ်အေးအေးသန်း
ဖုန်း - ၀၉၂၁၃၂၂၅၇၊ ၀၉၇၄၅၉၆၃၅၇။
မန္တလေးတိုင်းဒေသကြီးကိုယ်စားလှယ်- ဒေါ်သီရိဝေ
ဖုန်း - ၀၉၂၅၄၇၅၃၁၀၇၊ ၀၉၂၅၄၇၅၃၁၀ဂ။
ခေတ်မီစာပေ - ၀၂-၆ဂ၁၃၁၊ ၀၉၅၁၉၂၅ဂဂ။
ထွက်ပြီ


**ဖခင် အမည်မှန်**
တွံတေးမြို့နယ်၊ တန်းလျားလေးအထက(ခွဲ)၊ ဒသမတန်းမှ မောင်ကျော်ကိုကို၏ ဖခင် ဦးမင်းသူ၏ အမည်မှန်မှာ ဦးသိန်းဇံ [၁၂/တတန(နိုင်)၁၂၈၄၃၃] ဖြစ်ပါသည်။
ဦးသိန်းဇံ


**ဦးအောင်ဟိန်းကျော်**
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
**အင်္ဂလိပ်စာရေးနည်း**
**အင်္ဂလိပ်စကားပြော**
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)
•392468
09517184l
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

HTOO Car Rental
PH: 0973053123, 09789990823

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် အားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။


**ပြည်ထဲရေးဝန်ကြီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၁၁-၆-၂၀၁၅ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် ၁၈-၆-၂၀၁၅ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန်နောက်ဆုံးရက်၁၉-၆-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၅။ တင်ဒါဖွင့်မည့်ရက်/အချိန် ၂၂-၆-၂၀၁၅ရက် ၁၀း၀၀နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။
တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။

ဘာများနေလဲ၊ ပြင်ဆင်ပါ။

သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## သံအမတ်ကြီး ဦးအောင်ခင်စိုးအား ဘူတန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအောင်ခင်စိုးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**



## ပြည်သူလူထုအနေဖြင့် မဲစာရင်းကပ်ထား ကြေညာသည့်အချိန်တွင် သွားရောက်ကြည့်ရှုရန်လိုအပ်

**ရန်ကုန် ဇွန် ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သတင်းမီဒီယာများသို့ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ Myanmar Peace Center အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် ဦးဝင်းကို၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုနှင့် ရွေးကောက်ပွဲအရာရှိ ဦးခင်ဇော်ထွန်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာအဖွဲ့ ၅၁ ဖွဲ့မှ တာဝန်ရှိသူ ၇၃ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခုသတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းမှာ အခြေခံမဲစာရင်းတွင်အမှားများပါရှိနေမှုကို ရှင်းလင်းလို၍ဖြစ်ကြောင်း၊ ယခင်ရွေးကောက်ပွဲအတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းပြုစုခြင်း ရှေ့ပြေးစီမံချက်ကို အလုံမြို့နယ်၊ တီးတိန်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်တို့တွင် စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်းသည် မဲစာရင်းတွင်ပါရှိမှသာ မဲပေးပိုင်ခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခံပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊ မဲစာရင်းပြုစုရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းနှင့် လဝကရှိအိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) အရ အသက်(၁၈)နှစ်ပြည့်ပြီးသူများကို ပြုစုခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲရက်ကြေညာပြီးမှ မဲစာရင်းကို ပြုစုပါက အမှားအယွင်းများ ပြင်ဆင်ရန် အချိန်ကန့်သတ်ချက်ရှိနိုင်သဖြင့် အခြေခံမဲစာရင်းကို ကြိုတင်ပြုစုရခြင်းဖြစ်ကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် ပြည်သူလူထုအနေဖြင့် မဲစာရင်းကပ်ထားကြေညာသည့်အချိန်တွင် သွားရောက်ကြည့်ရှုရန် လိုအပ်ကြောင်း၊ မိမိအမည်မပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန်၊ အချက်အလက်များယွင်းနေပါက ပုံစံ(၄-က)ပြင်ဆင်ရန်၊ မပါသင့်သူများပါနေက ပုံစံ(၄)ဖြင့် ကန့်ကွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ အခြေခံမဲစာရင်းတွင် မှားယွင်းမှုများအတွက် ပြည်သူလူထုအနေဖြင့် ကြည့်ရှုပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် မှန်ကန်သော မဲစာရင်းဖြစ်လာမည်ဖြစ်ကြောင်း၊ အခြေခံမဲစာရင်း မှန်ကန်မှသာ ရွေးကောက်ပွဲနီးသည့်အခါ မဲစာရင်းကြေညာပါက မှားယွင်းမှုနှင့် ပြင်ဆင်မှုနည်းမည် ဖြစ်ကြောင်း၊ အသိမှား၊ အမြင်မှားများကို မီဒီယာများက ချေဖျက်ပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပြီး Website မှ မဲစာရင်းကြည့်ရှုနိုင်မှုကို သရုပ်ပြရှင်းလင်းကာ ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်ပြသလျက်ရှိသည့် မဲဆန္ဒရှင် ပညာပေးဇာတ်လမ်းများအား ပြသသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲအားဆက်လက်ပြုလုပ်ရာ သတင်းမီဒီယာအဖွဲ့များက မေးမြန်းသည့် White Card ကိုင်ဆောင်ထားသူများ မဲပေးခွင့်ရှိ/မရှိ၊ IDP Camp ရောက်နေသူများ မဲပေးနိုင်မှုအခြေအနေ၊ ရွေးကောက်ပွဲအတွက်လုံခြုံရေးစီမံထားရှိမှု၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများအား ဆရာ/ဆရာမများကိုသာ ခန့်ထားရခြင်း အကြောင်းရင်းနှင့် ပညာပေးဆောင်ရွက်မည့် အစီအစဉ်များ၊ မသန်စွမ်းသူများ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ၊ နိုင်ငံပြင်ပရောက်နေသူများ မဲပေးနိုင်ရေး၊ Observer နှင့် မီဒီယာများ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူရာတွင် လုံခြုံရေးနှင့် ပတ်သက်၍ ကော်မရှင်အနေဖြင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ မဲစာရင်းတွင် ဇွန်လ ၃၀ ရက်ဟု မွေးနေ့တူများပါဝင်နေသည့် အကြောင်းရင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် မဲစာရင်းကြေညာမည့် အခြေအနေများကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးဝင်းကြည်၊ ဦးဝင်းကိုတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲပြင်ဆင်ထားမှုနှင့် မဲစာရင်းများ ကြေညာထားမှုဆွေးနွေး

**ပဲခူး ဇွန် ၈**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အခြေစိုက် Bureau of Comflict and Stabilization Operations မှ Senior Policy Advisor Mr. Patrick Quirk သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲအတွက် ကြိုဆင်ပြင်ဆင်ထားရှိမှု၊ မဲစာရင်းကပ်ထားပြီး ပြည်သူများအား အသိပေးကြေညာထားရှိမှု၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ပါတီများ၊ စောင့်ကြည့်လေ့လာမှုရေးအသင်းအဖွဲ့များ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသိန်းဌေး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလှမျိုးအောင်နှင့် ဦးအုန်းမြင့်တို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

## ဝိပ္ပံဘာသာတွဲ အမှတ်အများဆုံးတတိယဆု ကြံခင်းအထကရရှိ

**ကြံခင်း ဇွန် ၈**

ကြံခင်းမြို့တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုသူ ၉၆၁ ဦးရှိပြီး အောင်မြင်သူ ၇၁၁ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၉၉ ရရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးပထမ ရရှိခဲ့သည်။

ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၄၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရသူ ၁၁၂ ဦး စုစုပေါင်း ၂၁၁ ဦး ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြောင်းနှင့် ဝိပ္ပံဘာသာတွဲတွင်တစ်နိုင်ငံလုံး အမှတ်အများဆုံးတတိယဆုကို ရမှတ် ၅၁၇ မှတ်ဖြင့်(အထက)ကြံခင်းမှ မယွန်းမီမီထက်က ရရှိခဲ့ကြောင်းသိရသည်။ **မသူ(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်းများ နေ့ချင်းပြီးထုတ်ပေး

**ရန်ကုန် ဇွန် ၈**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသည် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ မအောင်မြင်သူ ကျောင်းသား ကျောင်းသူများ၏ ရမှတ်စာရင်းများကို နေပြည်တော် ရုံးအမှတ်(၅၂)ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)နှင့်ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေ ဖွဲ့ကပင်ဆောင်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တို့၌ ရုံးဖွင့်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲထိ ယနေ့မှစ၍ နေ့ချင်းပြီးထုတ်ပေးလျက်ရှိသည်။

အလားတူ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ အောင်လက်မှတ်လျှောက်ထားမှုများနှင့်ပတ်သက်၍ လတ်တလောတွင် လျှောက်ထားပြီး ၁၅ ရက်နောက်ပိုင်း ပြန်လည်ထုတ်ပေးကာ ဇူလိုင်လမှစ၍ နေ့ချင်းပြီး ထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ မအောင်မြင်သူများ၏ ဖြေဆိုခဲ့သည့် ဘာသာရပ်တစ်ခုချင်းအလိုက် အဖြေလွှာစစ်ဆေးပေးရန် လျှောက်ထားမှုများကို ဘာသာရပ်တစ်ခုလျှင် နိုင်ငံတော်သို့ငွေကျပ် ၅၀၀၀ ပေးသွင်းပြီး သက်ဆိုင်ရာစာစစ်မှူးချုပ်(ပါမောက္ခ၊ ဌာနမှူး)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြန်လည်စိစစ်ပေးပြီးနောက် လျှောက်ထားသူကျောင်းသား ကျောင်းသူ(သို့မဟုတ်) မိဘအုပ်ထိန်းသူထံသို့ တစ်လအတွင်းအကြောင်းပြန်စာပေးပို့ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုကိုလည်း ယနေ့မှစ၍ လက်ခံဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

မကြာမီရက်အနည်းငယ်အတွင်း ရွှေ့လျားစနစ်ဖြင့် အမှတ်စာရင်းထုတ်ပေးခြင်းအစီအစဉ်ကို မန္တလေး၊ တောင်ကြီးနှင့် ပုသိမ်မြို့တွင် ဌာနခွဲများဖွင့်လှစ်၍ ရုံးချိန်အတွင်းထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်နေပြီး သိရှိလိုသည်များကို စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၆၇-၄၃၀၁၆၈၊ ၀၁-၆၅၃၄၆၅၊ ၆၅၃၅၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေခံမဲဆန္ဒရှင်များစာရင်း ကြာအင်းဆိပ်ကြီးတွင် ကြေညာ

**ကြာအင်းဆိပ်ကြီး ဇွန် ၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇွန် ၈ ရက် နံနက်မှစတင်၍ အခြေခံမဲဆန္ဒရှင်များစာရင်းကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် လမ်းများတွင် စတင်ကြေညာထားပြီးဖြစ်သည်။

ထိုသို့ အခြေခံမဲဆန္ဒရှင်များစာရင်းကြေညာထားရှိမှုကို ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အဖွဲ့ဝင် ဦးစောဂေးလ်ဘတ်ဂျီးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်လွင်၊ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့်အဖွဲ့ဝင်များက အခြေခံမဲဆန္ဒရှင်များစာရင်း ကြေညာထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# ရုရှားနှင့် ကာတာ ကမ္ဘာ့ဖလား လက်ခံကျင်းပခွင့် ဆုံးရှုံးဖွယ်ရှိဟုဆို

**ဇူးရစ် ဇွန် ၈**

လာဘ်ပေးလာဘ်ယူမှုရှိခဲ့ကြောင်း အထောက်အထားများပေါ်လာခဲ့လျှင် ရုရှားနှင့် ကာတာနိုင်ငံတို့သည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်များကို ဆုံးရှုံးကြနိုင်သည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ တာဝန်ရှိသူ ဒိုမီနီကိုဒကာလာက ယနေ့ ပြောကြားသည်။

ယင်းနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် လျှောက်ထားခဲ့ကြရာတွင် မည်သည့်အမှားကိုမျှ မကျူးလွန်ခဲ့ကြောင်း ငြင်းဆိုခဲ့ကြသည်။ စကာလာကလည်း အဂတိလိုက်စားမှုပြုသည့် သက်သေအထောက်အထားများ မတွေ့ရသေးကြောင်း ဝန်ခံသည်။

စကာလာသည် ဖီဖာစာရင်းစစ်ကော်မတီ၏ အကြီးအကဲဖြစ်သည်။ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အလားတူသဘောထားကို ပြောဆိုခဲ့သော်လည်း လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်တွင် ပိုမိုအလေးအနက်ထားရမည့် သတိပေးချက်အဖြစ် သုံးသပ်ရမည်ဟု ဆိုခဲ့သည်။

လွန်ခဲ့သည့်လတွင် ဖီဖာထိပ်တန်းတာဝန်ရှိသူ ခုနစ်ဦးကို ဇူးရစ်ဟိုတယ်တစ်လုံးတွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ၂၄ နှစ်တာကာလအတွင်း လာဘ်ငွေ ဒေါ်လာ သန်း ၁၅၀ ကျော် လက်ခံရယူခဲ့ကြသည်ဟု အမေရိကန်အစိုးရရှေ့နေများက စွဲချက်တင်ထားသည့် လူ ၁၄ ဦးအနက်မှ ခုနစ်ဦးဖြစ်သည်။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖလားအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ကို မည်သို့ခွင့်ပြုခဲ့သည်ဆိုခြင်းအား ဆွစ်အာဏာပိုင်များက ရာဇဝတ်ကြောင်းအရ သီးခြားစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**ရိုက်တာ။**



**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဖလားကျင်းပရန် ရုရှားဝန်ကြီးချုပ်အား ကမ္ဘာ့ဖလားဘောလုံးကို လွှဲပြောင်းပေးအပ်စဉ်။**

# တရုတ်တွင် စာမေးပွဲခိုးချသည့် ကျောင်းသားများအားဖမ်းရန် ဒရုန်းလေယာဉ်သုံးစွဲ



**ပေကျင်း ဇွန် ၈**

တရုတ်နိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသားများ ခိုးချခြင်းမှ တားဆီးရန်အတွက် နောက်ဆုံးလက်နက်မှာ ပန်ကာခြောက်လုံးတပ် မောင်းသူမဲ့လေယာဉ်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ဟူနန်ပြည်နယ်အလယ်ပိုင်း လိုယန်းမြို့ရှိ စာဖြေဌာနနှစ်ခုတည်ရှိရာ ဝေဟင်တွင် အဆိုပါဒရုန်းလေယာဉ်က ပျံဝဲလျက် စာမေးပွဲခန်းအတွင်းသို့ ကျောင်းသားခိုးသွင်းလာသော ဝိုင်ယာလက် ကိရိယာများထံသို့ ပုံမှန်မဟုတ်သော သင်္ကေတများ ပို့လွှတ်နေခြင်းကို စကင်ရိုက်ယူသည်။

စာမေးပွဲဖြေဆိုသည့် ပထမဆုံးနေ့ တနင်္ဂနွေနေ့တွင် မည်သည့်သင်္ကေတမျှ ဖမ်းယူရရှိခြင်းမရှိဟု ဟူနန်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အထက်တန်းစာမေးပွဲအောင်မြင်သော ကျောင်းသားအားလုံးသည် ယင်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုကြရမည်ဖြစ်ပြီး ၎င်းတို့တက်ရောက်သင်ကြားနိုင်သော တက္ကသိုလ်အဆင့်အတန်းသည် ၎င်းတို့ရရှိသည့် ဝင်ခွင့်စာမေးပွဲရမှတ်များပေါ်တွင် မူတည်သည်။

တနင်္ဂနွေနေ့တွင် ကျောင်းသားကိုးသန်းကျော် ဝင်ခွင့်စာမေးပွဲ ဖြေဆိုကြသည်။ ဖိအားများအောက်မှ ကျောင်းသားများသည် စာမေးပွဲကို ကောင်းမွန်စွာဖြေဆိုနိုင်ရန် အချက်အလက်၊ အကြောင်းအရာများအား လနှင့်ချီ၍ ကျက်မှတ်ကြရသည်။

နှစ်ရက် သို့မဟုတ် သုံးရက်ကြာသော စာမေးပွဲကာလအတွင်း ကျောင်းသားမိဘများသည် ကျောင်းသားများနှင့်အတူ စာမေးပွဲဖြေဆိုရာမြို့၌ အတူလိုက်ပါနေထိုင်ကြသည်။ စာမေးပွဲမအောင်မြင်သောသူတို့သည် နောက်နှစ်တွင် ထပ်မံဝင်ရောက်ဖြေဆိုနိုင်သည်။ သို့မဟုတ် လုပ်ခလစာနည်းပါးသော အလုပ်ကြမ်းတစ်ခုခုကို ဝင်ရောက်လုပ်ကိုင်နိုင်သည်။

အများစုတက်ရောက်လိုသော တက္ကသိုလ်များအတွက် ဝင်ခွင့်စာမေးပွဲတွင် ခိုးချခြင်းသည် လုပ်ရိုးလုပ်စဉ်ဖြစ်နေပြီး ခိုးချသည့် နည်းလမ်းများတွင် အဖြေလွှာများရောင်းချခြင်း၊ ကိုယ်စားဝင်ရောက်ဖြေဆိုသူငှားရမ်းခြင်းနှင့် စာမေးပွဲခန်းအတွင်းသို့ ဝိုင်ယာလက်များခိုးသွင်းကာ ပြင်ပနှင့် ဆက်သွယ်ခြင်းတို့ ပါဝင်သည်။

လွန်ခဲ့သည့် မေလမှစ၍ စာမေးပွဲခိုးချရန် စီစဉ်ကြသည့် လူ ၂၃ ဦးကို ဖမ်းဆီးခဲ့ကြောင်း ပညာရေးဝန်ကြီးက ဇွန် ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ခိုးချသည့် ကျောင်းသားများကိုမိလျှင် ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကို သုံးနှစ်ပိတ်ပင်ထားသည်။ **ရိုက်တာ။**

# အရက်ဖြတ်ဌာန ၁၅၀ အီရန်တွင် ထူထောင်မည်

**တီဟီရန် ဇွန် ၈**

အရက်စွဲဝေဒနာရှင်များအား ပြန်လည်ကုသပျိုးထောင်ရေးဌာန ၁၅၀ ဖွင့်လှစ်ရန် အီရန်အစိုးရက စီစဉ်လျက်ရှိကြောင်း၊ အရက်သေစာ သောက်စားမှီဝဲခြင်းကို တရားဥပဒေ၏ပြင်ပလုပ်ဆောင်ချက်အဖြစ် သတ်မှတ်ထားသည့် အဆိုပါနိုင်ငံတွင် အရက်သေစာသောက်စားမှုးယစ်မှုပြဿနာရှိနေပုံကို ထင်ဟပ်နေသောလုပ်ဆောင်ချက်ဖြစ်ကြောင်း ယနေ့ ရိုက်တာသတင်းဌာနတွင် ဖော်ပြသည်။

အီရန်ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ မူးယစ်ဆေးဝါးအလွဲသုံးမှုဌာန၏အကြီးအကဲ ဒေါက်တာ အဲလ်ဘီရာခါဒါနိုဇူရီ၏အဆိုအရ အရက်သေစာစွဲလမ်းနေသည့် နိုင်ငံသားများ အရက်ဖြတ်စေရေးအတွက် နေ့ပိုင်းကျန်းမာရေးစောင့်ရှောက်မှုဂေဟာ ၁၅၀ ဖွင့်လှစ်ကာ အရက်ဖြတ်လိုသည့်ဆန္ဒရှိသည့် ပြည်သူများအတွက် အသိပညာပေးလုပ်ငန်းဆောင်ရွက်မည်ဟု သိရသည်။

၂၀၁၆ ခုနှစ် မတ်လထက်နောက်မကျဘဲ အရက်ဖြတ်ဌာန ခြောက်ခုကို ဖွင့်လှစ်မည်ဖြစ်ပြီး အတွင်းလူနာများအဖြစ် ကုသပေးမည်ဖြစ်ကြောင်း ဒေါက်တာနိုရူဇီက ပြောကြားသည်။

အီရန်နိုင်ငံ၌ ၂၀၁၃ ခုနှစ်နှောင်းပိုင်းက ပထမဆုံးသော အရက်ဖြတ်ဌာနကို ဖွင့်လှစ်ခဲ့သည်။

အီရန်နိုင်ငံတွင် ပြည်သူ ၂၀၀၀၀၀ခန့်မှာ အရက်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကြုံတွေ့နေရသည်။ ၁၉၇၉ ခုနှစ်အတွင်း အစ္စလာမ့်တော်လှန်ရေးဆင်နွှဲခဲ့ပြီးနောက် အီရန်နိုင်ငံ၌ အရက်သေစာသောက်သုံးမှုအား ကန့်သတ်ပိတ်ပင်ခဲ့သည်။ **ရိုက်တာ။**

# တောင်ကိုရီးယားနိုင်ငံတွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၂၃ ဦးထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၈**

တောင်ကိုရီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃ ဦးကို ထပ်မံတွေ့ရှိခဲ့သဖြင့် ယခုအချိန်ထိ မားစ်ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၇ ဦးထိ မြင့်တက်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

တောင်ကိုရီးယားနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံပြီးနောက် ဗိုင်းရပ်စ်ပိုးကူးစက်သူအများဆုံးတွေ့ရှိရသည့် နိုင်ငံဖြစ်လာသည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် အဆိုပါဗိုင်းရပ်စ်ကို စတင်တွေ့ရှိခဲ့သည့် ၂၀၁၂ ခုနှစ်မှစပြီး ယခုအချိန်အထိ ရောဂါတွေ့ရှိသူဦးရေ ၁၀၀၀ ကျော်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်သူဦးရေ ၇၆ ဦးရှိသည့် အာရပ်စော်ဘွားများနိုင်ငံထက် ရောဂါပိုးတွေ့ရှိသူဦးရေ ပိုမိုများပြားကြောင်း တွေ့ရသည်။

တောင်ကိုရီးယားနိုင်ငံ၏ နောက်ထပ်ဗိုင်းရပ်စ်ပိုးတွေ့ရှိသူ၂၃ ဦးအနက် ၁၇ ဦးသည် ဆိုးလ်မြို့ရှိ ဆမ်ဆောင်းဆေးခန်းတွင် ဆေးကုသမှုခံယူနေသည့် ရောဂါတွေ့ရှိသူ ၁၄ ဦးမြောက်လူနာထံမှ ကူးစက်ခဲ့ခြင်းဖြစ်သည်။

ရောဂါတွေ့ရှိသူ ၁၄ ဦးမြောက်လူနာသည် ငါးဦးမြောက် လူနာတက်ရောက်ခဲ့သည့် ပြောင်းတက်ခ်စိန့်မယ်ရီဆေးရုံမှ ဗိုင်းရပ်စ်ပိုးကူးစက်ခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းရသည်။

ပြောင်းတက်ခ်စိန့်မယ်ရီဆေးရုံတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၃၇ ဦးရှိပြီး ဆမ်ဆောင်းဆေးရုံတွင် ၃၅ ဦးရှိသည်။

နောက်ထပ် ဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးမှာ တောင်ကိုရီးယားနိုင်ငံ ဒန်ဂျုံးမြို့ရှိ ဆေးရုံနှစ်ရုံတွင် ကူးစက်ခဲ့ခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများ ဆေးကုသမှုခံယူနေသည့် ဆေးရုံသို့သွားရောက်ခဲ့သည့်သူများသည် ရောဂါထပ်မံမကူးစက်စေရန် သီးသန့်အခန်းများတွင် ခွဲခြားထားခြင်းခံရမည်ဖြစ်သည်။ သို့မှသာ အခြားသောဆေးရုံများသို့ ရောဂါကူးစက်မှုမရှိမည်ဖြစ်သည်။

မားစ်ဗိုင်းရပ်စ်ပိုးသည် ၂၀၀၃ ခုနှစ်တွင်စတင်တွေ့ရှိခဲ့သော ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၇၇၀ ကိုသေဆုံးစေခဲ့သည့် ဆားစ်ရောဂါနှင့် အသွင်သဏ္ဌာန်တူသည်။ ယခုအချိန်ထိ မားစ်ဗိုင်းရပ်စ်ကို တိုက်ဖျက်မည့် ကာကွယ်ဆေးမရှိသေးပေ။ မားစ်ဗိုင်းရပ်စ်၏ သေဆုံးမှုနှုန်းသည် ၄၀ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိပြီဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် မားစ်ဗိုင်းရပ်စ်ကူးစက်မှုကို ဆော်ဒီအာရေဗျနိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး ယခုအချိန်ထိ ကမ္ဘာတစ်ဝန်းတွင် ကူးစက်မှုနှုန်း ၁၀၀၀ ကျော်ရှိကာ သေဆုံးသူဦးရေ ၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ **ဆင်ဟွာ။**



# နှစ်နိုင်ငံအလံတင်အစည်းအဝေးနှင့် လှေစီးသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၀ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ အလံတင်အစည်းအဝေးနှင့် မေ ၂၁ ရက်က ရခိုင်ပြည်နယ် မောင်တောခရိုင် သဘော်ကွေ့ကျေးရွာအနီး ပင်လယ်ပြင်တွင် တပ်မတော်(ရေ)က ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက် ကောင်စစ်ဆိုင်ရာ စိစစ်ပြီး ဘင်္ဂလားဒေ့ရှ်သား လှေစီးသွားလာသူများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို(လက်ဝဲ)မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် အမှတ်(၁၇)ကော့ပဖားအခြေစိုက် နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာ ဆိုင်ဖူ အာလမ်တို့က နှစ်နိုင်ငံအလံတင်အစည်းအဝေးကို ဦးဆောင်ဆွေးနွေးကြပြီး လှေလာသူအဖြစ် မြန်မာနိုင်ငံမှ အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးဆွေ၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးကိုကို၊ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်တေဇတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကော့ပဖားအခြေစိုက် Colonel Md. Khalequzzaman, Deputy Director General, Sector Commander, Border Guard Bngladesh, Coxsbazar၊ ကော့ပဖားခရိုင်ရဲအရာရှိ၊ ကော့ပဖားခရိုင် အုပ်ချုပ်ရေးမှူးနှင့် စစ်တွေအခြေစိုက် ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် နှစ်နိုင်ငံတာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် အမှတ်(၁၇)ကော့ပဖားအခြေစိုက် နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခန်ဒါကာ ဆိုင်ဖူ အာလမ်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူများ လွှဲပြောင်းပေးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ စာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် တောင်ပြို(လက်ဝဲ) ဝင်/ထွက်စခန်းတွင် မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ပဖားအခြေစိုက် Colonel Md. Khalequzzaman, Deputy Director General, Sector Commander, Border Guard Bngladesh, Coxsbazar ထံ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူ ၁၅၀ အား လွှဲပြောင်းပေးအပ်ခဲ့ပြီး နယ်စပ်ဂိတ်တံတားအထိလိုက်ပါပို့ဆောင်ခဲ့သည်။**(အောက်ပုံ)**

ကျန်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူများ အမြန်လွှဲပြောင်း ပို့ဆောင်နိုင်ရေး နှစ်နိုင်ငံတာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




●**ရှေ့ဖုံးမှ**

ကာလများအတွင်း အာဟာရလုံလောက်မှုမရှိသော လူဦးရေကို ထက်ဝက်လျှော့ချရေးအား ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်နိုင်ခဲ့သည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံတို့ကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်စား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဂုဏ်ပြုလက်မှတ်အား တက်ရောက်လက်ခံရယူခဲ့သည်။**(အပေါ်ပုံ)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၉၀- ၁၉၉၂ ခုနှစ် ကာလများတွင် အာဟာရချို့တဲ့မှုနှုန်းသည် ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄-၂၀၁၆ ခုနှစ် ကာလများတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းသို့ ကောင်းမွန်စွာလျှော့ချနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ဂုဏ်ပြုလက်မှတ်အား ချီးမြှင့်ခြင်းဖြစ်ကြောင်း** သိရသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ပေးပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟိုစေးဂရာဇီယာနိုဒါ ဆီးလ်ဗားနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင် ညွှန်ကြားရေးမှူးချုပ် အီသရင်းကာစင်တို့က ဖိတ်ကြားခဲ့ရာ နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က တက်ရောက်လက်ခံခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၈**

စာပေဖြင့်အသက်မွေးဝမ်းကျောင်းပြုလိုသော လူငယ်များ မြန်မာစာအသိအမြင်များတိုးပွားစေရန်နှင့် မြန်မာစာ ဘာသာရပ်ကို အခြေခံသည့် စာပေလုပ်ငန်းအတတ်ပညာနှင့် အရည်အသွေးဖြည့်ဆည်းပေးနိုင်ရန်အတွက် စာပေတည်းဖြတ်မှု အတတ်ပညာသင်တန်းကို ရန်ကုန်တက္ကသိုလ်တောင်ငူဆောင်ရှိ မြန်မာစာဌာန၌ ယနေ့နံနက် ၇ နာရီခွဲတွင် စတင်ဖွင့်လှစ်သည်။

သင်ကြားပေးမည့်အကြောင်းအရာများမှာ စာကောင်းပေမွန်သဘောလက္ခဏာနှင့် စာပေဖန်တီးရေးသားမှု၊ ဘာသာပြန်နည်းလမ်း၊ စာနယ်ဇင်းကျင့်ဝတ်၊ စာပေတည်းဖြတ်မှုနှင့် စာပေထုတ်ဝေမှုလုပ်ငန်းဆိုင်ရာ၊ အပြောအဟောအတတ်ပညာနှင့် အပြောစကားပြေတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒေါက်တာခင်အေး(မောင်ခင်မင် - ဓနုဖြူ)၊ ဦးအောင်သောင်း၊ ဟိန်းလတ်၊ ဖေမြင့်၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ကောင်းသန့်၊ မျိုးမြတ်သူ၊ မောင်သာချို၊ မမိုးမြေ စသည့် ပညာရှင်များအပြင် မြန်မာစာဌာနမှူး ဒေါက်တာအောင်မြင့်ဦးနှင့် ပါမောက္ခ ဒေါက်တာ ညိမ်းညိမ်းတို့ကလည်း စာကောင်းပေမွန် သဘောလက္ခဏာ၊ စာပေပုံသဏ္ဌာန်၊ ဘာသာစကားထိတွေ့မှုနှင့် ဘာသာစကားရောသုံးမှု ပြဿနာ၊ ဘာသာပြန်နည်းလမ်းများ စသည်တို့ကို အားဖြည့်သင်ကြားပေးမည်ဖြစ်သည်။ ယခုဖွင့်လှစ်သော စာပေတည်းဖြတ် အတတ်ပညာသင်တန်းမှာ တတိယအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# လေပြင်းများတိုက်ခတ်မှုကြောင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မှ ရွှေများကွာကျ

**နေပြည်တော် ဇွန် ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ဇွန် ၆ ရက် ည ၁၀ နာရီခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်သဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကျောက်လုံးတော်ကြီး၏ ပပ်ကြားအက်နေသည့်နေရာမှ တစ်လက်မ ပတ်လည်ခန့်ရှိ ရွှေသရိုးဖတ်များကွာကျခဲ့သဖြင့် ဂေါပကအဖွဲ့ဝင်များနှင့် ရင်ပြင်တော်ရဲတပ်ဖွဲ့ဝင်များက ရှာဖွေသိမ်းဆည်းခဲ့ကြရာ ရွှေသရိုးဖတ်ခန့်မှန်းအလေးချိန် ၁ ပိဿာ ၄၅ ကျပ်သားခန့်ရရှိခဲ့ပြီး ဇွန် ၇ ရက် နံနက် ၇ နာရီခွဲခန့်တွင် ရင်ပြင်တော်အောက်ဘက်ချောက်အတွင်းမှ တစ်လက်မခန့်ရှိ ရွှေသရိုးဖတ် ၅ ပိဿာ ၆၀ ကျပ်သားခန့်တို့အား ထပ်မံရှာဖွေတွေ့ရှိခဲ့သဖြင့် ဂေါပက အဖွဲ့ဝင် ဦးအောင်မြင့်ထံ အပ်နှံသိမ်းဆည်းထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မော်လမြိုင်တွင် ဆီတင်ရေယာဉ် မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် ဇွန် ၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ် ကျောက်မီးသွေးဆိပ်ကမ်းအနီးတွင် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ဆီတင်ရန်ဆိုက်ကပ်ရပ်နားထားသော ရာဇာမင်း B1 သင်္ဘောဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ အဆိုပါဆီတင်ယာဉ်မှ ရေယာဉ်မှူးဖြစ်သူ ဦးဝင်းအောင်(၄၄)နှစ်သည် ရေယာဉ်မှ အောက်တိန်း (၉၂)ဆီအား ကမ်းပေါ်ရှိ ဘောက်ဆာသို့ ဆီတင်ပို့ရန် ဆီပန့်မော်တာမောင်းနှင်စဉ် မော်တာမှ မီးပွားများလွင့်စဉ်မှုကြောင့် သင်္ဘောအင်ဂျင်စက်ခန်းရှိ ဆီပိုက်လိုင်းအဖွင့်ဘားအား မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အင်ဂျင်စက်ခန်းရှိ ကေဘယ်လ်ကြိုးများ မီးလောင်ကျွမ်းခဲ့ကာ ရေယာဉ်မှူးအပါအဝင် စက်ဆရာနှင့် သင်္ဘောဝန်ထမ်းစုစုပေါင်း ငါးဦး မီးဟတ်ခံခဲ့ရပြီး(မစိုးရိမ်ရ) မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**



**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ရောဝတီတိုင်းဒေသကြီး**
**ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် သုံးစွဲရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကိုမြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖြင့်ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၅ ရက်၊ ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆေးရုံအုပ်ကြီးရုံး၊ မြောင်းမြမြို့
ဖုန်း-၀၄၂-၇၀၄၉၂

# ငါးသရောက်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် ဆင်သားမွေးကျေးရွာရှိ ဦးမြမင်း၏နေအိမ် မီးကြွင်း၊ မီးကျန်မှ တစ်ဆင့် ယနေ့တွင် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး နေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းခဲ့ကာ စုစုပေါင်း ငွေကျပ် ၁၇၇၅၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

သတင်း-ဇော်ကြီး၊ ခင်ဇာလီ
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# အရှုံးနှင့်ရင်ဆိုင်ခဲ့ရသော်လည်း အိမ်ပြန်မျက်နှာပန်းလှခဲ့သည့် မြန်မာယူ-၂၀

*နယူးဇီလန်နိုင်ငံ၌ ကျင်းပနေသည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀ ဘောလုံးအသင်းသည် အုပ်စုအဆင့်တက်ရောက်နိုင်ခဲ့ခြင်းမရှိသော်လည်း ဇွန် ၈ ရက် နံနက် ၁၁ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်တွင် မြန်မာဘောလုံးပရိသတ်ကြီးက တစ်ခဲနက်လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။*



မဝင်းယုနွယ်။



တိုက်စစ်မှူး သန်းပိုင်။



ကိုမောင်မောင်အေး။



ဦးဌေးဦး။



တိုက်စစ်မှူး အောင်သူ။



ဂိုးသမား မျိုးမင်းလတ်။



မခင်စု။

မြန်မာယူ-၂၀ ဘောလုံးအသင်းသည် အဆိုပါပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များအတွင်း၌ အိမ်ရှင်နယူးဇီလန်၊ အမေရိကန်၊ ယူကရိန်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သော်လည်း ကစားခဲ့သည့်ပွဲစဉ်များတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာ စုဖွဲ့မှုနှင့် အကောင်းဆုံးပုံစံကစားပြနိုင်ခဲ့သည်။ ပြိုင်ဘက်အသင်းများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် အတွေ့အကြုံရင့်ကျက်မှုကြောင့် အုပ်စုအဆင့် မတက်ရောက်နိုင်ခဲ့သော်လည်း မြန်မာပြည်သူများအတွက် ကမ္ဘာ့အဆင့်သွားရောက်ကစားပြနိုင်ခဲ့သည့်အပေါ် မြန်မာယူ-၂၀ ကစားသမားများနှင့် လာရောက်ကြိုဆိုကြသည့် ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို အခုလိုဖော်ပြလိုက်ပါသည်။

**ပရိသတ်**
**မဝင်းယုနွယ်(ဆေးဝါးတက္ကသိုလ်)**

နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ ဘယ်လိုအခြေအနေမျိုးနဲ့ပဲပြန်လာပါစေ မြန်မာဘောလုံးအသင်းကို ချစ်လို့လာကြိုတာပါ။ အခုကစားခဲ့တဲ့ပွဲစဉ်သုံးပွဲမှာတော့ အမေရိကန်နဲ့ကန်တဲ့ပွဲစဉ်ကို အကြိုက်ဆုံးပါပဲ။ အဲဒီပွဲစဉ်မှာတော့ ဂိုးသမားကိုလည်း ကြိုက်သလို အောင်သူကိုလည်း ကြိုက်ပါတယ်။ ကျန်တဲ့ပွဲစဉ်တွေကိုတော့ တစ်သင်းလုံးကြိုက်ပါတယ်။ အခုလိုမျိုး ကမ္ဘာ့ဖလားကိုကစားခွင့်ရတာဟာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဝမ်းသာလို့မဆုံးပါဘူး။ ဂုဏ်လည်းယူပါတယ်။ ကမ္ဘာ့အဆင့်ကိုတက်နိုင်တယ်ဆိုကတည်းက သူတို့မှာ အရည်အချင်းအများကြီးရှိပါတယ်။ ကွာဟမှုတွေရှိခဲ့ပေမယ့် သူတို့ကြိုးစားခဲ့တယ်။ မြန်မာပြည်သူတွေအတွက်ကတော့ သူတို့ကအမြဲတမ်း အောင်ပွဲဆင်နိုင်ခဲ့တဲ့သူတွေပါ။ ပြည်သူတွေရဲ့ရင်ထဲမှာတော့ သူတို့မရှုံးနိမ့်ခဲ့ပါဘူး။

**တိုက်စစ်မှူး သန်းပိုင်**

ကမ္ဘာ့အဆင့် ကစားသမားတွေနဲ့ ကစားခဲ့ရတာဆိုတော့ အများကြီး အတွေ့အကြုံရခဲ့ပါတယ်။ အသင်းတိုင်းကတော့ ခက်ခဲမှုတွေရှိခဲ့ပါတယ်။ ကမ္ဘာ့ဖလားဆိုတော့ အသင်းကောင်းတွေချည်းပါပဲ။ ကျွန်တော်တို့အနေနဲ့ ကြိုးစားပြီး ယှဉ်ပြိုင်ခဲ့တယ်။ အောင်မြင်မှုတွေ ယူဆောင်မလာနိုင်ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး။ ပရိသတ်ကြီး အခုလိုလာကြိုတဲ့အတွက် အလွန်ဝမ်းသာမိတယ်။ ဒီထက်ပိုပြီး ကြိုးစားသွားမှာပါ။ ကျေးဇူးတင်ပါတယ်။

**ပရိသတ် ကိုမောင်မောင်အေး**

အခုကစားခဲ့တဲ့ ဘောလုံးသမားလေးတွေက ကျွန်တော်တို့ကို အများကြီးသင်ပေးခဲ့တယ်။ ပွဲတစ်ပွဲမှာ ဂိုးပြတ်ရှုံးနေတာတောင် မညစ်ဘူး။ သူတို့ကြိုးစားတယ်။ နောက်ဆုံးစက္ကန့်အထိ အသန့်ရှင်းဆုံးနဲ့ပြိုင်ခဲ့ကြတယ်။ အဲဒီစိတ်ဓာတ်တွေဟာ တစ်နိုင်ငံလုံးက လူငယ်တွေအတုယူသင့်ပါတယ်။ ရှုံးခြင်း၊ နိုင်ခြင်း အပေါ်မှာ ဘယ်လိုမှ မခံစားရပါဘူး။ ဒါဟာ ကမ္ဘာ့အဆင့်သွားရောက်ယှဉ်ပြိုင်ခဲ့တာဆိုတော့ ဒီအရှုံးကို ဘယ်သူကမှ အပြစ်မြင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ကတော့ သူတို့ကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်တယ်။

**ဦးစိုးမိုးကျော်**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာဒါရိုက်တာ**

ကမ္ဘာ့အဆင့်မှာ မြန်မာအသင်းအနေနဲ့ ထိုးဖောက်ဖို့ ဘယ်အချက်တွေလိုအပ်သေးလဲဆိုတာ သိခဲ့ရတယ်။ ဒါ့အပြင် သင်ခန်းစာတွေလည်း အများကြီးရခဲ့ပါတယ်။ ရှုံးတယ်ဆိုတဲ့အနေအထားမှာလည်း ခန္ဓာကိုယ်အရွယ်အစားနဲ့ ကြံ့ခိုင်မှုအပြင် ရာသီဥတုအခြေအနေတွေကြောင့်လည်း ပါတယ်။ အုပ်စုကနေ သုံးပွဲစလုံးရှုံးပြီး ပြန်လာတာကိုတောင် ပရိသတ်က လာကြိုကြတယ်။ အုပ်စုသာ တက်နိုင်ခဲ့ရင် ပရိသတ်တွေအနေနဲ့ ဘယ်လောက်အထိ ဝမ်းသာကြမလဲဆိုတာ မှန်းဆလို့မရပါဘူး။ ဒါဟာ ကျွန်တော်တို့နိုင်ငံက ဘောလုံးကို ဘယ်လောက်ချစ်မြတ်နိုးပြီး အားပေးကြသလဲဆိုတာ သက်သေပါပဲ။ တစ်ဖက်ကပြန်ကြည့်ရင် အခုလို ကမ္ဘာ့ဖလားကစားခွင့်ရတော့ ကမ္ဘာမှာ မြန်မာဆိုတာပိုပြီး သိမြင်လာကြတယ်။ မြန်မာဘောလုံး ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။

**ဦးဌေးဦး (ယူ-၂၀ တိုက်စစ်မှူး ကျော်မင်းဦး၏ ဖခင်)**

မြန်မာဆိုတာ စိတ်ဓာတ်ကပြင်းထန်တယ်။ တက်ကြွတယ်ဆိုတာ အခုပွဲစဉ်တွေကတစ်ဆင့် ကမ္ဘာကိုပြနိုင်ခဲ့တယ်။ ကမ္ဘာ့ဖလားဆိုတာ မြန်မာအသင်းအတွက် အခုမှပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အတွက် လိုအပ်ချက်တွေ၊ အတွေ့အကြုံတွေတော့ အများကြီးလိုပါသေးတယ်။ ဒီလိုကမ္ဘာ့ဖလားမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ဂုဏ်ယူပါတယ်။ နောက်ထပ်လေးငါးနှစ်လောက်နေရင်တော့ အင်မတန်ကောင်းလာမှာပါ။ အတွေ့အကြုံပိုင်းနဲ့ လူခန္ဓာကိုယ်အရပ်အမောင်း ကွာခြားမှုတွေကြောင့်သာ ဒီအဆင့်နဲ့ပြန်လာခဲ့ရတာပါ။ စိတ်ဓာတ်နဲ့ ကစားကွက်အရတော့ မရှုံးခဲ့ပါဘူး။ ဒါဟာ ကမ္ဘာ့အဆင့်ပြိုင်ပွဲဆိုတော့ ဒီလောက်ပဲကစားနိုင်လိမ့်မယ်ဆိုတာ ကြိုတင်တွေးမိပါတယ်။ ယှဉ်ပြိုင်မှုကိုလည်း ကျေနပ်ပါတယ်။

**တိုက်စစ်မှူး အောင်သူ**

ကျွန်တော်တို့အသင်းက ပြိုင်ဘက်အသင်းတွေနဲ့ယှဉ်ရင် အတွေ့အကြုံပိုင်းမှာ အားနည်းပါတယ်။ ခွန်အားပိုင်းဆိုင်ရာမှာလည်း လိုအပ်ချက်တွေရှိပါတယ်။ ကမ္ဘာ့ဖလားမှာ ယှဉ်ပြိုင်ရတဲ့အသင်းတွေက ကိုယ့်ထက်မြင့်တဲ့ အသင်းတွေချည်းပါပဲ။ ဒါပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ကျွန်တော်ဂိုးသွင်းခွင့်ရတဲ့အချိန်မှာ ကိုယ့်အသင်းအတွက်ဂိုးယူပေးနိုင်ပါလားဆိုတဲ့ ခံစားချက်ကဘာနဲ့မှမတူပါဘူး။ ပရိသတ်ကြီးအတွက် အောင်မြင်မှုတွေ ယူမလာနိုင်ခဲ့တာ စိတ်မကောင်းပါဘူး။ အောင်မြင်မှုတွေ ယူဆောင်မလာနိုင်ပေမယ့် ပရိသတ်ကြီးက အခုလိုလာရောက်ကြိုဆိုတာကို တွေ့ရတော့ အလွန်ဝမ်းသာ ပျော်ရွှင်မိပါတယ်။ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။

**ဂိုးသမား မျိုးမင်းလတ်**

ကမ္ဘာ့အဆင့်ကစားသမားတွေနဲ့ ကစားခဲ့ရတာဆိုတော့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အတွေ့အကြုံဆိုတဲ့နေရာမှာ ကောင်းတာတွေရှိသလို မကောင်းတာတွေအပြင် မျှော်လင့်မထားတာတွေတောင် ရခဲ့ပါတယ်။ ကျွန်တော်တို့အသင်းကို အစပိုင်းက အထင်သေးမှုတော့ရှိခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ စိတ်ဓာတ်ပိုင်းအရ အကောင်းဆုံး ကြိုးစားပြီး ကစားပြနိုင်ခဲ့တယ်။ ပရိသတ်တွေအနေနဲ့ အခုလို လာရောက်ကြိုဆိုတာကို မြင်တော့ နောက်ထပ် ပိုပြီးကြိုးစားချင်စိတ်တွေ ဖြစ်ပါတယ်။ ပရိသတ်ကိုလည်းကျေးဇူးတင်ပါတယ်။ နောင်လည်း ဒီထက်ကြိုးစားသွားမှာပါ။

**ပရိသတ်**
**မခင်စု (YTU တတိယနှစ်ကျောင်းသူ)**

အုပ်စုမတက်ခဲ့ဘူး ဆိုပေမယ့် ကစားခဲ့တဲ့ပွဲတွေကို ကြိုက်တယ်။ ပြိုင်ဘက်အသင်းတွေနဲ့ယှဉ်ရင်တော့ အားနည်းမှုလေးတွေ ရှိတယ်။ ကမ္ဘာ့အဆင့် ကစားတာဆိုတော့ ပြိုင်ဘက်အသင်းတွေကို အဲဒီလောက်ကစားပြနိုင်တာနဲ့တင် ကျေနပ်တယ်။ သူတို့လည်းအကောင်းဆုံးယှဉ်ပြိုင်ကစားပြနိုင်ခဲ့တယ်။ ကစားပုံအရတော့ နယူးဇီလန်နဲ့ ကစားတဲ့ပွဲကို သိပ်အားမရဘူး။ နောက်တန်းနည်းနည်းပျက်သွားတယ်လို့ထင်တယ်။ ကျန်တဲ့နှစ်ပွဲကိုတော့ မနိုင်ခဲ့ပေမယ့် အားရကျေနပ်မိပါတယ်။ အမေရိကန်နဲ့ကန်တဲ့ပွဲကတော့ ခြေစွမ်းအတူတူလောက်ပါပဲ။ ဒုတိယပိုင်းမှ သက်လုံမကောင်းတာနဲ့ ခန္ဓာကိုယ်ကြီးထွားမှုကွာခြားချက်တွေကြောင့် ရှုံးနိမ့်ခဲ့တာလို့မြင်ပါတယ်။ တစ်သင်းလုံးကို ကြိုက်တယ်။ ကမ္ဘာ့ဖလားကန်ခွင့်ရတာနဲ့တင်ကျေနပ်တယ်။ အများကြီး မျှော်လင့်မထားခဲ့ပါဘူး။ ကျွန်မတို့ရဲ့ရင်ထဲမှာတော့ သူတို့မရှုံးနိမ့်ခဲ့ပါဘူး။ အနိုင်ဂိုးတွေ သွင်းနေတုန်းပါပဲ။



မြန်မာယူ-၂၀ အသင်းနည်းပြအား ပန်းစည်းဖြင့် ကြိုဆိုကြစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရေချိုရေသန့်လုံလောက်စွာဖြန့်ဖြူးနိုင်မည့် ဂျပန်နိုင်ငံအစိုးရမှ ODA LOAN ရရှိရေးညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရက်(၆၀) မြောက်ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **၁၆၃/၁၆၇ ပန်းဆိုးတန်းလမ်းရှိ စိန်ဘရားသားအဆောက်အအုံနှင့် ၁၂၂/၁၃၂(၃၆)လမ်းရှိ ဂိုဒေါင်တို့အား လက်ရောက်ပိုင်ဆိုင်ခွင့် ပြန်လည်လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက စိန်ဘရားသားအဆောက်အအုံကို ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော်မှ အပြီးတိုင်သိမ်းယူထားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပြည်သူပိုင်အဖြစ်ထိန်းသိမ်းရန် ၂၀၀၁ ခုနှစ်တွင် ဆုံးဖြတ်ထားပါကြောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ ပြည်တွင်းအခွန်ဦးစီးဌာနမှ ရုံးဖွင့်လှစ်အသုံးပြုထားပါကြောင်း၊ လက်ရှိတွင်လည်း တရားမကြီးအမှု တရားစွဲဆိုထားသည့်အတွက် ပြန်လည်လွှဲပြောင်းမရပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။


ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း


ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျေးရွာများအတွက် သောက်သုံးရေလုံလောက်မှုရရှိရန် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် ရပ်ကွက်ပေါင်း (၁၁)ရပ်ကွက်ရှိပြီး လူဦးရေ ၄၀၀၀၀ ကျော်နေထိုင်ပါကြောင်း၊ အဆိုပါရပ်ကွက်များအတွက် သောက်သုံးရေရရှိရန် ရေကန် ၅၀ ကျော်ရှိပါကြောင်း၊ ယခုနှစ်နွေရာသီတွင် ရေဂါလန် သုံးသန်းခွဲကျော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အထောက်အကူပြုအဖွဲ့များပူးပေါင်း၍ စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း။

ကြည့်မြင်တိုင်တစ်ဖက်ကမ်းရပ်ကွက်များသို့ ရေပေးဝေရေးစနစ်များ တည်ဆောက်နိုင်ရေးအတွက် မြေအောက်ရေထုတ်ယူသုံးစွဲရန် မြေအောက်ရေအရင်းအမြစ်မှပေးဝေရန် ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရေချိုရေသန့်လုံလောက်စွာ ဖြန့်ဖြူးနိုင်မည့် ဂျပန်နိုင်ငံအစိုးရမှ ODA LOAN ရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်း ပထမအဆင့်ပြီးစီးပါက ကြည့်မြင်တိုင် တစ်ဖက်ကမ်းရပ်ကွက်များအပါအဝင် လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် အလုံမြို့နယ် အစရှိသော ရန်ကုန်အနောက်ပိုင်းမြို့နယ်များသို့ သောက်သုံးရေဂါလန်သန်း ၆၀ ပေးဝေနိုင်ရန် စီမံထားရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်က **ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်းကျေးရွာနှင့် ဟံသာဝတီကျေးရွာတို့ရှိ အထက်တန်းကျောင်းခွဲများအား အခြေခံပညာအထက်တန်းကျောင်းအဖြစ်လည်းကောင်း၊ လာဘို့ကျေးရွာ၊ မောက်လင်းကျေးရွာနှင့် နှမ်းခါးကျေးရွာတို့ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲများအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ဘော်ပြင်းကျေးရွာရှိ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဂန့်ဂေါမြို့နယ် ဟံသာဝတီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လာဘို့အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ မောက်လင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဘော်ပြင်းအခြေခံပညာမူလတန်းလွန်ကျောင်းတို့အား သတ်မှတ်မူဘောင်နှင့်မကိုက်ညီပါသဖြင့် ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိပါကြောင်း၊ နှမ်းခါးအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ တောင်ခင်ရန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ကို အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြေအောက်ရေသုတေသနနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်သင့်

**နေပြည်တော် ဇွန် ၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေထုတ်ယူသုံးစွဲမှုကို သုတေသနပြုလုပ်၍ မှတ်တမ်းတင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က မြေအောက်ရေနှင့်သက်ဆိုင်သည့် ဥပဒေပြုမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နည်းပညာ၊ ကျွမ်းကျင်မှု၊ အစိုးရဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အချိန်ယူဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း မြို့နယ်များ၏ မြေအောက်ရေသုတေသနနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းကို နိုင်ငံတော်အဆင့် ဖွဲ့စည်းထားရှိသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး ဦးခင်ဇော်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **မြန်မာခိုင်းနွားများအား စည်ပင်သာယာမှ ခွင့်ပြုချက်အပြင် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းခြင်းများအား အခြားမည်သည့် ဥပဒေနှင့် အရေးယူဆောင်ရွက်နေသည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ရှင်းလင်းဖြေကြားပေးပို့ချက်များအရ နိုင်ငံတစ်ဝန်းလုံးတွင် စည်ပင်သာယာအဖွဲ့များမှ သားသတ်ခြင်းလုပ်ငန်းအား စည်းကမ်းချက်များအတိုင်း သတ်မှတ်ထားသည့် သားသတ်ကောင်ရေအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် အပို-အခြားနည်းဖြင့် သားသတ်ခြင်းလုပ်ငန်း၊ ဝယ်ယူရောင်းဝယ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းများကို စစ်ဆေးတွေ့ရှိပါက ပြည်နယ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာအဖွဲ့ ဥပဒေအရလည်းကောင်း၊ ၂၀၁၂ ခုနှစ် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ (၄)နှင့် ပုဒ်မ(၅)အရလည်းကောင်း၊ ၁၉၄၇ ခုနှစ် အရေးကြီးကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ (၄)နှင့် ပုဒ်မ(၅)အရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **လှေစီးပြေး ရွှေ့ပြောင်းသူများနှင့် ပတ်သက်၍ ပြတ်သားသောမူဝါဒချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အရေးတကြီးအဆို**နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံတော်၏ မူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်းနှင့်ပတ်သက်၍ နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများ၊ လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာမှုများအပေါ် အရေးယူဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အဆိုနှင့်ပတ်သက်၍ တပ်မတော်၏ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုသည်။ **(သတင်းစဉ်)**




# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဆိုင်းဘုတ်တင်ပွဲကျင်းပ

**လားရှိုး ဇွန် ၈**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီမှဦးဆောင်၍ လားရှိုးမြို့ နားမခေါ် အဝေးပြေးကားဝင်းနှင့် မန်ဆူကားဝင်းတို့၌ ဆိုင်းဘုတ်များ၊ နံရံကပ်စာစောင်များကပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သိန်းနှင့် အဖွဲ့ဝင်များ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် စီမံကိန်းဦးစီးဌာန ခေတ္တပြည်နယ်မှူး ဦးစီးအရာရှိ ဦးကြည်နိုင်၊ ယာဉ်လိုင်းပေါင်းစုံမှ ဂိတ်မှူးများက မူးယစ်ဗဟို၏ စာတန်းများဖြစ်သော "ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူညီစို့" ပိုစတာ၊ ဆိုင်းဘုတ်များချိတ်တင်၍ နံရံကပ်စာစောင်များကပ်ကာ လက်ကမ်းစာစောင်များကို လိုက်လံပေးဝေခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

# ပဲခူးခရိုင်အတွင်း မဲစာရင်းများ မဲရုံအလိုက် အသိပေးကြေညာထား

**ပဲခူး ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အဖွဲ့ဝင်များသည် ဇွန် ၈ ရက် မွန်းလွဲပိုင်းက တတိယအကြိမ် အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးနှင့် မဲဆန္ဒရှင်များ မဲစာရင်းတွင် မိမိတို့အမည် ပါ၊ မပါ သိရှိနိုင်ရန် ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်း အသိပေးကြေညာဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု ထူထောင်သည့်(၆၅)နှစ်မြောက်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်




**ရန်ကုန် ဇွန် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုထူထောင်သည့် (၆၅)နှစ်မြောက်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်ဧည့်သည်တော်များသည် နှစ်နိုင်ငံ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရန်ဟိုလန်တို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာရန်ဟိုလန်နှင့်ဇနီးတို့က မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုထူထောင်သည့် (၆၅)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ဓာတ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ တက်ရောက်လာကြသော ဧည့်သည်တော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

❐

**○ကျန်းမာရေးဆိုင်ရာအသုံးငွေမှ**

ဤအရိုးရောဂါအထူးကုဆေးရုံကြီးမှ အရိုးဘက်ဆိုင်ရာ ရောဂါများကို နိုင်နင်းစွာကုသမှုပေးနိုင်ခြင်းအားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပေါ် ပိုမိုကျရောက်လာမည့် တာဝန်များကို မျှဝေထမ်းဆောင်သွားနိုင်စေရန်ဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အား၊ စက်ပစ္စည်းလိုအပ်ချက်နှင့် ဝန်ထမ်းများ၏ လူမှုရေးလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်ကာလတွင် ကျန်းမာရေးဆိုင်ရာ အသုံးငွေများကို လေးဆ၊ ငါးဆအထိ တိုးမြှင့်သုံးစွဲလျက်ရှိရာ ယခုဆိုလျှင် ၇၈၃ ဘီလီယံအထိ ကျခံသုံးစွဲလျက်ရှိကြောင်း၊ သို့သော် လိုအပ်ချက်များလည်းရှိနေဦးမည်ဖြစ်ကြောင်း။

ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုအားကိုလည်း ရယူဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အရိုးရောဂါ အထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ခုတင်(၃၀၀)ဆံ့ ရန်ကုန်အရိုးအထူးကုဆေးရုံကြီးသည် ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းတွင်တည်ရှိပြီး ၁၄ ဒသမ ၇ ဧက ကျယ်ဝန်းသည်။ ၁၈၉၅ခုနှစ်တွင် ခရစ်ယာန်သာသနာပြုအဖွဲ့၏ အနာကြီးရောဂါ လူနာများနှင့် မသန်မစွမ်းလူနာ၊ နာတာရှည်လူနာများကို စောင့်ရှောက်ပေးသော ဂေဟာဖြစ်ခဲ့ပြီး ၁၉၇၆ခုနှစ်တွင် အရိုးရောဂါ အထူးကုဆေးရုံကြီးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် ခုတင်(၃၀၀)ဆံ့ အရိုးရောဂါကုသရေးနှင့် သင်ကြားရေး ဆေးရုံကြီးအဖြစ် အရိုးရောဂါဆိုင်ရာ Doctorate ဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ အရိုးရောဂါသူနာပြု ဒီပလိုမာနှင့် ဘွဲ့ကြိုသင်တန်းများကို စာတွေ့လက်တွေ့ပုံ မှန်သင်ကြားပေးလျက်ရှိပြီး နေ့စဉ်ပျမ်းမျှပြင်ပလူနာ ၁၅၀မှ ၂၅၀နှင့် တစ်လလျှင် ခွဲစိတ်လူနာ ၃၀၀မှ ၅၀၀အထိ လက်ခံကုသပေးလျက်ရှိသည်။

လူနာများအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် ခါးရိုးပိုင်းဆိုင်ရာခုတင်(၅၀)ဆံ့ သုံးထပ်တိုးချဲ့ဆောင်သစ်ကို ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက္ကသိုလ်များဆေးရုံ(ရန်ကုန်)၏ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ယဉ်ယဉ်ထွေးက ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တက္ကသိုလ်များဆေးရုံ(ရန်ကုန်)ကို ရန်ကုန်ဒေသတစ်ဝန်းရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်ပြေစေရန် ရည်ရွယ်ဖွင့်လှစ်ပေးထားခြင်း ဖြစ်ကြောင်း၊ တက္ကသိုလ်များနှင့်ဆိုင်သောဆေးရုံများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကြည့်လျှင် နည်းပါးသေးသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ ရန်ကုန်တက္ကသိုလ်များဆေးရုံကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ဝန်ထမ်းများ၊ မိသားစုများနှင့် အသုံးတည့်အောင်ထည့်သွင်းဆောင်ရွက်စေလိုပါကြောင်း၊ လက်ရှိမြေဧရိယာအပေါ်တွင် လိုအပ်သည့် အဆောက်အအုံများကို ထပ်မံတိုးချဲ့ဆောက်လုပ်ရာတွင် ရေရှည်စီမံချက်ဖြင့် ဆောက်လုပ်သွားရန်နှင့် ရန်ကုန်တက္ကသိုလ်ရှိ သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်လည်း စဉ်းစားဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက္ကသိုလ်များဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက္ကသိုလ်များဆေးရုံ(ရန်ကုန်)သည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းတွင်တည်ရှိပြီး ၃ ဒသမ ၁၉၂ ဧကကျယ်ဝန်းသည်။ ၁၉၂၇ခုနှစ်တွင် မြန်မာအမျိုးသားဗိသုကာပညာရှင် ဦးသာထွန်းက ပုံစံပြုလုပ်၍ ပင်မဆောင်ကိုဆောက်လုပ်ခဲ့သည်။

၁၉၂၈ခုနှစ်တွင် ဆေးရုံဆောက်လုပ်ပြီးစီးသဖြင့် ဇွန် ၃ ရက်တွင် ဆင်နေတိုရီယမ်(Sanatorium)အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ မူလက ကျောင်းသားကျောင်းသူများအတွက် ခုတင် ခြောက်လုံးနှင့် အလုပ်သမားများအတွက် ခုတင် ခြောက်လုံးထားရှိပြီး ဆေးကုသခဲ့ကာ ၁၉၆၃-၆၄ခုနှစ်တွင် (U)ပုံတစ်ထပ်တိုက်ကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။

ထို့နောက် ၁၉၆၈ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ခုတင်(၁၀၀) ဆံ့ပြည်သူ့ဆေးရုံအဖြစ် အဆင့်မြှင့်ဖွင့်လှစ်ခဲ့သည်။

လက်ရှိကာလတွင် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် ၂၄ နာရီကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရန်ကုန်မြို့ရှိ အခြားတက္ကသိုလ်များတွင် ဆေးခန်းဖွင့်လှစ်ပေးခြင်းနှင့် ဆေးခွင့်များကိုစစ်ဆေးထောက်ခံပေးခြင်း၊ အလုပ်ခန့်မည့် ဝန်ထမ်းများနှင့် နိုင်ငံခြားပညာတော်သင် သွားရောက်ကြမည့်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ကျောင်းကျန်းမာရေးဆိုင်ရာသင်တန်းများပေးခြင်း၊ နာမကျန်းသူများအတွက် စာစစ်ဌာနဖွင့်လှစ်ပေးခြင်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများနှင့် မျက်စိကုသမှုဌာနဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်များဆေးရုံ(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ပြည်တွင်းရေးရာ

# လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကြီးဖြင့် အနားသတ်နိုင်မည်ဆိုပါက သမိုင်းတာဝန်ကျေပွန်မည်ဟု ဆိုနိုင်မည်

နေပြည်တော် ဇွန် ၈

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ Australian National University (ANU)၌ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်နှင့် ၆ ရက်က ကျင်းပခဲ့သည့် "မြန်မာ့ရေးရာဆွေးနွေးပွဲ(၂၀၁၅)၊ ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာခြင်း"ကွန်ဖရင့်သို့ ANU ၏ ဖိတ်ကြားချက်အရ တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားသည်။**(အောက်ပုံ)

အခမ်းအနားတွင် ANU Myanmar Research Centre Launch နှင့်ပတ်သက်၍ ANU College of Asia and the Pacific ၏ Dean ဖြစ်သော Professor Veronica Taylor, Associate Professor Helen James, ANU College of Arts and Social Sciences မှ Dr. Charlotte Galloway နှင့် ANU မှ ဒေါ်ခင်သီတာအေးတို့က ဆွေးနွေးကြသည်။

မျက်မှောက်နိုင်ငံရေးနှင့် ပတ်သက်၍ University of Washinton မှ Associate Professor Mary Callahan က A perfect storm? Politics, elections and the peace process in 2015 ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားပြီး University of New South Wales (UNSW)မှ Dr. Morten Pedersen က ဆွေးနွေးသည်။

မျက်မှောက်ခေတ်စီးပွားရေးနှင့်ပတ်သက်၍ Sydney University of Technology မှ Professor Mike Woods ၊ Australian Treasury ဒေါ်နုနုဝင်း၊ Centre for Policy Development မှ Mr. Sam Hurley တို့ကလည်းကောင်း၊ ANU East Asian Bureau of Economic Research နှင့် Crawford School of Public Policy က Key findings from the Myanmar Trade and Investment Strategy Consultation Paper ကို လည်းကောင်း စာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ANU Department of Political and Social Change မှ Dr. Nick Cheesman ရေးသားသည့် Opposing the rule of Law; How Myanmar's courts make law and order (Cambridge University Press)စာအုပ်နှင့် ပတ်သက်၍ University of Washington မှ Associate Professor Mary Callahan ၊ Griffith University မှ Adjunct Associate Professor Andrew Selth နှင့် UNSW မှ Dr. Melissa Crouch တို့က ဆွေးနွေးကြသည်။

ဆက်လက်၍ Borderland conflicts and peace negotiations ခေါင်းစဉ် ပထမပိုင်းတွင် Myanmar Peace Center မှ Dr. Min Zaw Oo၊ University of Hong-kong မှ မဆုမွန်သဇင်အောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ANU မှ Dr. Nicholas Farrelly တို့က စာတမ်းများဖတ်ကြားသည်။

ဆက်လက်၍ မြန်မာဘာသာဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ဒေါက်တာမင်းဇော်ဦး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီမှ ဦးကျော်မင်း၊ မဆုမွန်သဇင်အောင်၊ ဦးခင်မောင်ရင်၊ မောင်နိုင်ကိုကိုနှင့် မခင်ခင်မရတို့က ဆွေးနွေးကြသည်။

ကွန်ဖရင့် ဒုတိယနေ့ကို ဇွန် ၆ ရက်တွင် ဆက်လက်ကျင်းပရာ Border Land conflicts and Peace negotiations ခေါင်းစဉ် ဒုတိယပိုင်း၊ Communal violence and the 'Western gateway'' with Bangladesh ၊ Electoral politics and Legislature the many dimensions of conflict စသည်ဖြင့် ခေါင်းစဉ်များခွဲ၍ စာတမ်းများ ဖတ်ကြားဆွေးနွေးကြရာ Deakin University၊ Monash University၊ City University of Hongkong၊ Oxford University၊ University of Melbourne၊ International Research Institute of Bangladesh၊ Macquarie University ၊ University of Yangon၊ National Taiwan University၊ University of Tasmania နှင့် Australian National University မှ ပညာရှင်များ တက်ရောက်ကြသည်။




၂၀၁၅ Myanmar Update ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အနောက်နိုင်ငံ မီဒီယာအချို့က **"မြန်မာ့နွေဦး"**ဟု တင်စားခေါ်ဝေါ်နေကြသည့် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲကို နိုင်ငံတကာက စိတ်ဝင်စားသည့်အတွက် မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် နှစ်ထောင်းအားရဖြစ်ပါကြောင်း၊ **"မြန်မာ့ဒီမိုကရေစီအပြောင်းအလဲစတင်ပုံ၊ သဘောသဘာဝနှင့် ရောက်ရှိနေသည့်အခြေအနေ၊ ရှေ့အလားအလာ"**စသည့် မေးခွန်းများ၏အဖြေကို သိချင်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲတွင် ထဲထဲဝင်ဝင် ပါဝင်ခဲ့သူတစ်ဦးအနေဖြင့် ၎င်းမေးခွန်းများကို ဖြေကြားပေးရန် တာဝန်ရှိသည်ဟု ခံယူထားပါကြောင်း၊ ရရှိသည့်အချိန်တိုအတွင်း အနှစ်ချုပ်တင်ပြသွားမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် စဉ်းစားဆင်ခြင်မိသည့် သမိုင်းဆိုင်ရာကောက်ချက်အချို့ကို ကြားဖြတ်တင်ပြလိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအရေးမှာ ယနေ့အချိန်ထိ မဖြေရှင်းနိုင်သေးသည့် **"အခြေခံပြဿနာ"**နှစ်ရပ်ရှိကြောင်း၊ ပထမအချက်မှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဗဟိုအစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားလူမျိုးစုများကြား ပြဿနာဖြစ်ပြီး ဒုတိယအချက်မှာ ၁၉၆၂ ခုနှစ် နောက်ပိုင်း အစိုးရအဆက်ဆက်နှင့် ပြည်သူလူထု၏ ဆက်ဆံရေးပြဿနာဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်နောက်ပိုင်း အစိုးရများသည် တပ်မတော်နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသဖြင့် ၎င်းအချက်ကို **"အရပ်ဘက် စစ်ဘက် ဆက်ဆံရေး"**ဟု ဆိုနိုင်ပါကြောင်း။

၎င်းပြဿနာနှစ်ရပ်ကို ဖြေရှင်းရမည့် တစ်နည်းအားဖြင့် မြန်မာ့ဒီမိုကရေစီရေးတွင် ရှောင်လွှဲမရနိုင်သည့် သမိုင်းပေးအမွေများလည်း ရှိနေပါကြောင်း၊ ၎င်းတို့မှာ စွဲခိုင်နေပြီဖြစ်၍ **"မြန်မာ့နိုင်ငံရေးဝလေ့"**ဟုလည်း ဆိုနိုင်ကြောင်း၊ ၎င်းတို့မှာ နှုန်းစံအစွဲသန်မှု၊ ရယ်ဒီကယ်အစွဲသန်မှု၊ ဂိုဏ်းဂဏအစွဲသန်မှုနှင့် ပုဂ္ဂိုလ်ကိုးကွယ်မှုတို့ဖြစ်ကြောင်း၊ ၎င်းသမိုင်းအမွေများကို နှလုံးသွင်းနိုင်မှသာ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ စိန်ခေါ်ချက်များကို ထဲထဲဝင်ဝင် သိမြင်နိုင်မည်ဟု ဆင်ခြင်မိကြောင်း။

အပြောင်းအလဲတွင် မိမိတို့ကြုံတွေ့ခဲ့ရသော ဒီမိုကရေစီအပြောင်းအလဲ၏ ပထမအကြိမ်ကြိုးပမ်းမှုသည် **"၁၉၈၈ ဒီမိုကရေစီအုံကြွမှုကြီး"**ဟုဆိုနိုင်ကြောင်း၊ ဒုတိယအကြိမ်ကြိုးပမ်းမှုသည်**"၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး"** ဟု ဆိုနိုင်ကြောင်း၊ ၎င်းအပြောင်းအလဲပုံစံသည် ပါမောက္ခ ရှမစ်ထာ ရည်ညွှန်းသည့် **"သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲ(Imposed Transition)"**နှင့် သဘောသဘာဝခြင်း နီးစပ်တူညီသည်ဟု ယူဆရကြောင်း၊ ၎င်းပုံစံ၏ ထူးခြားချက်မှာ အခြားသောဒီမိုကရေစီအပြောင်းအလဲပုံစံများကဲ့သို့ လူထုအုံကြွမှုနှင့် စတင်ခြင်းမဟုတ်ကြောင်း၊ တည်ဆဲအစိုးရက စတင်လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်၍ **"အထက်က လာသည့်အပြောင်းအလဲ"**ဟု ဆိုနိုင်ကြောင်း။

ငါးနှစ်တာကာလ အတွေ့အကြုံများအနေဖြင့် အစိုးရသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်မှုဖြစ်စဉ် သုံးရပ်ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ခဲ့ရကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ၎င်းဖြစ်စဉ်များအနက် အရှိန်အဟုန်အမြင့်ဆုံး၊ ပြည်တွင်းပြည်ပမှ အသိအမှတ်ပြုလက်ခံမှု အရရှိဆုံးဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေး ကြွေးကြော်သံဖြင့် အစပြုခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတ၏ ကတိသစ္စာပြုအဖွင့်မိန့်ခွန်း၌ပင် **"တိုင်းပြည်ကောင်းရာ ကောင်းကြောင်းအတွက် သဘောကွဲလွဲမှုတွေကို ဘေးဖယ်ပြီး အတူလက်တွဲကြိုးပမ်းကြပါစို့"**ဟု နိုင်ငံရေးအင်အားစုအားလုံးကို တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊ လက်တွေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပြီး NLD ကို တရားဝင်နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရန် လမ်းဖွင့်ပေးနိုင်ခဲ့ကြောင်း၊ တစ်ဆက်တည်းတွင် နိုင်ငံရေးအကျဉ်းသားများကို ဆက်တိုက်လွှတ်ပေးပြီး**"ဖြေလျှော့ရေး (Liberarization)"** ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတွင် ထင်ရှားသည့် သာဓကများ အနေဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့သည့် ဖြေလျှော့ရေးဆိုင်ရာ ဥပဒေများဖြစ်ကြောင်း၊ အစိုးရသစ်၏ သက်တမ်းတစ်နှစ်အတွင်း၌ပင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့် အလုပ်သမားအဖွဲ့အစည်းဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

သို့ရာတွင် **"အဖွဲ့အစည်းမူဘောင်တည်ဆောက်ရေး (Institutionalization)"** ဖြစ်စဉ်၌ ကာလရှည်အဆက်ပြတ်မှု၊ ကျွမ်းကျင်ပညာရှင်ရှားပါးမှု စသည့် လိုအပ်ချက်များကြောင့် စိတ်ရှိလက်ရှိဖြင့် အရှိန်မမြှင့်နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိမိတို့ အင်စတီကျူးရှင်းများ၏ စွမ်းဆောင်ရည်မှာ ဖြေလျှော့ရေးဖြစ်စဉ်၏ မြန်နှုန်းကို မထိန်းချုပ်နိုင်၍ ၂၀၁၃ ခု၊ နှစ်ကုန်ခန့်မှစတင်ပြီး မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ "မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ အဓိကပြဿနာသည် ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန် မြင့်မားလွန်းနေခြင်းပင်ဖြစ်ကြောင်း" ဟု အီကိုနောမစ် မဂ္ဂဇင်းကြီးက ဝေဖန်ထောက်ပြခဲ့ပါကြောင်း၊ ၎င်းဝေဖန်ချက်ကို မိမိတို့အနေဖြင့် ယေဘုယျ သဘောတူပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက်မှာ တံခါးပိတ်အမိန့်ပေးစီးပွားရေးစနစ်မှ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို လှည့်ပြောင်းနိုင်ရန်ဖြစ်ကြောင်း၊ ၎င်းရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကဲ့သို့ အရှိန်မမြှင့်နိုင်ခဲ့သော်လည်း အရေးကြီးသည့် အောင်မြင်မှုအချို့ကို ဆောင်ကြဉ်းပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ကာလကြာမြင့်စွာ တရားဝင်နှင့် လက်တွေ့ပေါက်ဈေး များစွာကွာဟနေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းကို **"စီမံခန့်ခွဲမှုနှင့်ယှဉ်သည့် အရှင်မျောစနစ်"**နှင့် ပြန်လည်ထိန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကူးသန်းရောင်းဝယ်ရေးနှင့် အခွန်ဆိုင်ရာ ပြင်ဆင်မှုဥပဒေများ၊ မြေယာစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် "အသေးစားချေးငွေဆိုင်ရာဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ"များကို ပြဋ္ဌာန်းပေးပြီး အရင်းအနှီးလိုအပ်ချက်ပြဿနာကို ဖြေရှင်းပေးရန် လမ်းဖွင့်ပေးနိုင်ခဲ့ပါကြောင်း၊ သို့ရာတွင် မိမိတို့၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သော ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အားကြိုးမာန်တက် ဆောင်ရွက်နေဆဲသာရှိပါကြောင်း၊ ၎င်းမှာလည်း အချိန်တိုအတွင်း ကျော်လွှားနိုင်ရန် မလွယ်ကူသည့် အတိတ်၏ စီးပွားရေးအရိပ်များနှင့် သက်ဆိုင်ပါကြောင်း၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်ရချိန်တွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေသည် **"အဆင့်နိမ့် စက်မှုထူထောင်ရေး"**မျှသာ ရှိပါသေးကြောင်း၊ ၎င်းအပြင် မအောင်မြင်ခဲ့သည့် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အကျိုးဆက်အနေဖြင့် အားနည်းချည့်နဲ့လှသည့် ဘဏ်လုပ်ငန်းနှင့် ပုံပျက်မှုများ၊ စွမ်းဆောင်ရည်မပြည့်မှုများကို အမွေဆက်ခံခဲ့ရပါကြောင်း၊ ၎င်းအခြေအနေကြားမှပင် တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုနှုန်းကို သိသာစွာ တိုးတက်လာစေရန် စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်နှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်းဟု သိရပါကြောင်း။

ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်မှု၏ ရည်မှန်းချက်မှာ အထက်တွင် မိမိပြောကြားခဲ့သည့်အခြေခံ ပြဿနာကြီးနှစ်ရပ်အနက်မှ ပထမတစ်ခုကို ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲနေသော ပြည်တွင်းစစ်ဖြစ်နေသည့် အနေအထားမှ အမျိုးသားပြန်လည်သင့်မြတ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိသည့် အခြေအနေရောက်ရှိရန် လှည့်ပြောင်းနိုင်ရေးပင်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ်ကိုလည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကဲ့သို့ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလွန်တိုတောင်းလှသည့် အချိန်ကာလတစ်ခုအတွင်း၌ပင် လူမျိုးစုလက်နက်ကိုင်အင်အားစု (၁၁)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူနိုင်ခဲ့ကြောင်း၊ အဓိက လက်နက်ကိုင်အင်အားစုအနေဖြင့် ကချင်လက်နက်ကိုင်အဖွဲ့(KIO)တစ်ဖွဲ့သာ ကျန်ရှိပါကြောင်း၊ သို့ရာတွင် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရန် ဆက်လက်ကြိုးပမ်းစဉ် ကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့များသည် လျော့မသွားဘဲ တိုးရွေ့သာလာခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအနေဖြင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်း(၁၆)ဖွဲ့ ပါဝင်သည့် "တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)"ကို ဖွဲ့စည်းပြီး National Ceasefire Accord ကို စိတ်ရှည်လက်ရှည် ညှိနှိုင်းနေပါကြောင်း၊ အစိုးရအနေဖြင့် လက်ရှိ NCA ကို သဘောတူသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးပြီး NCA ကိုလက်မှတ်ရေးထိုးကာ တရားဝင်နိုင်ငံရေးဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း။

ခြုံငုံသုံးသပ်ချက်အနေဖြင့် ယခုအခါ မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ၏ ငါးနှစ်တာသက်တမ်းကုန်ဆုံးရန် လအချို့သာ ကျန်ရှိပါကြောင်း၊ ၎င်းအချိန်တွင် မိမိတို့နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်းခန့်က ထွက်ပေါ်လာခဲ့သည့် **"အာရပ်နွေဦး"** အပြောင်းအလဲများကို ကြည့်မည်ဆိုလျှင် ကသောင်းကနင်း ဖြစ်ရပ်မျိုးစုံနှင့် ဝမ်းနည်းဖွယ် အခြေစိုက်နေသည်ကို တွေ့မြင်နေရပါကြောင်း၊ ၎င်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံမှာ ဖြေသိမ့်ဖွယ်အနေအထားများ အပြည့်အဝရှိနေပါကြောင်း၊ **"မြန်မာ့နွေဦး"** ကို နောက်ကြောင်း မပြန်ရန်၊ ရုန်းရင်းဆန်ခတ်အခြေအနေတွင် နစ်မနေစေရန် ထိန်းကျောင်းပေးမှုဖြင့် ခရီးဆက်နိုင်ခြင်းသည်ပင် "မသေးလှသည့်အောင်မြင်မှု"ဟု ဆိုချင်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြင့် အနားသတ်နိုင်မည်ဆိုပါက မိမိတို့၏ ပထမငါးနှစ်သက်တမ်းမှာ သမိုင်းတာဝန်ကျေပွန်မည်ဟုဆိုနိုင်မည် ဖြစ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ်များအနေဖြင့် မိမိသဘောအရဆိုလျှင် ရှေ့လုပ်ငန်းစဉ်သုံးရပ်ကို ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းတို့မှာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို နောက်အကျဆုံး ၂၀၁၅ နှစ်ကုန်ပိုင်းခန့်တွင် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲမတိုင်မီကြားကာလနှင့် ရွေးကောက်ပွဲအပြီး တည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့်လွှတ်တော်နှင့် အစိုးရထံ အာဏာလွှဲပြောင်းနိုင်ရေးတို့ ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းဖြစ်စေ ရွေးကောက်ပွဲအနိုင်ရသည့် အင်အားစုအားလုံးနှင့် လက်တွဲပြီး မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ ရှေ့ခရီးအတွက် ဆက်လက်လုံးပန်းအားထုတ်သွားမည်ဖြစ်ကြောင်း။

ရှေ့အလားအလာအနေဖြင့် မိမိညွှန်းဆိုပြောကြားခဲ့သည့် ပါမောက္ခရှမစ်ထာက **"မြန်မာ့နွေဦး"**ဟု သတ်မှတ်ပြဋ္ဌာန်းပြီး အပြောင်းအလဲပုံစံ၏ သဘောသဘာဝကို **"ဒီပုံစံဟာ မျှော်လင့်ထားတာထက် ပိုရှုပ်ထွေးသိမ်မွေ့လိမ့်မယ်၊ ရှည်ကြာနိုင်တယ်၊ ဆန့်ကျင်ဘက်အင်အားစုတွေ စေ့စပ်ညှိနှိုင်းမှုနဲ့သာ ခရီးဆက်စရာရှိလိမ့်မယ်၊ အချိန်တိုအတွင်း အောင်မြင်နိုင်ဖွယ်ရာမရှိ၊ တဖြည်းဖြည်းနဲ့သာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ကြရမယ့် ဖြစ်စဉ်ဖြစ်လိမ့်မယ်"**စသည်ဖြင့် ဖြစ်ပါကြောင်း၊ ၎င်းမှတ်ချက်အရ စဉ်းစားကြည့်မည်ဆိုလျှင် မြန်မာ့ဒီမိုကရေစီအပြောင်းအလဲ ပထမငါးနှစ်သက်တမ်းကို ဝိုင်းဝန်းဦးဆောင်ခဲ့ကြသည့် မိမိတို့အနေဖြင့် မိမိတို့သက်တမ်းအတွင်း မိမိတို့လုပ်ပေးနိုင်သည်ကို ကြိုးပမ်းလုပ်ဆောင်နေခြင်းသည် နောင်လာမည့် မျိုးဆက်သစ်များအတွက် ခိုင်မာသည့် ဒီမိုကရေစီအုတ်မြစ်ကို အမွေချန်ထားပေးနိုင်ရန်သာ ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်သို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းနှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လိုက်ပါသွားကြသော အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများသည် ဇွန် ၇ ရက် ညနေပိုင်းတွင် ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**(သတင်းစဉ်)**

# တန်ဖိုးနည်းအိမ်ရာပိုင်ဆိုင်မှု အခြေခံလူတန်းစားနှင့် အလှမ်းဝေးနေဆဲ

**အစိုးရသစ်လက်ထက် တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်လျက်ရှိသော်လည်း အခြေခံလူတန်းစားများ အိမ်ရာပိုင်ဆိုင်နိုင်မှုမှာ အလှမ်းဝေးနေဆဲဖြစ်သည်။ လက်ရှိအိမ်ရာစီမံကိန်းများနှင့်ပတ်သက်၍ မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင် ဦးသန်းဦးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်ကို ကောက်နုတ်တင်ပြလိုက်ပါသည်-**

**တွေ့ဆုံမေးမြန်း-သီရိ**

**မေး။ ။ မြို့ပြအိမ်ရာစီမံကိန်းတွေ ဖော်ဆောင်နေပေမယ့်လည်း အခြေခံလူတန်းစားတွေအနေနဲ့ အလှမ်းဝေးနေဆဲဖြစ်တာကြောင့် အိမ်ရာပိုင်ဆိုင်နိုင်ဖို့အတွက် အစိုးရအနေနဲ့ ဘယ်လိုလုပ်ဆောင်သင့်လဲဆိုတာ နိုင်ငံတကာနဲ့ နှိုင်းယှဉ်သုံးသပ်ပေးပါ။**

ဖြေ။ ။ ပြည်ပနဲ့ မတူတာက နိုင်ငံခြားမှာ တော်တော်များများက အိမ်ရာနဲ့ ပတ်သက်ရင် နိုင်ငံတော်အစိုးရရဲ့ ဖြည့်ဆည်းကူညီမှုက တော်တော်လေးပါဝင်ပတ်သက်မှုတွေရှိတယ်။ အရစ်ကျဖော်ဆောင်တဲ့နေရာမှာ ဆောက်လုပ်တဲ့သူကိုလည်း သက်ဆိုင်ရာဘဏ်ကနေ ချေးငွေထုတ်ပေးတာရှိတယ်။ တစ်ချိန်တည်းမှာပဲ နေမယ့်ဝယ်ယူသူအတွက်ကိုလည်း နေနိုင်တဲ့အခြေအနေရှိအောင် ကြားခံဘောင်ထဲကနေတစ်ဆင့် ထုတ်ချေးတာတွေရှိတယ်။ ဒီမှာငွေချေးတယ်ဆိုတာက အိမ်ရှိပြီးသား၊ ပစ္စည်းရှိပြီးသားပိုင်ရှင်တွေကနေ အဲဒီပစ္စည်းကို အပေါင်ခံမှသာလျှင်၊ အာမခံအဖြစ်နဲ့ တင်ပြမှသာလျှင် အပေါင်အဖြစ်နဲ့ ထုတ်ချေးတာပါ။ ပြည်ပမှာက ဘာမှမရှိပေမယ့် သက်ဆိုင်ရာလုပ်ငန်းကုမ္ပဏီတစ်ခုရဲ့ ထောက်ခံချက်နဲ့ အရစ်ကျငွေထုတ်ချေးတယ်။ နှစ်စဉ် သားစဉ်မြေးဆက်ပေးဆပ်သွားကြတာ။ အဲလို အနေအထားမျိုးရှိတယ်။ အဲဒီငွေထုတ်ချေးဖို့အတွက် ကြားခံဘဏ်တစ်ခုပေါ့။ အဲလိုတာဝန်ခံတဲ့ ဘဏ်တွေရှိလာတယ်။ ပုဂ္ဂလိကပဲဖြစ်ဖြစ်ပေါ့။ ဒီမှာက ဆောက်လုပ်ရေးလုပ်ငန်းတွေ ငွေထုတ်ချေးဖို့ဆိုတာ အခုမှစတာ။ ဒါတောင်များများစားစား ထုတ်မချေးနိုင်သေးဘူး။ နေမယ့်အခြေခံလူတန်းစားအတွက်ကလည်း အာမခံပေးမယ့်ဘဏ်ဆိုတာ မရှိဘူး။

**မေး။ ။ လက်ရှိ အိမ်ခြံမြေဈေးတွေမြင့်တက်မှုကို ဘယ်လိုထိန်းချုပ်သင့်ပါသလဲ။**

ဖြေ။ ။ အခွန်စနစ်နဲ့လည်း လုပ်ဆောင်နေတယ်။ နောက်တစ်ခါ တရားမဝင်ငွေကြေးခဝါချမှုကိစ္စတွေ အရေးယူဖို့ စီမံထားတာတွေရှိတယ်။ ဒါပေမယ့်လည်း ထိန်းချုပ်ဖို့ခက်တဲ့ ကိစ္စဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ဈေးကွက်ပုံစံစနစ်နဲ့ပဲ ထိန်းချုပ်လို့ရမယ်။ တခြားအမိန့်ညွှန်ကြားချက်နဲ့ဆိုတာ ခဏပဲရမယ်။ နောက်တစ်ခုက အဂတိလိုက်စားမှုနဲ့ကြိုးနီစနစ်က အခုထိ မပျောက်သေးတဲ့အတွက် တော်ရုံတန်ရုံကိစ္စတွေက လာဘ်ပေးလာဘ်ယူပုံစံမျိုးနဲ့ ကျော်လွှားသွားနိုင်တာတွေက အများကြီးရှိတယ်။ ငွေကြေးခဝါချမှုတွေနဲ့ ပတ်သက်ရင်လည်း အရေးယူမှုရှိတယ်ဆိုတာ မတွေ့ရဘူး။ ဒီလိုအခြေအနေမျိုးမှာ ခိုင်မာတဲ့တားဆီးမှု ရနိုင်မှာမဟုတ်ဘူး။ အဓိကကတော့ နိုင်ငံ့စီးပွားရေး အားကောင်းမှသာလျှင် မြန်မာနိုင်ငံရဲ့ ပေါ်ပင်ဈေးကွက်ဖြစ်တဲ့ အိမ်ခြံမြေဈေးကွက်က သူ့ဟာသူ ပုံမှန်ဖြစ်သွားမှာ။ ဈေးတက်ခြင်း၊ ကျခြင်းကတော့ ဈေးကွက်သဘောတရားအရဖြစ်လာတာ။ ဒါပေမယ့် လက်ရှိတက်တဲ့အနေအထားမျိုးက လက်ခံနိုင်စရာမဟုတ်တဲ့ ပုံမှန်ထက်မြင့်သွားတဲ့ အနေအထားဖြစ်သွားတဲ့အတွက် ဒါက ကောင်းတဲ့ကိစ္စတော့မဟုတ်ဘူး။ အမြင့်ဈေးမှာ အခုဟာက ရပ်တန့်နေတယ်။ တက်လည်း မတက်၊ ကျလည်းမကျ အမြင့်ဈေးမှာရပ်တန့်နေတော့ သာမန်အခြေခံလူတန်းစားအတွက်ကတော့ အိပ်မက်က အိပ်မက်ပဲ လက်လှမ်းမမီနိုင်သေးဘူး။

**မေး။ ။ လက်ရှိအစိုးရသက်တမ်းမှာ ဖော်ဆောင်ခဲ့တဲ့ မြို့ပြအိမ်ရာတွေနဲ့ ပတ်သက်လို့ ဆရာအနေနဲ့ ဘယ်လို အကြံပြုချင်ပါသလဲ။**

ဖြေ။ ။ အိမ်ရာပိုင်ဆိုင်ဖို့ဆိုရင် အပိုင်ဝယ်ဖို့ကိစ္စကို ခဏဘေးချိတ်ထားပြီး အခုဟာကတော့ အငှားအိမ်ရာသဘောမျိုး ဖော်ဆောင်ရမယ့် အနေအထား၊ ဆေးမြီးတို ဖြတ်လမ်းနည်းကုသရတဲ့ အခြေအနေ၊ ယာယီနေထိုင်ဖို့ကိစ္စကို ဖြေရှင်းတဲ့သဘောမျိုးပါ။ အငှားအိမ်ရာတွေဖော်ဆောင်တာရှိတယ်။ ဥပမာ မန္တလေးမှာ မြနန္ဒာအိမ်ရာစီမံကိန်းဆိုရင် ပထမဆုံးနိုင်ငံအတွက် အသက်ပေးသွားတဲ့ တပ်မတော်သားတွေ၊ ဒုတိယ ကိုယ်လက်အင်္ဂါစွန့်လွှတ်သွားရတဲ့ တပ်မတော်သားတွေ၊ တတိယကတော့ အငြိမ်းစားတွေ၊ စတုတ္ထကတော့ ရောင်းပန်းဝယ်ပန်းဖြစ်တဲ့သူတွေ ပေးဖို့ဆိုတာ မုချပေးထားတာမှန်တယ်။ မဲတွေဘာတွေဖောက်ပြီး ပေးထားတာလည်းမှန်တယ်။ ဒါက မျှမျှတတ မှန်မှန်ကန်ကန်လုပ်တယ်။ ဒါပေမယ့်လည်း ဝယ်ခွင့်ရတဲ့သူတွေဆီမှာ အဲဒီအိမ်ရာတန်ဖိုးလောက်ကို ပေးချေနိုင်တဲ့ငွေမရှိဘူး။ မဲတော့ပေါက်တာမှန်တယ်။ အိမ်ရာအတွက်ငွေသွင်းဖို့ မလာကြဘူး။ ဒါကြောင့်မို့ ခုနပြောသလို တစ်ဖက်က ဆောက်ပေးတာမှန်တယ်။ ဝယ်နိုင်သူတွေအတွက်ကလည်း အာမခံချက် နှစ်ရှည်တစ်လမှာ သုံး၊ လေးသောင်းပေးနိုင်တဲ့သူ၊ လက်ရှိအိမ်ငှားနေတဲ့ စရိတ်လောက်ပဲပေးနိုင်တဲ့ ဝင်ငွေမျိုးဆိုရင် တစ်ချိန်သတ်မှတ်တဲ့ကာလအတွင်းမှာ အိမ်ပိုင်ရသွားမှာ။ အခုဟာက ငှားနေတာက ငှားတဲ့ကာလပြီးသွားရင် ဒီပေးတဲ့ငွေအငှားခပျောက်သွားတာ မရှိတော့ဘူး။ အဲဒီလိုငှားခ လစဉ်ပေးရတဲ့ငွေမျိုးဟာ မိမိအိမ်ရာပိုင်ဆိုင်ဖို့အတွက် အရင်းအနှီး စုဆောင်းငွေ၊ စုဘူးထဲထည့်တဲ့ငွေမျိုး ပေးချေတဲ့ငွေမျိုးဖြစ်သွားရင် အငှားကာလကုန်ဆုံးသွားလို့ရှိရင် သူက အိမ်ပိုင်ပြီးသားဖြစ်သွားမယ်။ မြန်မာနိုင်ငံမှာက အဲသလိုအိမ်ရာပိုင်ဆိုင်မှုတွေဖြစ်လာမယ်။ အိမ်ရာနဲ့ပတ်သက်ပြီးတော့လည်း လိုအပ်တဲ့အနေအထား ဖြည့်ဆည်းလာနိုင်မယ်ဆိုရင် ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းချုပ်ပြီးသားဖြစ်သွားမယ်။ အိမ်ရာဈေးနှုန်းကျစေချင်တာက လူတိုင်းဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျတိုင်းလည်းမကောင်းဘူး၊ စီးပွားရေးအခန်းကဏ္ဍမှာ စီးပွားရေးအကျပ်အတည်းဖြစ်သွားနိုင်တယ်။ ဒါ့ကြောင့် တော်ရုံတန်ရုံကိစ္စမှာ အတင်းဆွဲချလို့မရတာတွေရှိတယ်။ ဥပမာ ဝတဲ့သူတွေ ပုံမှန်ဖြစ်ချင်လို့ ဝိတ်ချရင် ချနည်းချဟန်မမှန်ရင် ကျန်းမာရေးထိခိုက်နိုင်တယ်။ အဲလိုပဲ အိမ်ရာဈေးနှုန်းဆွဲချတာ ဆွဲချတိုင်းလည်း မကောင်းဘူး။ သူ့ဟာသူ ပုံမှန်လေးဈေးကွက်သဘောတရားအရ ထိန်းကျောင်းပြီးတော့မှ ပုံမှန်အနေအထားလေး၊ သာမန်လူတွေလည်း လက်လှမ်းမီတဲ့ အနေအထားမျိုး၊ ပိုင်ဆိုင်မှုကိုလည်း အာမခံနိုင်တဲ့ အနေအထားမျိုးဖြစ်သွားမှသာလျှင် မှန်ကန်တဲ့ စီးပွားရေးအနေအထားဖြစ်မယ်။

> **ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းလိုနေရာတွေ ဖော်ထားတဲ့အကွက်တွေ အများကြီး သောင်းနဲ့ချီရှိတယ်။ အကုန်လုံးကွင်းပြင်တွေပဲ။ အကုန်လုံးက တိုင်တွေ၊ ခြံတွေစိုက်ပြီး ဘယ်သူမှမနေကြဘူး။ ဘာကြောင့်မနေလဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးမကောင်း၊ ရေ၊ မီးရရှိရေးကလည်း အာမခံချက်မရှိ၊ လုံခြုံရေးကလည်း ရဲစခန်းအင်အားမရှိ၊ ကျောင်းလည်းမရှိ၊ ဈေးလည်းမရှိဘူး။ အသစ်တွေဖော်ဆောင်ပေးဖို့ ပြောတာမဟုတ်ဘူး။ ဖော်ဆောင်ပြီးသားနေရာတွေမှာ နေလို့မရလို့မနေတာ။**



ဦးသန်းဦး။

**မေး။ ။ လက်ရှိတန်ဖိုးနည်း၊ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းတွေကို အခြေခံလူတန်းစားတွေအနေနဲ့ ဝယ်ယူနိုင်ဖို့ဆိုရင် အစိုးရအနေနဲ့ ဘယ်လိုအကောင်အထည်ဖော်သင့်တယ်လို့ ဆရာအကြံပြုချင်ပါသလဲ။**

ဖြေ။ ။ အဓိကကတော့ နိုင်ငံတစ်ခုလုံး ပမာဏအတိုင်းအတာနဲ့ ပြောရမယ်ဆိုရင် ပြည်သူတွေ တစ်ဦးချင်းဝင်ငွေမြင့်လာဖို့လိုတယ်။ အခုအချိန်မှာက တစ်ဦးချင်းဝင်ငွေနည်းနေတာကိုး။ ဒီမှာက တစ်နှစ်ကို အမေရိကန်ဒေါ်လာ တစ်ထောင်ပဲရှိတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှာဆိုရင် အမေရိကန်ဒေါ်လာ ငါးထောင်ဖြစ်နေပြီလေ။ ဒါကြောင့် ရွှေ့ပြောင်းလုပ်ငန်းတွေလုပ်နေကြတယ်။ မဆလ(မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်) ပါတီ အစိုးရလက်ထက်တုန်းက ဦးနှောက်ယိုစီးမှုပဲဖြစ်ခဲ့တာ။ အခုဟာက ဦးနှောက်ယိုစီးမှုပဲ မဟုတ်ဘူး။ လုပ်သားယိုစီးမှုတွေပါဖြစ်လာတယ်။ ဝယ်နိုင်ဖို့ အင်အားကောင်းလာဖို့ဆိုတာက တစ်ဦးတစ်ယောက်ဝင်ငွေ မြင့်လာမှသာလျှင်၊ လူများစု တစ်ပြေးညီမြင့်လာမှသာလျှင် အိမ်ရာလိုအပ်ချက်အတွက် သူတို့လိုအပ်တဲ့ငွေ စုဆောင်းပြီး ဝယ်နိုင်မယ်။ တစ်ဖက်ကလည်း အဲလို အိမ်ရာစီမံကိန်းတွေ များများစားစား ဖော်ထုတ်ပေးနိုင်မှ အခု တန်ဖိုးသင့်၊ တန်ဖိုးမျှတလို့ ဗိုလ်ဗထူး၊ ရတနာ၊ ရွာဝဏ်၊ ဗိုလ်မင်းရောင် အိမ်ရာတွေက အင်မတန်ကောင်းပါတယ်။ များများထပ်ပြီး ဖော်ဆောင်ပေးရမယ်။ ဒါပြီးရင် ရပ်သွားလို့ မရဘူး။ နောက်တစ်ချက်က ကြားဖြတ်ဆေးမြီးတိုသဘောလို ယာယီကုစားတဲ့ဟာမျိုး အငှားအိမ်ရာဖော်ဆောင်ပေးရမယ်။ ဥပမာ ရွှေလင်ပန်းအငှားအိမ်ရာလို စည်ပင်ကနေ အကောင်အထည်ဖော်တဲ့ဟာမျိုး အဲဒါတွေကိုလည်း များများဖော်ဆောင်ပေးရမယ်။ တစ်လကို သုံးလေးငါးသောင်းနဲ့ နေလို့ရမယ့်ဟာမျိုးပါ။ ဒီလိုဖော်ဆောင်ပေးမှသာလျှင် အမှန်လိုအပ်တဲ့သူတွေအတွက် အဆင်ပြေမယ်။ နောက်ပြီးကျူးကျော်သူတွေအတွက်ပါ အဆင်ပြေသွားမယ်။ လှိုင်သာယာဘက်မှာ ထောင်နဲ့သောင်းနဲ့ချီပြီးရှိတယ်။ ဒါမှမဟုတ်ရင် ပရမ်းပတာ အိမ်ရာစနစ်ကြီးက ဒီတိုင်းပဲသွားနေမှာပဲ။

**မေး။ ။ လက်ရှိ ရန်ကုန်မြို့မှာ အိမ်ရာလိုအပ်ချက် ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ လွန်ခဲ့တဲ့လေးငါးနှစ်လောက်က မြန်မာနိုင်ငံဗိသုကာပညာရှင်တွေ ထုတ်ပြန်ထားတာရှိတယ်။ အထူးသဖြင့် ရန်ကုန်မြို့မှာ အိမ်ရာလိုအပ်ချက်က တစ်နှစ်ကို အိမ်ရာပေါင်း ၂၅၀၀၀ လောက် လိုအပ်တယ်လို့ ခန့်မှန်းထားတယ်။ ဒါပေမယ့် လက်တွေ့ ၂၀၁၅-၂၀၁၆ မှာ ပေါ်ပေါက်လာမယ့် အိမ်ရာအခန်းပေါင်းက ၃၀၀၀၀ ဝန်းကျင်ရှိမယ်။ ခုနပြောတဲ့ တန်ဖိုးသင့်၊ တန်ဖိုးမျှတ ဗိုလ်ဗထူးအိမ်ရာတို့၊ ရွှေလင်ပန်းတို့ပေါ့။ လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်းတော့ ဖြည့်ဆည်းလာနိုင်ပြီ။ အစပြုပြီးတော့ ဖြည့်ဆည်းနိုင်ပြီ။ သို့သော်လည်း ဖြည့်ဆည်းနိုင်ဖို့က အများကြီးလိုသေးတယ်။ ဒါကြောင့် ဒီစီမံကိန်းတွေရဲ့ အရှိန်တွေကို ရပ်တန့်သွားခြင်း၊ လျော့သွားခြင်း မရှိအောင် ဆက်လက်ပြီးမြှင့်တင်ဖို့ လိုပါတယ်။

**မေး။ ။ အခြေခံလူတန်းစားတွေ အိမ်ရာဝယ်ယူနိုင်ဖို့အတွက် အစိုးရအနေနဲ့ ဘယ်လိုထောက်ပံ့မှုတွေ လုပ်ဆောင်ပေးသင့်လဲ။**

ဖြေ။ ။ အိမ်ရာလိုအပ်ချက်အတွက် အိမ်ရာအခန်းကဏ္ဍ ဆောက်လုပ်ရေးကဏ္ဍမှာလည်း ပြည်သူရဲ့အိမ်ရာ ဘတ်ဂျက်တွေကို တိုးမြှင့်သုံးစွဲပေးဖို့လိုပါတယ်။ အဲလိုသုံးစွဲခြင်းအားဖြင့် အိမ်ရာတွေအများကြီး ဖော်ဆောင်ပေးဖို့ လိုပါတယ်။ ရှိပြီးသား၊ ဖော်ဆောင်ပြီးသားအိမ်ရာတွေပေါ်မှာလည်း အခြေခံအခင်းအကျင်းတွေ ထပ်ဖြည့်စွက်ဖို့လိုတယ်။ အသစ်တွေဖော်ဖို့ ပြောနေတာမဟုတ်ဘူး။ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းလိုနေရာတွေ ဖော်ထားတဲ့အကွက်တွေ အများကြီး သောင်းနဲ့ချီရှိတယ်။ အကုန်လုံးကွင်းပြင်တွေပဲ။ အကုန်လုံးက တိုင်တွေ၊ ခြံတွေစိုက်ပြီး ဘယ်သူမှ မနေကြဘူး။ ဘာကြောင့် မနေလဲဆိုတော့ လမ်းပန်းဆက်သွယ်ရေး မကောင်း၊ ရေ၊ မီးရရှိရေးကလည်း အာမခံချက်မရှိ၊ လုံခြုံရေးကလည်း ရဲစခန်းအင်အားမရှိ၊ ကျောင်းလည်းမရှိ၊ ဈေးလည်းမရှိဘူး။ အသစ်တွေဖော်ဆောင်ပေးဖို့ ပြောတာမဟုတ်ဘူး။ ဖော်ဆောင်ပြီးသားနေရာတွေမှာ နေလို့မရလို့မနေတာ။ နေလို့ရရင်နေမယ်၊ ယုဇနဉယျာဉ်မြို့တော်လောက်ဆိုရင် နေကြမှာ၊ အရင်လောက် အားစိုက်စရာမလိုတော့ဘူး။ အခြေခံအဆောက်အအုံတွေ ထပ်ဖြည့်ပေးရင်ရပြီ။ဘတ်ဂျက်ခွဲဝေသုံးစွဲတဲ့နေရာမှာ ဘယ်ဟာကို ဦးစားပေးမလဲဆိုတာကို သက်ဆိုင်ရာကော်မတီထဲကသူတွေ စဉ်းစားဖို့လိုတယ်။ လက်ရှိအိမ်ရာ လိုအပ်ချက်ကလည်း အလွန်ကို ကြီးမားနေတယ်။ ဒါကိုလည်း မမေ့မလျော့၊ မချွင်းမချန်ဘဲ ဘတ်ဂျက်ရေးဆွဲတဲ့နေရာမှာ လိုတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ နှစ်ရှည်အရစ်ကျ အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်ဖို့ဆိုရင် ဘယ်လိုအခက်အခဲတွေရှိပါသလဲ။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ နှစ်ရှည်အရစ်ကျစနစ်ဆောင်ရွက်ဖို့ အဆိုရှုံးနိမ့်ခဲ့ဖူးတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ။ အဲဒါကျတော့ အိမ်ခြံမြေကိစ္စတစ်ခုတည်းနဲ့ မပြီးဘူး။ စီးပွားရေးကိစ္စ၊ နိုင်ငံရေးကိစ္စတွေ ပါလာပြီး လိုရင်းပြောရရင် ပြည်သူတွေကို ကိုယ်စားပြုတဲ့၊ ပြည်သူရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် များများစားစားရှိရင် ဒီအခက်အခဲမျိုးတွေကို ကျော်လွှားနိုင်မှာပါ။ ဘာကြောင့်လဲဆိုတော့ အိမ်ခြံမြေပွဲစားလည်း နိုင်ငံသားပါ။ နိုင်ငံသားမှန်သမျှ နိုင်ငံရေးနဲ့ မကင်းဘူး။ လူဆိုတာ နိုင်ငံရေးသတ္တဝါပါ။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တယ်။ လူ့အဖွဲ့အစည်းရဲ့ ဆိုင်ရာမှန်သမျှကို ဖော်ဆောင်နေခြင်းသည်လည်း ဒါနိုင်ငံရေးပဲ။ ပြောချင်တာကတော့ အိမ်ရာအခန်းကဏ္ဍမှာလည်း မမေ့မလျော့ဦးစားပေးပြီး လက်ရှိအခြေအနေမှာ တောင်းဆိုမှုကို ဖြည့်ဆည်းပေးဖို့လိုနေပြီ။ အဲဒီလိုဖြည့်ဆည်းနိုင်ဖို့ဆိုတာကလည်း တင်တဲ့အဆိုတွေ အောင်မြင်ဖို့လိုတယ်။ ဘတ်ဂျက်ဆိုင်ရာငွေကြေးလည်း ပေါများဖို့လိုသလို ပြည်သူတွေက ရွေးချယ်တဲ့ ကိုယ်စားလှယ်တွေဖြစ်ဖို့လိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

# မုံရွာ ဗောဓိတစ်ထောင်သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ကွန်တိုစိုက်ခင်းများ ဆက်လက်ထူထောင်မည်



**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မုံရွာမြို့နယ် ခတ္တကန်တောင်ကျေးရွာရှိ ဗောဓိတစ်ထောင်သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၅ ခုနှစ်မိုးရာသီတွင် ကွက်လပ်ဖြည့်စိုက်ပင် ၄၅၀၀ နှင့် အပင် ၂၅၀ ပါ ကွန်တိုပေါင်စိုက်ခင်းပေါင် ၅၀ အား ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကွက်လပ်ဖြည့် စိုက်ခြင်း၊ ကွန်တိုပေါင်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး "ဗောဓိတစ်ထောင်နယ်မြေက အပူပိုင်းဒေသအတွင်းမှာပါတယ်။ နောက်ပြီး ပြည်တွင်းခရီးသွားတွေနဲ့ နိုင်ငံခြားခရီးသွားတွေ အမြဲမပြတ်ဝင်/ထွက်နေတဲ့ နေရာတစ်ခုဖြစ်တာကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ စိမ်းလန်းစိုပြည်ရေးအတွက် ဆက်လက်စိုက်ပျိုးတာပါ။ ၂၀၁၅ ခုနှစ်မှာလည်း ကွန်တိုတစ်ပေါင်ကို ငါးပင်နှုန်းနဲ့ အပင် ၂၅၀ စိုက်မှာပါ။ ကွန်တိုစိုက်ခင်းတွေကိုတော့ ၂၀၀၇ ခုနှစ်ကတည်းက စစိုက်တာ။ နှစ်စဉ်စိုက်လာတဲ့ ကွန်တိုပေါင်တွေမှာ၊ နောက်ပြီး လမ်းဘေးစိုက်တဲ့အခင်းတွေမှာ သေတဲ့အပင်တွေကို အခုနှစ်မှာ ပြန်လည်ဖာထေးစိုက်ပျိုးမှုအနေနဲ့ အပင် ၄၅၀၀ စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့အပင်တွေအနေနဲ့ တမာ၊ သဘော်ငုစပ်၊ ပိတောက်၊ ယူကလစ်၊ မဲဇလီ၊ ညောင်၊ မြန်မာကုက္ကိုတွေကို စိုက်ပျိုးသွားမှာပါ" ဟု တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဗောဓိတစ်ထောင်သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ်မှစတင်ကာ စိုက်ပျိုးလျက်ရှိရာ ၂၀၁၄ ခုနှစ်အထိ ကွန်တိုပေါင်စနစ်ဖြင့် အပင်ပေါင်း ၃၅၀၅ ပင် စိုက်ပျိုးခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အပင် ၂၅၀ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# အများပိုင်စနစ်ကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ တိုက်ရိုက်ပြေးဆွဲသော ခရီးသည်တင်ယာဉ်များ ပေါ်ပေါက်လာမည်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)သို့ တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များ မရှိသေးသော်လည်း PPP (Public Private Partnership) ဆိုသည့် အစိုးရပါဝင်သော အများပိုင်စနစ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဆိုပါက ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း မထသ (ဗဟို)မှ သိရသည်။

နိုင်ငံတကာတွင် ခရီးစဉ်အဝေးမှ လာကြသော ခရီးသည်တင်ယာဉ်များမှာ နေရာတစ်နေရာတွင် စုရပ်ဂိတ်တစ်ခုပြုလုပ်ပြီး ထိုမှတစ်ဆင့် မြို့တွင်းသို့ ဆက်လက်ပြေးဆွဲကြကြောင်း၊ ထိုစနစ်အား Transit System စနစ်ဟု ဆိုကြောင်း၊ ထို့အပြင် ယခင့်ယခင်ကလည်း မထသ(ဗဟို)မှ ရန်ကုန်မြို့၏ ယာဉ်လမ်းကြောင်း ဝင်ပေါက်များအား တွက်ချက်ကာ ပြည်လမ်းမှ ဝင်ရောက်လာကြမည့်ယာဉ်များအား ယခင်စိန်ဂွန်းဈေးအဟောင်း၌ လည်းကောင်း၊ မြောက်ပိုင်းကမ်းနားလမ်းအတိုင်း တက်လာကြမည့်ယာဉ်များအား သခင်မြပန်းခြံ၌လည်းကောင်း၊ ကမ္ဘာအေးဘုရားမှ လာမည့်ယာဉ်များအား ဘူတာကြီး၌လည်းကောင်း၊ တောင်ပိုင်းမှလာမည့် ယာဉ်များအား ရထားနှင့်ကား ချိတ်ဆက်နိုင်ရန် မလ္လကုန်းဘူတာ၌လည်းကောင်း စုရပ်ပြုလုပ်ရန် ကြိုးစားခဲ့ဖူးသေးကြောင်းလည်း သိရသည်။

လတ်တလော ရန်ကုန်မြို့တွင်းမှ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)သို့ တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များ မရှိသေးခြင်းကြောင့် ကျောင်းသားကျောင်းသူများနှင့် ခရီးသည်များ အခက်အခဲဖြစ်နေကြကြောင်းသိရပြီး ရန်ကုန်မြို့တွင်းမှ သဃ်န်းကျွန်းစံပြဈေးသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် (ရွာသာကြီး)သို့ လည်းကောင်း အဆင့်ဆင့်ပြောင်းစီးနေကြရကြောင်းနှင့် ယခင် ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲခဲ့စဉ်အခါက ခရီးစဉ်အတွက် တစ်ဦးလျှင် ယာဉ်စီးခ ငွေကျပ် ၂၀၀ သတ်မှတ်ခဲ့သော်လည်း ယခုပြောင်းစီးနေကြရသည့် ယာဉ်နှစ်ဆင့်ကြောင့် ငွေကျပ် ၄၀၀ ကုန်ကျရကြောင်း၊ အချိန်ကုန် လူပန်းဖြစ်ကြရကြောင်းဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ကျောင်းတက်နေသော ကျောင်းသားတစ်ဦးက ပြောသည်။

**(ဝ၄ဝ)**

# ကိုယ်ပိုင်အိမ်များဆောက်လုပ်ခြင်းနှင့် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းများအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေး

**ရန်ကုန် ဇွန် ၈**

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးလျက်ရှိရာတွင် မြေရှိသော်လည်း ဆောက်လုပ်ရန် အခက်အခဲဖြစ်နေသူများ၊ အသစ်ပြန်လည်တည်ဆောက်လိုသူများ၊ ကန်ထရိုက်တိုက်ဆောက်လုပ်ရာတွင် ငွေကြေးလိုအပ်ချက်ရှိနေသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"မြေရှိတယ်၊ ဆောက်ချင်တယ်ဆိုရင် ငွေချေးပေးပါတယ်။ မြေရှိတယ် ကန်ထရိုက်တိုက်ဆောက်ချင်တယ်ဆိုရင်လည်း အဲဒီအပေါ်မှာ ငွေချေးပေးပါတယ်။ ကန်ထရိုက်တာတွေကို ငွေချေးပေးတာက နှစ်လကျော်လောက်ပဲ ရှိသေးတယ်။ အနည်းဆုံးတိုက်အလုံး ၄၀ လောက် ချေးပေးနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်ဟာ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေက ၅၀ ရာခိုင်နှုန်း၊ အခြားစီးပွားရေးလုပ်ငန်းရှင်တွေက ၄၀ ရာခိုင်နှုန်း၊ အစိုးရက ၁၀ ရာခိုင်နှုန်းနဲ့ semi government ဘဏ် ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုယ်ပိုင်အိမ် ဆောက်လုပ်ခြင်းအတွက် မြေပိုင်ရှင်မှ ကိုယ်တိုင်နေထိုင်ရန် ဆောက်လုပ်ခြင်း လိုအပ်ချက်အနေဖြင့် အမည်ပေါက် ဂရန်၊ မြေပုံ၊ မြေရာဇဝင်၊ စည်ပင်သာယာခွင့်ပြုမိန့်၊ ပြန်လည်ပေးဆပ်မည့် ဝင်ငွေ၊ အဆောက်အအုံတန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ကျခံနိုင်မှု၊ ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းများအတွက် ကန်ထရိုက်တာအား လုပ်ငန်းအပ်နှံ ဆောက်လုပ်ခြင်းလိုအပ်ချက်၊ ပိုင်ရှင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင် စာချုပ်၊ စည်ပင်သာယာခွင့်ပြုမိန့်၊ ပိုင်ရှင်၏ဂရန်၊ မြေပုံ၊ မြေရာဇဝင်၊ အခန်းများအား အာမခံပေးရန်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်အာမခံ၊ ပြန်လည်ပေးဆပ်ရမည့် ဝင်ငွေတို့ဖြစ်ပြီး လုပ်ငန်း work done အရ အရစ်ကျထုတ်ချေးပေးမည်ဖြစ်သည်။

ချေးငွေ လျှောက်ထားရာတွင် လျှောက်ထားသူများအနေဖြင့် ဘဏ်မှ သတ်မှတ်ချက်များအတိုင်း လျှောက်ထားရမည်ဖြစ်ပြီး လစဉ်ပုံမှန်ဝင်ငွေ၊ မိသားစုဝင်ငွေများကို တင်ပြရမည်ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ချေးငွေထုတ်ချေးရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ပြီး ချေးငွေအတွက် ဝန်ဆောင်မှုစရိတ် တစ်ရာခိုင်နှုန်းနှင့် အတိုးနှုန်း ၁၂ ရာခိုင်နှုန်း ဘဏ်မှ ကောက်ခံမည်ဖြစ်သည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိခဲ့ပြီး ခွင့်ပြုမတည်ငွေရင်း ကျပ် ၁၀၀ ဘီလီယံဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ တည်ဆောက်သော အိမ်ရာများကို မဲစနစ်ဖြင့် ရောင်းချမှုများတွင် ဝယ်ယူခွင့်ရှိသူများအား ဘဏ်က နှစ်ရှည်ချေးငွေပေးအပ်မှုများလည်း ရှိကြောင်း သိရသည်။

**(ဝဝ၁)**



## လျှင်မြန်သွက်လက်မှုကို အလုပ်နဲ့ သက်သေပြလိုက်တယ်ခင်ဗျ

ကဲ. . . ပြည်သူတစ်ယောက်အနေနဲ့ လတ်လတ်ဆတ်ဆတ် မြင်တာလေးတွေတည့်တည့်ကြည့်ပြီး ရေးလိုက်ပါရစေ။ ဘောလုံးပွဲကြေညာသူရဲ့ လေသံနဲ့ပြောရရင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကတော့ လျှင်မြန်သွက်လက်မှုကို အလုပ်နဲ့သက်သေပြနေတယ်ခင်ဗျလို့. . .။ ကြည့်လေ မေ ၆ ရက်မှာ ဆယ်တန်းအောင်စာရင်းထွက်တယ်။ ဟော. . . ကပ်ထားတာကြည့်ချင် ကျောင်းကိုသွား။ အွန်လိုင်းကကြည့်ချင်ရင် ဖုန်းအင်တာနက်ကိုဖွင့်. . . ဒါပဲပေါ့။ ဘာဟုတ်သေးလဲဗျာ. . .။ မေ ၈ ရက် တနင်္လာနေ့မှာ အမှတ်စာရင်းကို နေ့ချင်းပြီးထုတ်လို့ရအောင် ဆောင်ရွက်ထားပြန်ပါပကော။ ဒီလိုပဲဖြစ်ရမှာပါ။ ကြိုးနီ၊ ကြိုးဝါ၊ ကြိုးမည်းစနစ်ကို အဲဒီလိုရဲရဲတင်းတင်း ဖြတ်ပစ်ရမှာ။ ကိုယ်တာဝန်ယူရမယ့်အပိုင်းကို တာဝန်ရဲရဲယူပြီး ပြတ်ပြတ်သားသား လျှင်မြန်သွက်လက်လိုက်တာ လေးစားတယ်ဗျာ။

ကျုပ်တို့တုန်းကဆို အမှတ်စာရင်းလေးသိရဖို့ လပေါင်းများစွာလို့ ဆိုရမလိုပဲလေ။ သိတယ်မဟုတ်လား။ ကျုပ်စာမေးပွဲအောင်တာ ဆိုရှယ်လစ်ခေတ်မှာဗျ။ ဒါပေမယ့် လျှော့မတွက်နဲ့နော်။ ခေတ်၊ စနစ်ဆိုတာ လူကလုပ်တာ၊ လူသာ အဓိကပါ။ ကျုပ်တို့နဲ့ခေတ်ပြိုင် ၁၉၇၇ ခုနှစ်မှာ ဆယ်တန်းအောင်ခဲ့တဲ့ ကျောင်းသားတွေ၊ ကျုပ်အပါအဝင်ပေါ့ဗျာ. . .၊ နိုင်ငံ့ဝန်ထမ်း၊ အမှုထမ်း၊ အရာထမ်းကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေ ဘာတွေညာတွေဖြစ်နေသူတွေ အခုလက်ညှိုးထိုးပြလို့ရတယ်။ ဆိုရှယ်လစ်ခေတ်မှာ လူငယ်တွေကို လေ့ကျင့်ပျိုးထောင်ပေးမှုက သြချလောက်တယ်။ ကိုယ့်တာဝန်ကိုယ်ယူနိုင်မှု၊ ခေါင်းဆောင်မှု အတတ်၊ အသင်းအဖွဲ့နဲ့ နေထိုင်တတ်မှုတွေကို သင်တန်းအမျိုးမျိုး ဖြတ်သန်းကျော်ဖြတ်တက်ခဲ့ရတာလေ။ အဲဒီခေတ်က လူငယ် ၇၅ ရာခိုင်နှုန်း၊ ဘယ်ညာနင်းတတ်တယ်။ စစ်ရေးပြတတ်တယ်။ အမိန့်နာခံတတ်တယ်။ လက်နက်ငယ်ပစ်တတ်တယ်။ အလေးပြုတတ်တယ်။ တပ်စိတ်၊ တပ်စု၊ တပ်ခွဲအဆင့်အလိုက် တာဝန်ယူနိုင်တယ်။

ကျုပ်တို့ဆယ်ကျော်သက်အရွယ် ရန်ကုန်အရှေ့ပိုင်းစခန်း လူငယ်လေကြောင်းမှာ လေယာဉ်ပုံစံငယ် တည်ဆောက်ပျံသန်းမှုသင်တန်း (၁/၁၉၇၇)အတူတက်ခဲ့တဲ့ သူငယ်ချင်းတွေ အခုဆို ဆရာမကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ ဌာနဆိုင်ရာအရာထမ်းတွေ၊ စစ်ဌာနချုပ်တစ်ခုမှာ တိုင်းမှူးရာထူးတွေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်နေဆဲဗျ။

ထားပါတော့။ ခုပစ္စုပ္ပန်ကို တည့်တည့်ကြည့်ရအောင်။ ပညာရေးအလိုက်ကိုပဲ ထိုးကြည့်ကြပါစို့။ ဘတ်ဂျက်တွေတိုးရပြီ။ ဦးစီးဌာနဖွဲ့စည်းပုံတွေ ပြင်ဆင်လိုက်ပြီ။ အခုပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဦးစီးဌာနပူပူနွေးနွေးခုနစ်ခု။ ဘာတွေလုပ်နေကြပြီလဲ။ မေ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှာ ဆရာလိုအပ်ချက်ဖြည့်ဆည်းခန့်ထားရေး ဆွေးနွေးပွဲလုပ်တယ်လို့ သိရတယ်။ အဲဒီမှာ ဦးစီးဌာနတွေအချင်းချင်း ပါဝါပြိုင်ပြီး လက်ညှိုးထိုးကြတယ်ဆိုလား။ အဓိကက ဆရာတွေ လိုအပ်တာ မည်သူ့မှာတာဝန်ရှိသလဲ သိချင်ပါဘိ။ ကျုပ်သိရသလောက် ဆရာဆရာမ လုပ်ချင်လျက်နဲ့ လုပ်ခွင့်မရသေးတဲ့ လူအများကြီးပါ။ လက်တွေ့ကျကျ လုပ်စေချင်တယ်။ အွန်ပေပါနဲ့ အစည်းအဝေးမှာ စာအုပ်ကြီးအတိုင်းပြောပြ၊ အစည်းအဝေးမှတ်တမ်းကို အထက်ဌာန အကြီးအကဲအဆင့်ဆင့် ဖတ်ကောင်းရုံပြုလုပ်ပြနေလို့မဖြစ်ဘူး။ အလုပ်နဲ့သက်သေပြကြဖို့လိုပြီ။ အစိုးရဝန်ထမ်းဆိုတာ ကမ်းနားကသစ်ပင်လိုပဲ။ အချိန်မရွေး ရေတိုက်စားလို့ ကမ်းပါးပြိုရင် သစ်ပင်ပါလဲသွားနိုင်တယ်။ အစိုးရသစ်သက်တမ်းကလည်း ပြည့်တော့မယ်မဟုတ်လား။ လျှင်မြန်သွက်လက်မှု လက်ဦးမှ ပြည်သူယုံကြည်မှုရမှာဗျ။

အခုကြည့် မိဘတွေလည်း ဝမ်းသာနေကြပြီ။ ကလေးတွေလည်း ပျော်နေကြပြီ။ ဆွေမျိုးတွေလည်း ပျော်နေကြပြီ။ မေ ၆ ရက်မှာ အောင်စာရင်းကြည့်ပြီး မေ ၈ ရက်မှာ အမှတ်စာရင်းကို ချက်ချင်းသိနိုင်တာ ဘယ်ခေတ်မှာမှ မရှိခဲ့တဲ့ဖြစ်ရပ်။ ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်ကြည့်။ အိပ်မက်မဟုတ်ဘူးနော်။ တကယ်။ ဟုတ်ကဲ့. . . မြန်မာနိုင်ငံစာစစ်ဦးစီးဌာနကတော့ လျှင်မြန်သွက်လက်မှုကို အလုပ်နဲ့သက်သေပြလိုက်ပြီခင်ဗျ။

**လှထွန်းဦး**



## အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရရှိခဲ့တဲ့ မင်းသမီး ရုသ်ဝင်ဆန်

၂၀၀၅ ခုနှစ်တွင် Suvurban Shootout ဇာတ်ကားဖြင့် နာမည်ကျော်ကြားလာခဲ့သော မင်းသမီး ရုသ်ဝင်ဆန်သည် ဇွန်၇ ရက်(တနင်္ဂနွေနေ့)က နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ်အတွက် တိုနီဆုပေးပွဲသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါဆုပေးပွဲသို့ ပန်းဆီရောင်ပိုးသားဂါဝန်အရှည်လေးနှင့် တက်ရောက်ခဲ့သည့် မင်းသမီးချော ရုသ်ဝင်ဆန်၏ ဝတ်စုံသည် အလှဆုံးပွဲတက်ဝတ်စုံစာရင်း၌ ပါဝင်ခဲ့ရုံသာမက ယခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။ **ပန်းသော်တာ**

## လူမှုကွန်ရက်တွင် အပြုသဘောဆောင်သည့် ကောင်းမွန်သောမှတ်ချက်များကိုသာ ပေးလေ့ရှိသူ မင်းသားလီဂျွန်

၂၀၁၅ ခုနှစ် ပက်ဆန်းအနုပညာဆုပေးပွဲတွင် Heard It Through the Grapevine ရုပ်သံဇာတ်လမ်းတွဲဖြင့် အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်သစ်ဆုကို ရရှိခဲ့သည့် မင်းသားလီဂျွန်ဆန်၏ လူမှုကွန်ရက်နှင့်ပတ်သက်၍ သဘောထားအမြင်ကို မေးမြန်းခဲ့သည့် အင်တာဗျူးတစ်ခုတွင် -

သူ့အနေဖြင့်လူမှုကွန်ရက်တွင် ရေးသားထားသော ဆောင်းပါးများ၊ သတင်းများကို ဖတ်ရှုရသည်ကို လွန်စွာနှစ်သက်ပြီး အပြုသဘောဆောင်သည့် ကောင်းမွန်သောမှတ်ချက်များ ရေးသားရခြင်းကိုလည်း ခုံခုံမင်မင်ပြုလုပ်လေ့ရှိကြောင်း Newsen သို့ပြောကြားခဲ့သည်။



သရုပ်ဆောင်၊ အဆိုတော်နှင့် မော်ဒယ်လ် လီဂျွန်က " အင်တာနက်မှာ comment တွေအမြဲဝင်ပေးဖြစ်ပါတယ်။ Infinity Changellege ရုပ်သံအစီအစဉ်နဲ့ ပတ်သက်ပြီး တင်ထားတဲ့ ပို့စ်တစ်ခုမှာ ZE:A အဖွဲ့က အဆိုတော် ကွမ်ဟီကိုလည်း အလွန်ခံ့ညားတဲ့သူဆိုပြီး ရေးဖူးတယ်။ ယိုဂျွန်ဆန်နဲ့ ဟွန်ယွန်ဟီတို့ကိုလည်း ပြီးပြည့်စုံတဲ့ စုံတွဲတစ်တွဲဆိုပြီးလည်း ဝင်ရေးလိုက်တာပဲ" ဟု သူ၏ လူမှုကွန်ရက်တွင် မှတ်ချက်များရေးသားပုံကို ပြောပြသည်။

ဆက်လက်၍လီဂျွန်က ခင်မင်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများသာမက လူချင်းမရင်းနှီးသည့် သူစိမ်းများကိုလည်း ကောင်းမွန်သောမှတ်ချက်များ ပေးလေ့ရှိသူဖြစ်ကြောင်း-

" Exo အဖွဲ့ဆိုရင်လည်း အပြင်မှာမဆုံဖြစ်ဘူး။ လူချင်းလည်း မရင်းနှီးဘူး။ ဒါပေမယ့် သူတို့အဖွဲ့က အရည်အချင်းရှိတယ်။တော်လည်းတော်ကြတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တကယ်သဘောကျလို့ comment တွေဝင်ပေးဖြစ်တယ်။ ကျွန်တော်ပေးလိုက်တဲ့ comment တွေကို Like လုပ်ပေးရင်လည်း အလွန်ကျေနပ်ပြီး ပျော်နေတာ" ဟုဆိုသည်။

ကိုရီးယားမင်းသားလီဂျွန်သည် ၂၀၀၉ ခုနှစ်တွင် ကေပေါ့ပ်အဖွဲ့ Music Boys Live in Absolute Quality( MBLAQ) အမည်ဖြင့် Just BLAQ တေးစီးရီးအယ်လ်ဘမ်ဖြင့် ဂီတလောကထဲ စတင်ဝင်ရောက်ခဲ့ပြီး Iris 2 တွင် မင်းသားအဖြစ် ဝင်ရောက်သရုပ်ဆောင်ခဲ့ကာ ရုပ်သံဇာတ်လမ်းတွဲများနှင့် ပြဇာတ်များတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ **ဆုမြတ်**

## ကိုယ့်ဘဝကိုယ်မပိုင်ဘဲ ရှင်သန်ရတာ ပင်ပန်းလှပါတယ်ဟုဆိုလာတဲ့

# အရီယာနာ ဂရန်ဒီ



အမေရိကန်ပေါ့ပ်အဆိုတော် အရီရာနာ ဂရန်ဒီက ဘဝတွင် အမျိုးသားတစ်ဦး၏ ကိုယ်ပိုင်ပစ္စည်းတစ်ခုအဖြစ် ရှင်သန်ခဲ့ရသည်ကို ပင်ပန်းငြီးငွေ့နေပြီဖြစ်ကြောင်းနှင့် အမျိုးသမီးများကို သူနှင့်တွဲခဲ့သည့် အမျိုးသားများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများ ပိုင်ဆိုင်မှုတစ်ခုကဲ့သို့ ရည်ညွှန်းပြောဆိုလေ့ရှိသော ကမ္ဘာကြီးတွင် နေထိုင်ရသည်ကိုလည်း အတော်ပင် စိတ်ပျက်အားလျော့နေပြီဖြစ်ကြောင်း ဆိုခဲ့သည်။

ဆက်လက်၍ သူက အရီရာနာ ဂရန်ဒီဟူသည့် အမည်နာမတစ်ခုကို ကြားလိုက်သည်နှင့် သူ့ကို အမျိုးသားတစ်ဦးဦး ပိုင်ဆိုင်သောအရာတစ်ခုအဖြစ်မမြင်စေဘဲ အရီရာနာဂရန်ဒီဟုသာ ရှင်းရှင်းလင်းလင်းမြင်ပေးစေလိုကြောင်းဖြင့် အသက် (၂၁) နှစ်ရှိပြီဖြစ်သော ပေါ့ပ်အဆိုကျော်က တနင်္ဂနွေနေ့က The Sun သတင်းစာသို့ ဖွင့်ဟခဲ့သည်။

ဂရန်ဒီက "အမျိုးသားတစ်ဦးနဲ့ ဆက်စပ်ပတ်သက်ဖို့ လိုအပ်နေတာကို ကျွန်မမုန်းလှပါပြီ။ ကျွန်မက ဆစ်ဂ်စီရန်ရဲ့ ချစ်သူဟောင်းလည်းမဟုတ်သလို နီယယ်လ်နဲ့ ချစ်သူဖြစ်လာမယ့် မိန်းကလေးတစ်ယောက်လည်း မဟုတ်ပါဘူး။ လက်ရှိအချိန်မှာရှိနေတဲ့ အရီရာနာ ဂရန်ဒီပါပဲ"ဟု ဆိုခဲ့သည်။

ထို့ပြင် သူက "နောင်ပြုလုပ်မယ့် အင်တာဗျူးတွေမှာလည်း အမျိုးသား တွေနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို လုံးဝဖြေကြားတော့မှာ မဟုတ်ပါဘူး။ အခုတော့ သူတို့အကြောင်းထက် ကျွန်မမှာ ပြောစရာတွေ အများကြီးရှိနေတယ်ဆိုတာ သဘောပေါက်သွားလို့ပါ"ဟု ထပ်မံဖွင့်ဟခဲ့သည်။

လွန်ခဲ့သည့် ရှစ်နှစ်တာကာလအတောအတွင်း အမျိုးသားတစ်ဦး မိမိဘေးတွင် ရှိကိုရှိနေရန်လိုအပ်သည့် ခံစား ချက်မျိုးရှိခဲ့သော်လည်း ယခုနောက်ပိုင်းကာလများတွင် တစ်ကိုယ်တည်းဘဝဖြင့် ကိုယ်ပိုင်ရပ်တည်ချက်မျိုးဖြင့်သာ ဘဝခရီးလမ်းကို လျှောက်လှမ်းသွားတော့မည်ဖြစ်ကြောင်း ဆိုခဲ့သေးသည်။

**ဘေးပြည့်**

## ရုပ်မြင်သံကြားအစီအစဉ်များ

၉ - ၆ - ၂၀၁၅ (အင်္ဂါနေ့)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၂၆)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရာဇဝင်ထဲကတော်ဝင်သမားတော် (အပိုင်း-၅၂)
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မှော်ဝင်စီးချင်း အပိုင်း(၁၃)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၃)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Oriflame Life Changing Events)
- ၁၁း၀၀ သွားမယ်စားမယ် (ရှမ်းရိုးရာစားသောက်ဆိုင်)
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၄)
- ၁၂း၂၅ I am Little Rooney(Part-2)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" [ဒီမိုကရေစီကျေးရွာ (အပိုင်း-၂)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၅)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၆)
- ၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ" (မိုးစက်တင်ရွာ)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၅ Weekly Sports Diary
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၄)
- ၉း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၂၅)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၁း၂၀ MRTV-4 Stage
- ၁၁း၅၀ "အနက်ရောင်ကို အဖြူရောင်သို့ ပြောင်းလဲခြင်း" တရားတော် (ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စ်ဖို့ဒ် ဆရာတော်ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိ)
- ၃း၄၅ မဇ္ဈိမဒေသ သံဝေဇနိယလေးဌာန

### mitv

- Insight Myanmar "Labour Laws & Policies"
- [Doctor] [Painter]
- Hanthawaddy U Win Tin "A Fearless Man" (Episode - 2)
- Myanmar Charitable Labour Association
- Culture Show: Abdication of King Thibaw
- Visiting A Serene Village In The Northwest Of Myanmar
- Those Who Never Give Up (Ep-2) Ko Myat Oo - Chairman of Baby Vita
- Jeyyanandi (A Day in the Life of a Nun)
- Cruising To Precious Islands (Part-1)
- Taste Of Myanmar (Glass Noodle Soup)
- Diary of a Fisherman
- A Myanmar Tapestry
- Myanmar Betels
- Myanmar Puppet
- Hanthawaddy U Win Tin "A Fearless Man" (Episode- 1)
- A Tea Business: Pankwan (Part-2)
- The Treasures in a Small Village (Part-2)
- Next Weekend
- Modifying Natural Thanakha Bark into Ready-Made Skin Care Product
- YUFL
- "Moe Hnyin Than Buddhe", The Unique Pagoda In Monywa
- A Monk's Robe

# (၂၈)ကြိမ်မြောက်စင်ကာပူဆီးဂိမ်းပုံရိပ်များ

SINGAPORE 2015
28th SEA GAMES

၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

| Rank | Country | | | | Total |
|---|---|---|---|---|---|
| 1 | SIN | 40 | 27 | 47 | 114 |
| 2 | VIE | 26 | 12 | 30 | 68 |
| 3 | THA | 23 | 30 | 26 | 79 |
| 4 | MAS | 15 | 19 | 23 | 57 |
| 5 | INA | 13 | 13 | 27 | 53 |
| 6 | MYA | 9 | 15 | 16 | 40 |
| 7 | PHI | 7 | 12 | 23 | 42 |
| 8 | CAM | 1 | 3 | 2 | 6 |
| 9 | LAO | 0 | 3 | 11 | 14 |
| 10 | BRU | 0 | 0 | 5 | 5 |
| 11 | TLS | 0 | 0 | 1 | 1 |

## မြန်မာနိုင်ငံမှ ဘိလိယက်ပြိုင်ပွဲအားကစားသမားများ ဆီမီးဖိုင်နယ် တက်ရောက်



**စင်ကာပူ ဇွန် ၈**

စင်ကာပူနိုင်ငံတွင် ကျင်းပနေသော (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲကို အားကစားနည်း ၃၆ မျိုးဖြင့် လက်ခံကျင်းပလျက်ရှိပြီး မြန်မာ အားကစားအဖွဲ့မှ အားကစားနည်း ၃၁ မျိုးကို အားကစားသမား နှင့်အုပ်ချုပ်/နည်းပြ အပါအဝင် ၅၈၇ ဦးသွားရောက်ယှဉ်ပြိုင်လျက် ရှိရာ အဆိုပါ ပြိုင်ပွဲများသို့ မြန်မာ အားကစားအသင်းများ ယှဉ်ပြိုင် နေမှုကို ယနေ့ နံနက် ၈ နာရီမှ စ၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သည် (၂၈)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ၏ ပီတန်းအားကစားနည်းမှ အမျိုး သမီးတစ်ဦးချင်းပွဲစဉ်မှ မြန်မာ အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ် ပြိုင် ကစားနေမှုကို လည်းကောင်း၊ စင်ကာပူနိုင်ငံအမျိုးသားရေကူးကန် ၌ ကျင်းပလျက်ရှိသော အမျိုးသမီး မီတာ(၂၀၀)ရေကူးပြိုင်ပွဲကို လည်း ကောင်း၊ စင်ကာပူနိုင်ငံဘိလိယက် အားကစားရုံ၌ ကျင်းပလျက်ရှိသော ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာ နိုင်ငံမှ အောင်ဌေးနှင့် အင်ဒိုနီးရှား နိုင်ငံမှ အားကစားသမားတို့ ယှဉ်ပြိုင် ကစားနေမှုကိုလည်းကောင်း၊ မြန်မာ နိုင်ငံမှ ကျော်ဦးနှင့် ဗီယက်နမ်နိုင်ငံ မှ အားကစားသမားတို့ ယှဉ်ပြိုင် ကစားနေမှုကို လည်းကောင်း ကြည့်ရှု အားပေးခဲ့သည်။

ဘိလိယက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဌေးက အင်ဒိုနီးရှားအားကစား သမားအား သုံးပွဲ နှစ်ပွဲဖြင့်လည်း ကောင်း၊ မြန်မာနိုင်ငံမှ ကျော်ဦးက ဗီယက်နမ် အားကစားသမားအား သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရ ရှိသွားကာ ဆီးမီးဖိုင်နယ်သို့ နှစ်ဦး စလုံး တက်ရောက်သွားကြောင်းသိရ သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သည် စင်ကာပူနိုင်ငံ BISHAN SPORTS Hall ၌ ကျင်းပလျက်ရှိ သော ကျွမ်းဘားပြိုင်ပွဲသို့ ရောက်ရှိ ပြီး အမျိုးသားပွဲစဉ်၏ မြန်မာ အားကစားသမားများ ယှဉ်ပြိုင်နေမှု ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှခြင်းလုံးခတ်ပြိုင်ပွဲတွင် ဒိုင်အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ကြ မည့် အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့် ခေါင်းဆောင်၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး(၂) ဦးကိုကိုအောင်က အုပ်ချုပ်သူအဖြစ်လိုက်ပါကာ ဇွန် ၄ ရက် နံနက် ၈နာရီ တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြောင်းသိရသည်။

**အေးသန်း(စိန်တုံးကြီး)**



## ဟော်ကီအဖွင့်ပွဲစဉ်တွင် မြန်မာနှင့်စင်ကာပူတို့သရေကျ

အမျိုးသားဟော်ကီပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မြန်မာနှင့် အိမ်ရှင်စင်ကာပူ တို့ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ပွဲချိန် ၂၆မိနစ်တွင် မြန်မာဘက်မှ ကျောနံပါတ်(၆)ဟိန်းမင်းဇော်ကပင်နယ်တီ ဧရိယာအစပ်နားမှ အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။

ထို့နောက် စင်ကာပူဘက်မှ ကျောနံပါတ်(၁၂)နိုရာဆိုင်းလက်စ်က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

စင်ကာပူအသင်းနည်းပြမာတီကန်အန်တီကိုက “ကျွန်တော်တို့ အသင်း အခွင့်အရေးတွေအများကြီးရပါတယ်။ ကျွန်တော်တို့ အရှိန်မြှင့်ပေးပို့မှုတွေနဲ့ တောက်လျှောက်ပွဲကို စိုးမိုးထားနိုင်တယ်။ဒီထက်ဂိုးသွင်းခွင့်တွေပိုရသင့် တယ်။ ကျွန်တော်တို့နောက်ပွဲမှာ အခုပွဲကဖြစ်ခဲ့တဲ့အမှားတွေကို ပြင်ဆင် ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ပွဲတိုင်းမှာ သရေကျလို့မှမရတာ”ဟု ပွဲအပြီး တွင် ရှင်းလင်းပြောကြားခဲ့သည်။

## စင်ကာပူ ရေကူးပြိုင်ပွဲ သုံးပွဲကစား ရွှေတံဆိပ်သုံးဆုဖြင့် စံချိန်တင်

အမျိုးသား၊ အမျိုးသမီးရေကူးပြိုင်ပွဲ ဒုတိယမြောက်နေ့တွင် စင်ကာပူ အသင်းက သုံးပွဲကစားသုံးပွဲစလုံး ရွှေတံဆိပ်ဆုရရှိကာ မှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်ခဲ့သည်။ အမျိုးသားတစ်ဦးချင်း မီတာ၁၀၀ အလွတ်တန်းရေကူးပြိုင်ပွဲ တွင် ဂျိုးဇက်စကူးလင်းက အချိန် ၄၈ ဒသမ ၅၈ ဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် အမြန်ဆုံးစံချိန်သစ်တစ်ခုရရှိခဲ့သည်။ ယင်းစံချိန်မှာ ကမ္ဘာ့အမြန်ဆုံးအဆင့်(၁၅) အတွင်း ဝင်ရောက်ခဲ့သော စံချိန်လည်းဖြစ်သည်။

စကူးလင်းက“ ကျွန်တော်တကယ့်ကို ပြည့်စုံတယ်ဆိုတဲ့ခံစားချက်မျိုး ရရှိခဲ့တဲ့ပြိုင်ပွဲပါ။ ကျွန်တော်သိပ်ပြီး အားထုတ်လေ့ကျင့်နေရတာမျိုးမရှိပါ ဘူး။ ကျွန်တော်လိပ်ပြာကူးပြိုင်ပွဲမှာ ပိုပြီးကျွမ်းကျင်မှုရှိပါတယ်။

နောက်ပွဲတွေကျရင် ပိုပြီးဂရုစိုက်ကစားဖို့ရှိနေပါတယ်။ ဒီနေ့ပွဲမှာ




ကျွန်တော်စံချိန်သစ်တစ်ခုတင်နိုင်တဲ့အတွက် တကယ်ကိုကျေနပ်ပါတယ်ဗျာ” ဟု ရှင်းပြသည်။ ■

## မြန်မာအသင်း ဖိလစ်ပိုင်အား ဂိုးဒါဇင်ဖြင့်ပင် အနိုင်ရသင့်

ဇွန်၇ရက်က ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ပွဲစဉ်တွင် မြန်မာက ဖိလစ်ပိုင်အား ငါးဂိုး-တစ်ဂိုးဖြင့်ပြတ်ပြတ်သားသားအနိုင်ယူခဲ့ရာ မြန်မာအနေဖြင့် ပထမပိုင်းတွင် ရရှိခဲ့သော အခွင့်အရေးများစွာကို အသုံးချနိုင်ခဲ့ပါက ဂိုးဒါဇင်လောက်ဖြင့်ပင် အနိုင်ရနိုင်ကြောင်း ဖိလစ်ပိုင် မီဒီယာများက ဖော်ပြခဲ့ကြသည်။ မြန်မာ အသင်းက ဖိလစ်ပိုင်အား ခြေစွမ်းပြတ်ပြတ်ပြတ်သားသားဖြင့် အနိုင်ယူကာချေမှုန်းခဲ့သည်ဟုဆက်လက်ရေးသား ဖော်ပြထားသည်။

ယင်းအရှုံးကြောင့် ဖိလစ်ပိုင်မှာအုပ်စုမှ ထွက်ခွာရန်သေချာသွားပြီး ဇွန် ၉ ရက်တွင် အင်ဒိုနီးရှားနှင့် အုပ်စု နောက်ဆုံးပွဲစဉ်ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖိလစ်ပိုင်အသင်းအနေဖြင့် ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီး မြန်မာ အသင်းကို အတုယူသင့်သည်ဟု ဖိလစ်ပိုင် မနီလာစီအင်န်အင်န်က ရေးသားထားသည်။မြန်မာအသင်းမှာ တစ်ပွဲထက် တစ်ပွဲခြေစွမ်းတက်နေပြီး အားနည်းချက်ရှာစရာ မရှိလောက်အောင်ပင် ကောင်းနေသည်ဟု စင်ကာပူသတင်းစာများက လည်းဖော်ပြသည်။

လက်ရှိတွင် မြန်မာအသင်းမှာအုပ်စုမှတက်ရောက်ရန်သေချာသွားခဲ့ပြီး အုပ်စု(ခ)မှ ဗီယက်နမ်(သို့မဟုတ်)ထိုင်း အသင်းတို့အနက်မှ တစ်သင်းနှင့်တွေ့ဆုံရမည်ဖြစ်သည်။

**မေလဲ့သင်း - စုစည်းသည်**

## ထိုင်း၊ ဗီယက်နမ်နှင့်မြန်မာတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်

စင်ကာပူဆီးဂိမ်းတွင် လက်ရှိ ချန်ပီယံထိုင်းအသင်းသည် အကြို ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက် သွားပြီးနောက် နောက်တစ်ရက် အကြာတွင် ဗီယက်နမ်နှင့် မြန်မာ အသင်းတို့ပါ ဒုတိယနှင့်တတိယ မြောက် အကြိုဗိုလ်လုပွဲသို့ တက် ရောက်နိုင်သော အသင်းများ ဖြစ် လာခဲ့သည်။

ဗီယက်နမ်က တီမောအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ယူနိုင်ခဲ့ သလို မြန်မာက ဖိလစ်ပိုင်အား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ ကာ နောက်တစ်ဆင့်သို့ တက် ရောက်သွားနိုင်ခဲ့သည်။

ရှမ်း

# ဆိုင်ကယ်ဖြင့် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်လာသူအား ဖမ်းဆီးရမိ

**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီ(၂) စစ်ဆင်ရေးအရ ဇွန် ၅ ရက် ညနေ ၃ နာရီက အမှတ် (၂၄) မူးယစ်တပ်ဖွဲ့စု နောင်ချို(လှုပ်ရှား)အဖွဲ့နှင့် နောင်ချိုမြို့မရဲစခန်းတို့သည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် လားရှိုးမှ နောင်ချိုဘက်သို့ အောင်မိုးလွင် မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ နှင့် ဘိန်းဖြူအလေးချိန် ၅ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားများ သယ်ဆောင်လာသူ အောင်မိုးလွင် (၄၃)နှစ် ဟိုခိုကျေးရွာ နောင်ချိုမြို့နေသူအား နောင်ချိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဆိုင်ကယ်စီးနင်းလာသည့် မသင်္ကာဖွယ်လူနှစ်ဦးထံမှ ကြေးသွန်းဆင်းတုတော်နှစ်ဆူတွေ့ရှိ၍ အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေးအတွက် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဇွန် ၆ ရက် နံနက် ၁၁ နာရီခန့်က ပြင်ဦးလွင်မြို့နယ် အင်းပုတ်ကျေးရွာနှင့် ပုန်ကုန်းကျေးရွာသွားလမ်း၌ ၃၄ယ/------ KENBO-125 ဆိုင်ကယ်စီးနင်းလာသည့် မသင်္ကာဖွယ်လူနှစ်ဦးအား တွေ့ရှိစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်နေ နေသော်(၄၈)နှစ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဘိုကျေးရွာနေ ကိုသောင်း(၄၅) နှစ်တို့ဖြစ်ပြီး ခရီးဆောင်အိတ်အတွင်းမှ ရှေးဟောင်းဆင်းတုတော်ဟု ယူဆရသည့် ဉာဏ်တော် ၁၀ လက်မခန့်ရှိ ပလ္လင်ပါ ကြေးသွန်းဆင်းတုတော်တစ်ဆူနှင့် ဉာဏ်တော် ၁၂ လက်မခန့်ရှိ ကြေးသွန်းဆင်းတုတော် တစ်ဆူ၊ နေသော်၏ လွယ်အိတ်အတွင်းမှ ငွေကျပ် ၁၀၀၀၀၀၊ Huawei လက်ကိုင်ဖုန်းတစ်လုံးနှင့် ကိုသောင်းထံမှ Samsung လက်ကိုင်ဖုန်းတစ်လုံးတို့ တွေ့ရှိရသဖြင့် မေးမြန်းရာ အဆိုပါပစ္စည်းများနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် နေသော်နှင့် ကိုသောင်းတို့နှစ်ဦးအား ပြင်ဦးလွင် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ရပ်ထားသည့်ကားကို ဝင်တိုက်မိ၍ တစ်ဦးသေဆုံး

**ရေး ဇွန် ၈**

မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာ ဇီးဖြူသောင်ကျေးရွာသွားကားလမ်းဘေးတွင် ဇွန် ၇ ရက် နံနက် ၇ နာရီခွဲခန့်က အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ်က ရပ်ထားသည့်ကားကို ဝင်တိုက်မိ၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သိန်းသန်းဝင်း (၂၇)နှစ် အစင်ကျေးရွာ ရေးမြို့နယ်နေသူသည် HONDA Wave 100 ဆိုင်ကယ်ဖြင့် ဦးတင်ရွှေနှင့် လူးလူး(ခ) အောင်ကိုဝင်းတို့အား တင်ဆောင်ပြီး အစင်ကျေးရွာမှ ဇီးဖြူသောင်ကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ပန်ဒါရေခဲစက်လမ်းဝအရောက် လမ်း၏ ယာဘက်လမ်းဘေး၌ ဝါးများတင်ဆောင်၍ ရပ်ထားသောယာဉ်၏ နောက်ပိုင်းအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ဦးတင်ရွှေတွင် ပြင်းထန်သော ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး လူးလူးနှင့် သိန်းသန်းဝင်းတို့တွင်လည်း ဒဏ်ရာများရရှိသဖြင့် ရေးမြို့ပြည်သူ့ဆေးရုံတွင် အရေးပေါ်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိန်းသန်းဝင်းအား ရေးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမနေး

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

## လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၁၆၀၀ နှင့် ခတ်ခူး သုည ဒသမ ၀၁၅ ကီလို သိမ်းဆည်းရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ရွှေလီ(၂)စစ်ဆင်ရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုး၊ မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်နှင့်လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် နမ့်ခမ်းဘက်မှ လားရှိုးဘက်သို့ စိုင်းဆု(ခ) စိုးလင်းပန် မောင်းနှင်ပြီး ဇနီး မနန်းစောခမ်း လိုက်ပါလာသည့် ၅ဃ/--- ဟွန်ဒါစီအာဗွီယာဉ်ကို ရှာဖွေရာ ခတ်ခူးအလေးချိန် သုည ဒသမ ၀၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၁၆၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မြန်မာငွေကျပ် ၂၀ ဒသမ ၆ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းဆု(ခ) စိုးလင်းပန်(၄၇)နှစ်နှင့် မနန်းစောခမ်း (၄၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။



စိုင်းဆု (ခ) စိုးလင်းပန်နှင့် မနန်းစောခမ်းတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နမ့်ခမ်းမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်၊ မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ မန့်နားရပ်ကွက်နေ ဖိုးကျန်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်နောက်ဖေးပေါက်နှင့် ခြံစည်းရိုးအုတ်တံတိုင်းကြားရှိ မြေကြီးအတွင်းမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၀၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဖိုးကျန်(၅၅)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လားရှိုးမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ကွတ်ခိုင်မြို့ဘက်မှ ပြင်ဦးလွင်မြို့ဘက်သို့ မောင်းနှင်လာသည့် EE/------ Toyota Fielder ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့်ခရီးသည် သိန်းမြင့်(ခ)လီကျိန်ရှင်း၏ လက်ကိုင်အိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၃၉၆ ကီလိုကို သိမ်းဆည်းရမိသဖြင့် သိန်းမြင့်(ခ)လီကျိန်ရှင်း (၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သိန်းမြင့် (ခ) လီကျိန်ရှင်းအား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**(ကြေးမုံ)**


ကွန်ဒိုတိုက်ခန်း ရောင်းမည်

လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းမပေါ်၊ (၁၀)လမ်းထိပ်၊ (25'x50')၊ (၈)လွှာ၊ 2BR၊ ပြင်ဆင်ပြီး ကြွေပြားခင်း/နံရံ၊ 2AC

Ph:01-246987, 09-400471076

သွေးသည် အသက်

ဓိနိဝင်း နှင့် ရောင်းရင်းများ

ကျိုက်ထီးရိုး၊ ချောင်းသာ(အပတ်စဉ် အင်္ဂါ၊သောကြာ)

▲ ပုပ္ပါး ပုဂံညောင်ဦး(ခွယ်တော်လေးဆူ)

▲ ပုပ္ပါး ပုဂံ(ခွယ်တော်လေးဆူ)မန္တလေး၊ ပြင်ဦးလွင်

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကဏ္ဍူ၊ ထမ်းစမ်းဂူ

▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ

▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ခဲ

▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ၊ နွားလပိုင်တောင်(အပတ်စဉ်သောကြာနေ့တိုင်း)

မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း ■ ထုံးဘို့ အကောက်တောင် ပြည်ဘုရားစုံ(၈နေ့) ■ လွန်ပြည်တော်ပြန်(တနင်္ဂနွေ)

၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ (၂)လမ်းနေ ဦးတင်မောင်-ဒေါ်ချောစိန်တို့၏သမီး မဝေဝေ[၁၂/လကန(နိုင်)၁၆၂၇၉၀] သည် မိဘနှစ်ပါးဆိုဆုံးမသည့်ကြားမှ မိဘဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုမူခဲ့သည့်အတွက် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ) **ဦးတင်မောင်-ဒေါ်ချောစိန် (KWA-၀၃၃၂၀၀)၊ (KWA-၀၀၄၃၂၆)**

အမည်ပြောင်းခြင်း

ဦးနိုင်နိုင်ဝင်း[၁၂/ဥကတ(နိုင်) ၁၃၆၈၀၃]၏ သမီးဖြစ်သူ သွန်းဝတီရန်နိုင်အား ယနေ့မှစ၍ သင်းသီရိစံ(ခ)Pinky San ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

Myanmar International Co-operation Agency (MICA)

အကျိုးတူတန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ယခင်ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်း မြေနေရာရှိ မြေရေိယာဇုန် F(၁၀၃. ၁၆)ဧကပေါ်တွင် Myanmar International Co-operation Agency (MICA)နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတွင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန် F(၁၀၃. ၁၆)ဧကပေါ်တွင် ပေ(၃၀×၄၀)နှစ်ထပ်(Shophouse) (၂၃)လုံးနှင့် တစ်ခန်းလျှင် 400 Sqft မှ 1200 Sqft အထိ ကျယ်ဝန်းသော အခန်းများပါရှိသည့် (၆)ခန်းတွဲ (၅)ထပ် အဆောက်အအုံပေါင်း (၁၇၆)လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာတင်သွင်းသော လုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု(၁၀၀%)ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၂၄-၆-၂၀၁၅ရက်နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်းရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Myanmar International Co-operation Agency (MICA)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၃၆)၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂၊ ၀၆၇-၄၀၉၂၁၅

ဦးတိုးအောင်[၁၂/တမန(နိုင်)၀၉၇၈၂၃]နှင့် အများသိစေရန် ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၇)လမ်း၊ အမှတ်-၂၅/၂၇၊ (၄)လွှာနေ ဒေါ်ခင်ရူပါမြင့်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ရူပါမြင့်သည် ဦးတိုးအောင်နှင့် လက်ထပ်ပေါင်းသင်း၍ သား(၂)ဦး ဖွားမြင်ခဲ့သော်လည်း လက်ထပ်ပေါင်းသင်းစဉ်ကာလတစ်လျှောက်တွင် ဒေါ်ခင်ရူပါမြင့်အား ရိုက်နှက်ညှဉ်းပန်းခြင်း၊ ဒေါ်ခင်ရူပါမြင့် တစ်ဦးတည်း စီးပွားရှာလုပ်ကိုင်နေသည့် တော်ဝင်ပလာဇာရှိ YT လက်ကိုင်ဖုန်းနှင့် အပိုပစ္စည်းအရောင်းဆိုင်မှ ရောင်းချရငွေများနှင့် ပစ္စည်းများအား ဒေါ်ခင်ရူပါမြင့် မရှိခိုက်ယူသွားခြင်း စသည်တို့ မကြာခဏဆောင်ရွက်သဖြင့် ဒေါ်ခင်ရူပါမြင့်မှ ၂၀၁၄ ခုနှစ်တွင် ဦးတိုးအောင်အား ပြစ်မှုကြောင်းအရ အမှုဖွင့်အရေးယူခဲ့ဖူးပါသည်။ ထိုစဉ်က ဦးတိုးအောင်မှ ဒေါ်ခင်ရူပါမြင့်နှင့် မိဘညီအစ်ကိုမောင်နှမများအား တောင်းပန်သဖြင့် ဒေါ်ခင်ရူပါမြင့်မှ အမှု ကျေအေးရုပ်သိမ်းပေးခဲ့ဖူးပါသည်။ အမှုရုပ်သိမ်းပေးပြီး ဒေါ်ခင်ရူပါမြင့်အား ဒေါ်ခင်ရူပါမြင့်၏ မိဘညီအစ်ကိုမောင်နှမများရှေ့၌ပင် ဦးတိုးအောင်မှ အစ္စလာမ်တရားတော်နှင့်အညီ တလာက် (၃)ကြိမ်ပေးပြီး ကွာရှင်းထားခဲ့ပြီးဖြစ်ပါသည်။ တရားတော်နှင့်အညီ ကွာရှင်းထားပြီးဖြစ်၍ သက်ဆိုင်မှုမရှိတော့ပါ။

ကွာရှင်းပြီးဖြစ်သော်လည်း ဦးတိုးအောင်မှ သားများကို အကြောင်းပြု၍ ဒေါ်ခင်ရူပါမြင့် နေထိုင်ရာ အိမ်နှင့်စီးပွားလုပ်ကိုင်ရာဆိုင်သို့ မကြာခဏဝင်ထွက်သွားလာမှုပြုခဲ့ပါသည်။ ဒေါ်ခင် ရူပါမြင့်မှ မလာရောက်ရန် တားမြစ်သော်လည်း လက်မခံပါ။

၆-၅-၂၀၁၅ရက်တွင် ဒေါ်ခင်ရူပါမြင့်နေအိမ်သို့ ရောက်ရှိလာပြီး ဒေါ်ခင်ရူပါမြင့်နှင့် စကားများပြီး ဒေါ်ခင်ရူပါမြင့်အား စိတ်ငြိုငြင်စေရန်နှင့် ထိခိုက်နာကျင်အောင်ပြုလုပ်ခဲ့ပါ၍ ဒေါ်ခင်ရူပါ မြင့်မှာ ထိခိုက်ဒဏ်ရာများရရှိကာ အိမ်ပေါ်မှ ဆင်းလာခဲ့ရပါသည်။ ဦးတိုးအောင်မှ ဒေါ်ခင်ရူပါမြင့်၏ ကားကိုယူသွားပြီး ဒေါ်ခင်ရူပါမြင့် အိမ်ထဲသို့ဝင်မရအောင် အိမ်အားသော့ခတ်ထားခဲ့ပါသည်။ တော်ဝင်ပလာဇာရှိ YT ဆိုင်သို့လည်း ဒေါ်ခင်ရူပါမြင့် ဝင်၍မရအောင် ဦးတိုးအောင်မှ ကြိမ်းမောင်းရန်ပြုခဲ့ပြီး ၂၆-၅-၂၀၁၅ ရက်တွင် ဆိုင်မှလက်ကိုင်ဖုန်းနှင့် အပိုပစ္စည်းငွေကျပ်သိန်းနှစ်ရာဖိုး ကို ယူဆောင်သွားခဲ့ပါသည်။

ဦးတိုးအောင်၏ ၂၉-၅-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော "အမြန်ပြန်လာပါ" ကြေညာချက်မှာ မှန်ကန်မှုလုံးဝမရှိပါ။

ဒေါ်ခင်ရူပါမြင့်မှ ဦးတိုးအောင်၏ ဥပဒေမဲ့လုပ်ဆောင်ခဲ့မှုများအား ဥပဒေအရ အရေးယူဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ**
**ဒေါ်ခင်ရူပါမြင့်**
**[၉/မရမ(နိုင်)၀၈၆၃၁၀]**

**ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမြင့်**
**အထက်တန်းရှေ့နေ(စဉ်-၇၅၂၆)**
**အမှတ် ၁၁၁/၇လမ်း၊ (၃)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၈၆၁၄၂၇၀**

# အရှေ့သို့ ခရီးသွားခြင်း

သံသာခင်



မဟာတံတိုင်းကြီးပေါ်တွင် အမှတ်တရ။

**ယမန်နေ့မှအဆက်**

လွန်ခဲ့သောနှစ်ပေါင်း (၃၀) ခန့်က စတင်ခဲ့သော တရုတ်ပြည်ပြုပြင်ပြောင်းလဲရေး (China Economic Reform) မှာ မိမိတို့သက်တမ်းအတွင်းမှာပင်ရှိသေးသဖြင့် မျက်စိအောက်မှာပင် ယခုလိုဖွံ့ဖြိုးတိုးတက်လာသည်ကို အံ့မခန်းဖြစ်မိပါသည်။

တရုတ်နိုင်ငံဟုဆိုလျှင် တရုတ်ပြည်ကွန်မြူနစ်ပါတီ (Communist Party of China/ CPC ) တစ်ခုတည်းရှိသော တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံဟုအများထင်မြင်ကြသည်။ မိမိလည်း ထိုနည်းတူပင်။ သို့ရာတွင် အမှန်တကယ်မှာတော့ လက်ရှိ တရုတ်နိုင်ငံတွင် ကွန်မြူနစ်ပါတီအပြင် နောက်ထပ် ကွန်မြူနစ် မဟုတ်သော ပါတီရှစ်ခုရှိပြီး Multi-party Cooperation System (ပါတီစုံ ပူးပေါင်းဆောင်ရွက်ရေးစနစ်) ကို ကျင့်သုံးလျက်ရှိပါသည်။

၎င်းစနစ်သည် အနောက်နိုင်ငံများတွင် ကျင့်သုံးသော Multi-party Competition System (ပါတီစုံယှဉ်ပြိုင်သောစနစ်)နှင့် အခြားသောနိုင်ငံများတွင်ကျင့်သုံးသော တစ်ပါတီ (One Party System) နှင့်မတူကွဲပြားကြောင်းတရုတ်နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသော တရုတ်ဝိသေသ လက္ခဏာများနှင့် ဆိုရှယ်လစ်နိုင်ငံရေးပါတီစနစ်ဟုဆိုလျှင် မမှားပေ။ တရုတ်နိုင်ငံ၏ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံရေး၏ အဓိကအရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။

နောက်တစ်နေ့ နံနက်စောစော ချမ်းချမ်းစီးစီးမှာပင်၊ ပီကင်းမြို့တောင်ဘက်ဘူတာရုံ (Beijing South Railway Station) သို့ ထွက်ခွာခဲ့ကြသည်။ ဘူတာရုံဟုသာဆိုသည် နိုင်ငံတကာ လေဆိပ်တစ်ခုလိုပင် ခမ်းနားကြီးကျယ်လှသည်။ ဈေးဆိုင်များလည်း များပြားလှပြီး တရုတ်စားသောက်ကုန်၊ လူသုံးကုန်များ ရောင်းချလျက်ရှိသည်။ ဒီလိုနှင့် မိမိတို့ မီဒီယာအဖွဲ့ဝင်များသည် မြန်နှုန်းမြင့်ရထား (ကျည်ဆံရထား) စီးနင်းက တီယန်ကျင့်မြို့သို့ ခရီးထွက်ခွာခဲ့ကြပါသည်။

ရထားတွဲများ အဆင့်မြင့်သပ်ရပ်သန့်ရှင်းပြီး သက်သောင့်သက်သာရှိလှပါသည်။ ရထားပေါ်တွင် တရုတ်အမျိုးသမီးဝန်ထမ်းများက အမှတ်တရပစ္စည်းများ၊ အစားအသောက်များကို တွန်းလှည်းလေးဖြင့် လိုက်လံရောင်းချရာ မိမိတို့ အဖွဲ့ဝင်များအားလုံး ကျည်ဆံရထားပုံတူ သော့ချိတ်များနှင့်ပစ္စည်းများ ဝိုင်းဝန်းဝယ်ယူကြသဖြင့်သူမှာ ပါလာသည်နှင့် မလောက်၍ထပ်မံ၍ပင် သွားရောက်ယူခဲ့ရပါသည်။ ၎င်းရထားဝန်ထမ်း တရုတ်အမျိုးသမီးမှာ သူ၏ခန့်ငြားသပ်ရပ်သော ဝတ်စုံကြောင့် စမတ်ကျကျဖြင့် ချောမောလှပလျက်ရှိရာ မိမိတို့အဖွဲ့မှ ကိုသန်းနိုင် (ဒီမိုကရေစီနေ့စဉ် သတင်းစာ) ကိုအောင်သူရ (Seven Day)တို့မှာ တွဲဖက်၍ ဓာတ်ပုံရိုက်ကြလေတော့သည်။ မိမိတို့ မိန်းကလေးအဖွဲ့ဝင်များကတော့ "ရန်ကုန်ရောက်လျှင် ပြန်တိုင်ပြောမယ်"ဟု စနောက်ရင်းရထားပေါ်တွင် တဝါးဝါး တဟားဟားဖြင့် လိုက်ပါလာခဲ့ကြတော့သည်။ ပီကင်းနှင့် တီယန်ကျင့်မှာ ကီလိုမီတာ (၁၀၀)ခန့်ဝေးရာ ရထားစီးချိန်မှာ နာရီဝက် (၃၀ မိနစ်) ခန့်သာ ကြာမြင့်သည်။ ဒီရထားမျိုးဖြင့်သာ ရန်ကုန်မှ နေပြည်တော်သွားလျှင် နာရီဝက်သာ ကြာမည်ဖြစ်သဖြင့် နေ့စဉ် ရုံးသွား ရုံးပြန်ပင် လုပ်ဆောင်နိုင်ကြောင်း အချင်းချင်း မစားရဝခမန်းပြောရင်း တီယန်ကျင့် ဘူတာသို့ ဆိုက်ရောက်ခဲ့ပါသည်။ မြောက်ပိုင်းပိုကျသဖြင့် ရာသီဥတုမှာ တော့အေးအေးစက်စက်ပင်။

**တီယန်ကျင့် မြန်နှုန်းမြင့် ရထားဘူတာရုံ**

တီယန်ကျင့်တွင် အစိုးရ၏ ကျေးလက်စီမံကိန်းဝင် အိမ်ရာတစ်ခုဖြစ်သော နန်ခိုက်မြို့နယ်ရှိ တျန်ယွဲ့ယွမ် (Tian Yue Yuan) အိမ်ရာသို့ သွားရောက် လေ့လာခဲ့ကြသည်။ ၆၄၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး လူဦးရေ တစ်သန်းကျော်နေထိုင်လျက်ရှိကြောင်း သိခဲ့ရပါသည်။ နေအိမ်အဆောက်အအုံများမှာ အထပ်မြင့် အဆောက်အအုံများဖြစ်သည်။ ၎င်းအိမ်ရာတွင် စီမံခန့်ခွဲရေးအဖွဲ့ဖွဲ့စည်းထားပြီးအိမ်ရာနေပြည်သူများ၏ ကိစ္စအဝဝကို အဆင်ပြေတိုးတက်အောင်စီမံခန့်ခွဲပေးသည့်အပြင်သက်ကြီးရွယ်အိုအဖိုးအဖွားများအတွက် ကာယစိတ္တ ခွန်အားဖြည့်အစီအစဉ်များဖြင့် စောင့်ရှောက်ပေးလျက်ရှိသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့ မြင်ခဲ့ရပါသေးသည်။

တီယန်ကျင့် မြူနီစပါယ်ပြည်သူ့အစိုးရ (Tianjin Municipal People's Government) ၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ချန်ဝေမင်း (Mr. Chen Wei Ming) နှင့်အဖွဲ့က မိမိတို့အဖွဲ့အား နေ့လယ်စာ ဖြင့် တည်ခင်းဧည့်ခံပါသည်။ နေ့လယ်စာသုံးဆောင်ရင်း နှစ်ဦးနှစ်ဖက် အတွေးအမြင် အတွေ့အကြုံများလည်း ဖလှယ်ခဲ့ကြပါသည်။ တရုတ်ပြည်ခရီးစဉ်တစ်လျှောက် ထမင်းစားဝိုင်းပေါင်းများစွာကြုံတွေ့ခဲ့ရပြီး အားလုံးကို ခံတွင်းတွေ့ခဲ့ကြပါသည်။ အားလုံးထဲတွင် တီယန်ကျင့်၌ တည်ခင်းဧည့်ခံသော ကွမ်တုံအစားအသောက်များကို အကြိုက်နှစ်သက်ဆုံးဖြစ်ခဲ့ပါသည်။

ပီကင်းသို့ပြန်ရန် တီယန်ကျင့်ဘူတာရောက်တော့ အဖွဲ့ဝင်အချို့က ရန်ကုန်ပြန်လက်ဆောင်အဖြစ် အသင့်စား ပီကင်းဘဲကင်အထုပ်များ၊ မုန့်များဝယ်ကြပါသည်။ အိမ်ပြန်မယ့်ရက်က နီးလာပြီကိုး။

နောက်တစ်နေ့တွင် People's Daily News အော့ဖ်စီသို့ သွားရောက်လေ့လာခဲ့ကြသည်။ people.cn ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာလျိုဟွာ (Mr.Luo Hua) က people.cn web site နှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားပါသည်။ People's Daily သတင်းစာနှင့် ပတ်သက်ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံ၏ အကြီးမားဆုံးနှင့် ဩဇာလွှမ်းမိုးမှုအရှိဆုံး သတင်းစာတစ်စောင် ဖြစ်ပြီး တစ်နိုင်ငံလုံးသို့ နေ့စဉ်စောင်ရေ သုံးသန်းခန့် ဖြန့်ဝေလျက်ရှိကြောင်း သိရှိခဲ့ရသည်။ People.com.cn website ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး တရုတ်ဘာသာနှင့် သာမက အခြားနိုင်ငံခြားဘာသာ ရှစ်မျိုးနှင့် တိုင်းရင်းသားဘာသာ ခုနစ်မျိုးတို့ဖြင့် ဖော်ပြပေးလျက်ရှိကြောင်းလည်း သိရှိခဲ့ရသည်။

နေ့လယ်စာစားပြီးတော့ ကမ္ဘာကျော် မဟာတံတိုင်းကြီး (Great Wall) ဆီသို့ သွားရောက် လည်ပတ်ကြရသည်။

ကျူရုံကွမ်ဂိတ်တွင် တောင်စောင်းများပေါ်၌ တည်ဆောက်ထားသောမဟာရံတံတိုင်းကြီးမှာ မတ်စောက်လှသည်။ ရှေးအခါက မွန်ဂိုတာတာများ၏ နယ်မြေကျူးကျော်မှုများကို တားဆီးနိုင်ရန် ဤမျှထုထဲကြီးကျယ်လှသော တံတိုင်းကြီးများကို တည်ဆောက်ကာကွယ်ထားခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်ကို ဖတ်ခဲ့ရဖူးပါသည်။

ဟိုတယ်သို့ အပြန်လမ်းတွင် ဈေးဝယ်စင်တာ တစ်ခုသို့ဝင်ပြီး အိမ်ပြန်လက်ဆောင်များ ဝယ်ကြပါသေးသည်။ တရုတ်လေကြောင်း China Air လိုင်းသည် ခရီးသည် တစ်ဦးလျှင် Check-in baggage (၂၀ကီလို) တစ်ခုတည်းသာ ခွင့်ပြုသည့်အတွက် baggage ထဲမဆန့်လျှင် များများလက်ဆွဲသယ်ဆောင်ရမည်ဖြစ်ရာ သိပ်တော့ မဝယ်ရဲပါ။ ဟိုတယ်ပြန် ရောက်တော့ ပြည်တော်ပြန်ခရီးစဉ်အတွက် ထုတ်ပိုးစရာရှိသည်များကို ထုတ်ပိုးပြီး အဖွဲ့ခေါင်းဆောင်အစ်ကိုကြီး ဦးခင်မောင်အေးအခန်းတွင် အားလုံးစုံကြသည်။ အဖွဲ့တွင်ပါဝင်သော မဇ္ဈိမ မီဒီယာမှ မဝေမာသိမ့်၏ မွေးနေ့နှင့် ကြုံကြိုက်ရာ စကားပြန် ကိုသက်နိုင်ကကိတ်မုန့်ကြီးတစ်လုံးဝယ်လာပေးသဖြင့် တပျော်တပါးကိတ်မုန့်ခွဲကြကာ နှုတ်ဆက်ပွဲနှင့် အတူဆင်နွှဲခဲ့ကြသည်ကိုလည်းမေ့နိုင်ကြမည် မထင်ကြပါ။

နောက်တစ်နေ့ ပြည်တော်ပြန်မည့်နေ့ နံနက်ပိုင်းတွင်တော့ မိမိတို့ မီဒီယာအဖွဲ့ကို စီစဉ်ဖိတ် ကြားဧည့်ခံသော တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနရုံးသို့သွားရောက်ရမည် ဖြစ်သည်။ ပီကင်းမြို့လယ်၊ ဖူးရှင်းလမ်းရှိ နိုင်ငံတကာရေးရာဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရှုယီ (Mr.ZhangXuyi) ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြရသည်။

မစ္စတာကျန်းမှာ ဉာဏ်ကောင်းပြီး စကားပြောရာတွင်လည်း ပါးပါးနပ်နပ်ရှိလှသည်။ သူကတရုတ်နိုင်ငံ၏ နိုင်ငံရေးအုပ်ချုပ်ရေးစနစ်၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် တံခါးဖွင့်ဝါဒ ကျင့်သုံးမှု အခြေအနေ၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး၊ မသင်မနေရပညာရေးစနစ်၊ ပြည်သူများအတွက် အိမ်ရာတည်ဆောက်ရေးနှင့် ရောင်းချပိုင်ဆိုင်မှု လုပ်ထုံးလုပ်နည်းများ ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံတကာဆက်ဆံရေးကို အလေးထားပုံ၊ တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် ပတ်သက်ပြီး အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာချပြဆွေးနွေးခဲ့ရာ မိမိတို့အဖွဲ့ဝင် အသီးသီးတို့ကလည်း ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးတွင် အစိုးရအချင်းချင်း သာမက ပြည်သူများနှင့် ပါကောင်းမွန်သော ဆက်ဆံရေးဖြစ်ရန် အရေးကြီးပါကြောင်း၊ ဒါမှသာလျှင်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးတွင် Win-Win Situation ဖြစ်ပြီး ရေရှည်အတွက် ကောင်းမွန်ခိုင်မာမည်ဖြစ်ကြောင်း အလွတ်သဘောအကြံပြုခဲ့ကြပါသည်။

နေ့တစ်ဝက်ကျိုးသည်အထိ ဆွေးနွေးပွဲက အရှိန်ကောင်းဆဲပင်။ သို့နှင့်နေ့လယ်စာသုံးဆောင်မည့် ရှန်ယုဖန် စားသောက်ဆိုင်တွင် နေ့လည်စာသုံးဆောင်ရန် ဆက်လက်ဆွေးနွေးခဲ့ကြပြန်ပါသေးသည်။ မိမိတို့အဖွဲ့ဝင်များမှ ဆွေးနွေးမေးမြန်းသော အချက်များကို တစ်ခုမှမကျန်အောင်ပင် ပြန်လည်ဆွေးနွေး ဖြေကြားပေးနိုင်ခဲ့သော မစ္စတာ ကျန်းရှုယီ၏ ဉာဏ်ရည်ထက်မြက်မှုနှင့် တာဝန်ကျေပွန်မှုသည် သူ့ကို အမြဲအမှတ်တရ ဖြစ်စေမည့် အချက်တစ်ချက်ပင်ဖြစ်ပါတော့သည်။

နေ့လယ်စာသုံးဆောင်ပြီးချိန်အထိ ခရီးလမ်း တစ်လျှောက်လုံးလိုက်ပါ ပို့ဆောင်သော မစ္စတာကျောက်ချောင် (Mr.Zhao Qiang) ပေါ်မလာဘဲ ပျောက်နေ၍ မေးမြန်းကြည့်ရာ၊ ဌာနမှတာဝန်ပေးချက်အရအစည်းအဝေးတစ်ခုကို သွားရောက်တက်နေရသဖြင့် မလာရောက်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော် လေဆိပ်သို့လိုက်ပါပို့ဆောင်နှုတ်ဆက်ရန် အချိန်မီပြန်လာမည်ဟု မှာခဲ့ကြောင်း ကိုသက်နိုင်က ပြောပါသည်။ မိမိတို့အားလုံးလည်း ခရီးတစ်လျှောက်လုံးခင်မင်ရင်းနှီးသံယောဇဉ်ဖြစ်ခဲ့ရသော မစ္စတာကျောက်ချောင်နှင့် မပြန်ခင် ထပ်မံတွေ့ဆုံနှုတ်ဆက်ခွင့်မရတော့မည်ကို စိုးရိမ်မှုပူပန်နေလျက် ရှိကြတော့သည်။

ဟိုတယ်ပြန်ရောက်ပြီး ခဏမျှ အနားယူပြီးနောက် ဟိုတယ် Check-out လုပ်ရန်ဆင်းခဲ့ကြပါသည်။ ဟိုတယ်ဧည့်ခန်းတွင် မစ္စတာကျောက်ချောင်ကို တွေ့လိုက်ရတော့ အဖွဲ့ဝင်အားလုံးမှာစိတ်အေးသွားကြရပြီးမတွေ့ရတော့မည်စိုး၍စိတ်ပူနေကြကြောင်း ဝိုင်းပြောကြရာ သူကလည်း နှုတ်မဆက်လိုက်ရမှာ စိတ်ပူ၍ ကိစ္စများအမြန်ဖြတ်ပြီး အပြေးအလွှားလာရောက်ခဲ့ကြောင်း အမောဖြေရင်းပြောရှာလေသည်။ (၁၀)ရက်တာ ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါပို့ဆောင်ကြသော တရုတ်မိတ်ဆွေများ အားလုံး သဘောကောင်း ကြပြီး ဧည့်ဝတ်ကျေပွန် ဂရုတစိုက်ရှိလှပါသည်။

ပြန်မည့်နေ့က လေဆိပ်ဆင်းသောလမ်းတစ်လျှောက်တွင်ပီကင်းရာသီဥတုမှာခါတိုင်းနေ့များထက်ပိုမိုအေးစက်ပြီးပတ်ဝန်းကျင်တစ်ခွင်လုံးမှာလည်း မှုန်မှိုင်းလျက်ရှိသည်။ လေဆိပ်ကို ရောက်တော့ ဒေသစံတော်ချိန် ညနေ ၄နာရီခွဲခန့်ရှိပြီ။ ဒါပေမယ့် ညရောက်သကဲ့သို့ အမှောင်ထုက လွှမ်းမိုးလျက်ရှိနေပါပြီ။ မစ္စတာ ကျောက်ချောင်နှင့် ကိုသက်နိုင်တို့မှာ မိမိတို့အဖွဲ့ကို ထွက်ခွာဂိတ်သို့ သွားရမည့် စက်လှေကားထိပ်အထိ လိုက်ပို့ရှာသည်။ စက်လှေကားမှ ဆင်းသွားပြီးလျှင် မိမိတို့ စီးနင်းရမည့် လေယာဉ်ရှိရာဂိတ်နံပါတ်သို့ ရထားဖြင့် (၂) ဘူတာခန့် ဆက်လက်စီးနင်းရမည်ဆိုသည်ကိုလည်း အသေအချာလမ်းညွှန်ပေးသေးသည်။ မိမိတို့အားလုံးလည်း ၎င်းတို့ နှစ်ဦးနှင့် တွဲဖက်ဓာတ်ပုံရိုက်ကြ၊ ဖက်လဲတကင်း နှုတ်ဆက်ကြပြီး စိတ်မကောင်းစွာဖြင့် လက်ပြနှုတ်ဆက်ခဲ့ကြပါတော့သည်။ (၁၀)ရက်တာ ခရီးစဉ်တစ်လျှောက် အတူသွား၊ အတူစား၊ အတူအိပ်ခဲ့ကြပြီး ပြောဆိုရင်းနှီးကျွမ်းဝင်ပြီးကာမှ ခွဲခွာရတော့မည်ဆိုတော့ မိမိတို့ အသီးသီး၏ ရင်ထဲကသံယောဇဉ်က ဇာတိပြခဲ့လေတော့သည်။ အားလုံးရဲ့ မျက်ဝန်းထဲမှာ မျက်ရည်များဝဲနေခဲ့ပြီး ရင်ထဲမှာတော့ ဝမ်းနည်းစိတ်တွေနဲ့ ပြည့်လျှမ်းနေတော့သည်။

ပြည်တော်ပြန် လေယာဉ်ခရီးတွင်ပြန်ပြောင်းစဉ်းစားကြည့်မိသည်။ ဒီခရီးစဉ်ကို စီစဉ်ဖိတ်ခေါ်သော တရုတ်ပြည်၊ ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာရေးရာဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မိမိတို့မြန်မာနိုင်ငံတို့ အကြားချစ်ကြည်ရင်းနှီးမှုကို ရည်ရှည်တည်တံ့ ခိုင်မြဲလိုသည်မှာ အမှန်ပင်ဖြစ်မည်။ တရုတ်- မြန်မာဆက်ဆံရေးကို အလေးထားသည်။ နှစ်နိုင်ငံဆက်ဆံရေးအပေါ် အပြုသဘော အကောင်းမြင်စေလိုသည်။ မိမိတို့ ခရီးစဉ်တစ်လျှောက်လုံးတွင်လည်း မြန်မာမီဒီယာအဖွဲ့ဝင်များအားလုံးက တိုင်းချစ်ပြည်ချစ်စိတ် အပြည့်ဖြင့် မိမိတို့ပြည်သူများ၏ ပစ္စက္ခတွေ ကြုံတွေ့ခံစားရမှုများ၊ သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့ကြသလို တရုတ်မိတ်ဆွေများကလည်း ၎င်းတို့အစိုးရ၏ စိတ်ရင်းစေတနာနှင့် အိမ်နီးချင်းမြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် သဘောထားအမြင်များကို လှစ်ဟဖွင့်ဆိုခဲ့ကြပါသည်။

သို့သော် နှစ်ဖက်ဝိသမလောဘသမားများ၊ အဂတိလိုက်စားသူများ၏ နိုင်ငံ့မျက်နှာကို မထောက်အတ္တကို ရှေ့တန်းတင်သူ လူနည်းစု၏မလျော်ကန်မသင့်မြတ်သော ဆုံးဖြတ်လုပ်ကိုင်မှုများကြောင့် နှစ်နိုင်ငံကြားဆက်ဆံရေးကို အကျည်းတန် အရုပ်ဆိုးစေသော ဖြစ်ရပ်များလည်းပေါ်ပေါက်ခဲ့ရသည်များကို တရေးရေးတွေးတောမြင်ယောင်ရင်း တရုတ်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး၏ ရှေ့ရေးကို ရတက်မအေးဖြစ်ခဲ့ရပါတော့သည်။ စဉ်းစားရင်း ပင့်သက်အခါခါ ရှိုက်မောရင်းဖြင့်ပင် အမိမြေသို့ လေယာဉ်ဆင်းသက်ခဲ့ပါတော့သည်။ ။

ဖတ်စရာ

# ရွှေစက်တော်ဘေးမဲ့တောမှ ရွှေသမင်နှင့် ကြယ်လိပ်

**à** ကောင်းသုတ(မင်းဘူး)

ရွှေစက်တော်ဘေးမဲ့တောသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု) မြို့နယ်၊ ပွင့်ဖြူမြို့နယ် ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များပါဝင်၍ အထူးသဖြင့် မုန်းချောင်းနှင့် မန်းချောင်းအကြားတွင် တည်ရှိပါသည်။

၎င်းဘေးမဲ့တောအား ၁၉၄၀ ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်တည်ထောင်ခဲ့သည်။ မန်းရွှေစက်တော်ဘုရားသမိုင်းတွင် အထက်စက်တော်ရာ ခြေတော်ရာအတွက် ဘုရားရှင်ထံအား တောင်းပန်တောင်းခံခဲ့သည့် သစ္စာဗန္ဒရသေ့ကြီးသည် မုဆိုးဘဝတွင် နေ့စဉ်အသားဟင်းလျာများအား တစ်နေ့လျှင် ဖောက်သည်ကိုးကျိပ်ကိုးယောက် (ကိုးဆယ့်ကိုးယောက်) ပေးနိုင်ခဲ့သည်ကို ထောက်ရှု၍ တစ်ချိန်သောအခါက ဤနေရာ ဤဒေသသည် မည်မျှတောနက်၍ သားရဲတိရစ္ဆာန်များ မည်မျှပေါများကြောင်းအား မှန်းဆ၍ သိရှိနိုင်ပါသည်။ အင်းဝခေတ် ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွားတောလားအား ဖတ်ရှုခြင်းဖြင့် သားရဲတိရစ္ဆာန်များပေါများခြင်း၊ ကျေးငှက်သာရကာ ငှက်အပေါင်းဖြင့် သာယာလှပခြင်းများ ဖတ်ရှုလေ့လာရမည်သာဖြစ်ပါသည်။

နောက်ပိုင်းတွင် လူအများ၏ စည်းကမ်းမဲ့စွာဖြင့် တိရစ္ဆာန်များအား ဖမ်းဆီးပစ်ခတ်၊ သတ်ဖြတ်ကြခြင်း၊ သစ်ပင်ဝါးပင်များအား စည်းကမ်းမဲ့စွာဖြင့် ခုတ်ယူသုံးစွဲကြခြင်းတို့ကြောင့် သစ်တောသည် တဖြည်းဖြည်းနှင့် ပြုန်းတီးလာရာမှ ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ရသည်။ ရွှေစက်တော်ဘေးမဲ့တော မြေမျက်နှာပြင်အား လေ့လာကြည့်ရှုလျှင် တောင်နှင့်မြောက်တန်းလျက် တောင်တန်းများ (ဆင်ခြေလျှောများအား သဲကျောက်များ ဖုံးလွှမ်းလျက်) တွေ့မြင်ရသည်။



မိုးရေချိန်လက်မ ၃၀ ဝန်းကျင်ရရှိပြီး အပူချိန် ၃၆ ဒီဂရီစင်တီဂရိတ်မှ ၄၄ ဒီဂရီစင်တီဂရိတ်အတွင်း ရရှိသဖြင့် သစ်တောအမျိုးအစားများမှာ အင်တိုင်းတော၊ အထက်ရွက်ပြတ်ရောတော တောင်ခြောက်အမျိုးအစားဖြစ်သည်။ ပေါက်ရောက်သောသစ်ပင်များမှာ သန်း၊ ဒဟတ်၊ ထနောင်း၊ သစ်ရာ၊ အင်ကြင်း စသည်ဖြင့် သစ်အမျိုးပေါင်း ၆၀ ကျော်မျှစ်ဝါး၊ သိုက်ဝါးတို့လည်း ပေါက်ရောက်သည်။ ရွှေစက်တော်ဘေးမဲ့တောနှင့် ဆက်စပ်သည့် ဧရိယာများတွင် သစ်ကြံပိုးခေါက်၊ ကရဝေး၊ မုဆိုးဖြူပ်၊ ဝံအူ အစရှိသော ဟင်းခတ်အမွှေးအကြိုင်များနှင့် ဘယဆေးပင်များအပြင်

## အကြောင်းအမျိုးမျိုးပြ၍ စည်းကမ်းမဲ့စွာ ပစ်ခတ်ဖမ်းဆီး သတ်ဖြတ်ကြသဖြင့် အဖိုးတန်ရှားပါးတိရစ္ဆာန်များ . . .

ရှားပါးလှသော တစ်ခိုင်လုံးရွှေသစ်ခွပင်များနှင့် အခြားသစ်ခွပင်များလည်း ပေါက်ရောက်သည်။

ရွှေစက်တောဘေးမဲ့တောအတွင်းတွင် မှီတင်းနေထိုင်ကြသော တိရစ္ဆာန်များမှာ မြန်မာ့ရွှေသမင်၊ ဂျီ၊ တောခွေး၊ မျောက်၊ ဆတ် အစရှိသော နို့တိုက်သတ္တဝါ ၁၄ မျိုး၊ မြွေ၊ ဖွတ်၊ လိပ် အစရှိသော တွားသွားသတ္တဝါ ၃၆ မျိုး လိပ်ပြာမျိုးစိတ် ၃၉ မျိုး ငှက်အမျိုးပေါင်း ၁၁၃ မျိုးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၎င်းရွှေစက်တော်ဘေးမဲ့တောမှ နိုင်ငံတော်အတွက် စီးပွားဖြစ် မဟုတ်သည့်တိုင် မိသားစုတစ်နိုင်တစ်ပိုင် စီးပွားရေးအဖြစ် ရေနံ၊ ကျောက်မီးသွေး၊ လချေးကျောက်များနှင့် လမ်းခင်းကျောက်များအား တူးဖော်ရရှိသေးသည်။ လူသားတို့သည် ပရဆေးဖော်စပ်ရန် အသားစားသောက်ရန် အကြောင်းအမျိုးမျိုးပြ၍ စည်းကမ်းမဲ့စွာ ပစ်ခတ်ဖမ်းဆီး သတ်ဖြတ်ကြသဖြင့် အဖိုးတန် ရှားပါးတိရစ္ဆာန်များသည် လည်းကောင်း ထင်းခုတ်၊ သစ်ခုတ်၊ ယာခုတ်၊ မီးသွေးဖုတ်၊ တောမီးရှို့ စသည်အလုပ်များ ပြုလုပ်ကြသဖြင့် ယခုအခါ မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် နေ့ညမပျက် ဘေးမဲ့တောများနှင့် ကာကွယ်တောများအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကာကွယ်စောင့်ရှောက်ရာတွင် အလွန်အင်မတန်ရှားပါးနေပြီဖြစ်သော ရွှေစက်တော်ဘေးမဲ့တောမှ တိရစ္ဆာန်နှစ်မျိုးအားတင်ပြလိုပါသည်။

**ရွှေသမင်**

မြန်မာအမည်မှာ ရွှေသမင်ဟုခေါ်ဝေါ်၍ အင်္ဂလိပ်အမည်မှာ BROW ANTLERED DEER ဟု ခေါ်ဆိုကြသည်။ ဖေဖော်ဝါရီလမှ ဧပြီလထိ မိတ်လိုက်ကြပြီး သမင်မများသည် ၈ လကိုယ်ဝန်လွယ်ထားကာ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သားပေါက်ကြပြီးလျှင် တစ်ခါသားပေါက်လျှင် တစ်ကောင်နှုန်းသာ သားပေါက်၍ သက်တမ်းမှာ အနှစ် ၂၀ မျှသာဖြစ်သည်။ ယင်းရွှေသမင်များသည် မကွေးတိုင်းဒေသကြီး ရွှေစက်တော်ဘေးမဲ့တောနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောတို့တွင် တွေ့ရှိရသည်။ သမင်ဖိုများသည် တစ်ကောင်တည်း နေထိုင်စားသောက်သော်လည်း မိတ်လိုက်ချိန်တွင် အဖိုအမတွဲလျက် ရေမသောက်ပဲနှင့် ရက်အကြာကြီးနေနိုင်၍ တစ်နှစ်လျှင်တစ်ကြိမ်မျှ ဦးချိုချလေ့ရှိ၏။ စားသောက်သော အစားအစာများမှာ ဇီးဖြူ၊ ဇန်ခါး၊ ဆီးသီး၊ ကန်စွန်းရွက်များဖြစ်ပြီး ယခုအခါ ခြံလှောင်စနစ်ဖြင့် နိုင်ငံတော်မှ စမ်းသပ်မွေးမြူရာ အောင်မြင်လျက်ရှိကြောင်း လေ့လာသိရှိရသည်။



**ကြယ်လိပ်**

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လိပ်အမျိုးပေါင်း ၃၂ မျိုး ရှိသည့်အနက် ရေချိုတွင်ကျက်စားသော လိပ်မှာ ၂၇ မျိုးဖြစ်ပြီး ပင်လယ်နေလိပ်မှာ ၅ မျိုးဖြစ်ကြောင်း လေ့လာသိရှိရသည်။ ရေချိုလိပ် ၂၇ မျိုးအနက် ၄ မျိုးသည် မြေပြင်တွင် ကျက်စား၍ ရွှေစက်တော်ဘေးမဲ့တောတွင် တွေ့ရှိရကာ လိပ်အမျိုးမှာ ကြယ်လိပ်(သို့မဟုတ်) ပန်းလိပ် သို့မဟုတ် ဆီကျိုလိပ် ဆီဆုံများတွင် ၎င်းလိပ်ခွံဖြင့် ဆီခတ်ယူသောကြောင့် အင်္ဂလိပ်အခေါ် STAR TORTISE ဖြစ်၏။ အောက်တိုဘာလတွင် ဥဥ၍ တစ်ခါဥလျှင် လေးလုံး၊ ငါးလုံးမျှသာဥပြီး မေလတွင် အကောင်လေးများ ပေါက်ကြပါသည်။ ၎င်းကြယ်လိပ်ကလေးများမှာ ရွှေစက်တော်ဘေးမဲ့တောမှအပ အခြားမည်သည့်နေရာဒေသမှ မတွေ့ရှိရပါ။ ကြယ်လိပ်ကလေးများသည် အလွန်လှပသဖြင့် အိမ်တွင် လိပ်မွေးလျှင် လာဘ်လာဘရွှင်သည်။ ဥစ္စာခနေတိုးတက်သည်။ ဘေးအန္တရာယ်ကင်းသည်ဟု စသည်အယူအဆရှိသော ဂျပန်လူမျိုးများ အလွန်သဘောကျနှစ်သက်ကြသည်။ အခြားနိုင်ငံများမှလည်း ဈေးကောင်းပေး၍ ဝယ်ယူမွေးမြူကြသဖြင့် မသမာသော နည်းလမ်းမျိုးစုံဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိရာ မျိုးတုံးတော့မည့် အခြေအနေကြုံကြိုက်ရသဖြင့် နိုင်ငံတော်မှ သစ်တောဥပဒေပြဋ္ဌာန်း၍ တားမြစ်ထားရကြောင်း သိရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု) မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့တွင်ပါဝင်သော ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာနှစ်ဆူ အမွေအနှစ်များတည်ရှိရာ ရွှေစက်တော်ဘေးမဲ့တောအား မြန်မာနိုင်ငံသူ၊ နိုင်ငံသား လုပ်သားပြည်သူတစ်ရပ်လုံးမှ ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတို့၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါတော့သည်။ ။




တန်ဖိုးရှိလှသော သားငယ်သမီးငယ်များ၏အနာဂတ်ကို
အကောင်းဆုံး ထုဆစ်ပေးမည်.....
ဦးအောင်ငွေးကျော် + ဒေါ်သောင်းသောင်းတည်ထောင် အုပ်ချုပ်သော
ပြင်ဦးလွင်မြို့
ရွှေအိုး
ကက-၁၀/၀၈/၁၁၁
ကိုယ်ပိုင်အထက်တန်းကျောင်း
ရုံးချုပ်-အမှတ်(၁၈၃)၊ (၁၁)လမ်း၊ (၈)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၈၅၂၁၂၄၉/၀၈၅၂၃၀၅၆/၀၉၃၃၀၆၄၉၇၇/၀၉၃၃၇၅၃၀၆၆

WE CARE YOUR TRIP
THE LINS
Travels & Tours Co., Ltd
အမှတ်(၄၇) မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
PH : 01-296531, 01-201784, 01-201785,
09-73006060,09-250358089
• ဗန်ကောက် - ပတ္တရားခရီးစဉ် June 26
660 USD (FLIGHT+VISA) ပါပြီး
• စင်ကာပူ ခရီးစဉ် July 27
800 USD (FLIGHT+VISA) ပါပြီး
ပုဂံ(စွယ်တော်လေးဆူ)-စလေ-မကွေး [၄ည-၅ရက်]-၁၅၀၀၀၀ ကျပ်
ဗန်ကောက် (ဖူးခက်)၊ ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှား (ဘာလီကျွန်း)၊ ကိုရီးယား၊ တရုတ်ပြည်၊ မလေးရှား၊ ဗိလစ်ပိုင်၊ ကမ္ဘောဒီးယား
ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်များ၊ ခရီးစဉ်များကို ဈေးနှုန်းသက်သာစွာဖြင့် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးနေပါပြီ။

# ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး၍ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ထားဝယ် ဇွန် ၈**

အခြေခံပညာမူလတန်းကျောင်း မေတ္တာမြို့နယ် ကျောက်မဲတောင်ရွာ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ကျောက်မဲတောင်ရွာရှိ အဆိုပါကျောင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီးပညာရေးမှူး ဦးထွန်းရီ၊ ရန်ကုန်မြို့နေ အလှူရှင် ဦးချန်ဦးနှင့် ဇနီးဒေါ်ဝင်းဝင်းရီ (Active Asia Co., Ltd) Harmony Global Trading Co., Ltd) တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ တက်ရောက်လာသူများက အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက 'ပန်းများဝေစည် မြန်မာပြည်' သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်သည့် ကျောက်မဲတောင်ရွာအခြေခံပညာမူလတန်းကျောင်းသည် ၁၉၆၁ ခုနှစ်ကတည်းက ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်သော ကျောင်းတစ်ကျောင်းဖြစ်ပြီး ၁၉၇၁ ခုနှစ်နောက်ပိုင်းမှစတင်၍ အ. မ. ကအဖြစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးအတွင်း တိုးတက်လာသော ကျောင်းသားဦးရေအရ ကျောင်းအဆောက်အအုံသစ်များကို တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာမှ ယခုဘဏ္ဍာရေးနှစ်အတွက် အဆောက်အအုံပေါင်း ၇၅ ခုအတွက် ငွေကျပ်သန်းပေါင်း ၃၅၉၆ ဒသမ ၄ ကို ကျခံသုံးစွဲသွားမှာဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်ကျောင်းသားလူငယ်များသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်မာရင့်သန်စေပြီး နိုင်ငံတော်ကအားထားရသော သားကောင်းရတနာများ၊ ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်ရန် အထူးလိုအပ်ကြောင်း၊ 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်အံ့' ဆိုသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းဖွဲ့များ၊ ပုဂ္ဂလိကစေတနာရှင်၊ အလှူရှင်များ၊ ပညာရေးဌာနဝန်ထမ်းနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပြီး မျက်မှောက်ကာလ ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးပညာရေးမှူးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်း၊ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးချန်ဦးက ကျောင်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အလှူရှင်က ကျောင်းဆောက်လုပ်ခြင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူ၍ တာဝန်ရှိသူများအား အထိမ်းအမှတ်အလံများပေးအပ်ခဲ့သည်။

ယင်းနောက် အလှူရှင်များက အလှူငွေများနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကျောက်မဲတောင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြား၍ ကျောင်းသား၊ ကျောင်းသူများက 'ဇာတိမာန်' သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့သည်။

အဆိုပါအဆောက်အအုံသည် တစ်ထပ် RC အမျိုးအစားဖြစ်ပြီး ၆၀×၃၀ ပေရှိ၍ တန်ဖိုးကျပ်သိန်း ၂၈၀ ဖြစ်ကာ ရန်ကုန်မြို့နေ အလှူရှင်ဦးချန်ဦး(ခ) AIan Chan နှင့် ဇနီးဒေါ်ဝင်းဝင်းရီ(ခ)Teresa Chan (Active Asia Co., Ltd) (Harmony Global Trading Co., Ltd) မှ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပခုက္ကူမြို့တွင် သဘင်ပညာရှင်များ၏သား၊ သမီးများအား ပညာရေးထောက်ပံ့ငွေများ ပေးအပ်

**ပခုက္ကူ ဇွန် ၈**

ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၈) ရပ်ကွက် လွတ်လပ်ရေးလမ်း အမျိုးသားခန်းမတွင် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဝင် သဘင်ပညာရှင်များ၏ ရင်သွေး ကျောင်းသား၊ ကျောင်းသူများအတွက် မြို့ရွှေမန်းသားလေး ဖိုးချစ်နှင့် အလှူရှင်များမှ ပညာရေးငွေပဒေသာပင်စိုက်ထူခြင်းနှင့် ပညာရေးထောက်ပံ့အလှူငွေပေးအပ်ပွဲအခမ်းအနားအား ဇွန် ၆ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသဘင်ပညာရှင်များအစည်းအရုံး နာယက ဦးကျော်စိုးနှင့် ဖိုးချစ်တို့က ပီတိစကား ပြောကြားခဲ့သည်။

ယင်းနောက် ပခုက္ကူမြို့နယ်သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဝင်းမင်းက ကျေးဇူးတင်စကားပြောကြားပြီး ပခုက္ကူခရိုင်အတွင်းရှိ သဘင်ပညာရှင်များအစည်းအရုံး ပညာရေးပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း၊ ပခုက္ကူ ရေစကြို၊ မြိုင်၊ ပေါက်မြို့နယ် သဘင်ပညာရှင်များအစည်းအရုံးအတွက် အလှူငွေပေးအပ်ခြင်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဝင် သဘင်ပညာရှင်များ၏ ရင်သွေး ကျောင်းသား၊ ကျောင်းသူများအတွက် အလှူငွေပေးအပ်ခြင်းတို့ဆောင်ရွက်ခဲ့ရာ စုစုပေါင်းအလှူငွေ ၃၇၃၅၀၀၀ ကျပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

## လေလံတင်ရောင်းချရန်ကြော်ငြာ

မြန်မာ့သစ်လုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ သစ်ထုတ်ရေးဒေသများနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ အသုံးမပြုတော့သည့် တာယာ၊ ဘက်ထရီ၊ ပေပါခွံ၊ ယာဉ်/ယန္တရားပစ္စည်းဟောင်းနှင့် လွှဝိုင်းဟောင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုသိမ်မြို့
(ခ) လေလံတင်ရောင်းချမည့်ရက် - ၂၄-၆-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ
(ဂ) လေလံပုံစံစတင်ရောင်းချမည့်နေရာ - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပုသိမ်မြို့
(ဃ) လေလံပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၆-၂၀၁၅ရက်

လေလံပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်-၅၀၀၀ိ/-ဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း ၀၄၂-၂၄၃၈၆

KMD Computer Centre
Microsoft Official Learning Partner

Microsoft အသိအမှတ်ပြု Network Engineering သင်တန်း
နှင့် Software Engineering သင်တန်း

- ကွန်ပျူတာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
- သင်တန်းပြီးဆုံးပါကလုပ်ငန်းခွင်သင်တန်းတက်ရောက်နိုင်ပါသည်။
- အမှန်တကယ်လုပ်ငန်းခွင်ဝင်နိုင်ပါမည်။

သင်တန်း(၁)ခု တက်ရောက်ရုံဖြင့် Certificate(၂) ခု ရရှိမည့် သင်တန်းများ

| Network Engineering တန်းခွဲသစ်များ | | Software Engineering တန်းခွဲသစ်များ | |
|---|---|---|---|
| 13 June 2015<br>2:00pm-5:00pm<br>(Sat - Sun) | 25 June 2015<br>9:40am-12:20pm<br>(Mon - Fri) | 8 June 2015<br>10:00am-1:00pm<br>(Mon - Fri) | သင်တန်းများကို စုံစမ်းအပ်နှံနိုင်ပါပြီ။ |

၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၈၁၀၃၅၊ ၃၉၁၂၈၆၊ ၃၈၁၇၇၆။
၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း-၅၂၇၄၃၆၊ ၅၃၄၁၇၀၊ ၅၀၂၂၃၃။

PUN HLAING SILOAM HOSPITALS

Pun Hlaing Golf Estate Avenue,
Hlaing Thayar Township, Yangon, Myanmar
Tel: +95 1 684 321, 684 325, 684 336,
email: hr.phih@spa-mm.com

## Immediate Vacancies for Pun Hlaing Siloam Hospitals

Pun Hlaing Siloam Hospitals have been delivering the international standard quality care and having leading facilities, education and latest equipment and technology. We are planning for further expansion of the existing hospitals and healthcare delivery institutions in Myanmar.

It is a great, once in a life time opportunity to work in a wonderful health care environment with the lasting social, financial, professional and academic impact. We are currently looking for the experienced and dynamic people to join at our hospitals national network across Myanmar.

(Fresh graduates are also welcome)

### Immediate Vacancies for

- Specialists
- Resident Medical Officers
- Midwives
- Pharmacists
- Physiotherapists
- Chief Engineer
- IT Officer
- Administrative Secretary
- Customer Support Services Assistants
- Senior Medical Officers
- Staff Nurses (OT, ICU, OPD, Ward, ED, CSD)
- Radiographers
- Medical Technologists
- Health Care Assistants
- Chief Cook
- Financial (Accounts, Cashiers)
- Human Resources Assistant

Our hospital will offer a competitive remuneration package and career development opportunities based on experience and ability. Those interested can send their applications in person within two weeks together with their CVs and 2 recent passport photos, copies of relevant certificates, NRC card, Labor registration form, and police station recommendation.

Human Resources Department
email: hr.phih@spa-mm.com

Only short-listed applicants will receive a reply.

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"သူငယ်ချင်းရဲ့ မေတ္တာကို မသွားခင် ခိုင့်ကို ဖွင့်ပြောသွားမလား " ငြိမ်းမောင်က ခေါင်းခါသည်။

"စောပါသေးတယ် သူငယ်ချင်း။ ပြီးတော့ ငါဟာ ဘာကောင်မှ မဟုတ်သေးဘူး။ ခိုင်နဲ့ ထိုက်တန်တဲ့ ဘဝရောက်မှ ငါ ဖွင့်ပြောမယ်။ လောစရာ မလိုပါဘူးလေ။ ဒီထက်မက ရှည်တဲ့နှစ်တွေကို ငါ မျှော်လင့်ချက်နဲ့ ဖြတ်ကျော်နိုင်ခဲ့သေးတာပဲဟာ " ကျွန်တော်က ငြိမ်းမောင်ကို ခေါင်းငဲ့၍ တစ်ချက်ကြည့်မိသည်။

ငြိမ်းမောင်သည် မြေပြင်ကို စူးစိုက်ကြည့်ရင်း ခြေလှမ်းကို လေးလေးမှန်မှန်နှင့် ကျဲကျဲလှမ်းနေ၏။

၎င်းခြေလှမ်းတို့သည် ၎င်းအကြိမ်၌ မြေပြင်ကို မကျေနပ်စွာနင်းနေလေသည်မှ မဟုတ်တန်ရာ။ ကျွန်တော့်မျက်လုံးများသည် ကျွန်တော်တို့ မျက်နှာမူလျက်ရှိရာ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီရောက်သွားသည်။

တစ်နေ့တာမည်သော အချိန်ကာလ အပိုင်းအခြားတစ်ရပ်၏ နိဂုံးချုပ်သည့် သဘောကို စုံးစုံးမြုပ်ဝင်ခဲ့ပြီဖြစ်သော နေလုံးက သရုပ်ဆောင်ပြလျက်ရှိသည်။

နေလုံးသည် စုံးစုံးမြုပ်ဝင်သွားခဲ့ပြီ ဖြစ်လင့်ကစား မိုးကုပ်စက်ဝိုင်း၏ အထက်ဆီ၌ မထိန်မဝင်းသော်လည်း အလင်းပင် မည်သေးသည့် ရောင်ခြည်တို့ကို ထားချန်ရစ်သည်။

ကျောခိုင်းထားရာအရပ်ဆီမှ ကျိုက်ဗောဓိစေတီကြီး၏ ညောင်ရွက်ခတ်သံ၊ ဆည်းလည်းသံတို့သည် ညိုးညိုးညံ့ညံ့ လွင့်ပျံ့လိုက်ပါနေ၏။

ထိုခဏတွင်ပင် ထူးဆန်းသော ဆွေးမြေ့မှုတစ်ရပ်သည် ကျွန်တော့်ရင်၌ မသိမသာ ထင်လာသည်။

ဆောင်းညဆည်းဆာ၌ မသိမသာ ချဉ်းနင်းလာသော အမှောင်ဓာတ်ပမာ မသိမသာ လွှမ်းထင်လာခဲ့ပါ၏။

**(၂၆) တစ်ယောက်တစ်မြေ**

ငြိမ်းမောင် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားပြီးနောက် ၎င်းဝတ္ထုဇာတ်လမ်းတွင် အသေးစိတ် ထည့်သွင်းရေးသား ဖော်ပြထိုက်လောက်အောင် ထူးခြားသော အဖြစ်အပျက်များ မပေါ်ပေါက်ခဲ့ပါ။

ကျွန်တော်က ဆေးတက္ကသိုလ်မှာ သင်ရိုးသင်စဉ် ဆက်သင်နေသည်။ ခိုင်မူ စာမေးပွဲ တစ်နှစ်ဆက်ကျကြောင်း သိရသည်။ လှိုင်မူကား ကိုးတန်းသို့ တက်ခဲ့ရသည်။

အရေးတယူ အနည်းငယ် ဖော်ပြထိုက်သည်မှာ တင်မောင်ညွန့် ဖြစ်ပါ၏။

တင်မောင်ညွန့်ကို ကျွန်တော်က တင်းတင်းမာမာ ဆက်ဆံသော်လည်း သူက ဖော်ရွေလေးစားစွာ လိုက်လံနှုတ်ဆက်တတ်သည်။ သူ့ဘက်က လိုက်လျောပြန်သော် ကျွန်တော် ဆက်လက်မရိုင်းပျသာ။

လသာလမ်း ဆေးသိပ္ပံကျောင်းတွင် နေရာမရသော ဆေးကျောင်းသားတချို့သည် တကောင်း ကျောင်းဆောင်တွင် နေကြသည်။ တကောင်းကျောင်းဆောင်ရှိ မိတ်ဆွေ ဆေးကျောင်းသားထံ သွားတိုင်း တင်မောင်ညွန့်ကို ကျွန်တော် တွေ့ရသည်။ တင်မောင်ညွန့်သည် ဥပစာသိပ္ပံတန်းအောင်မြင်ပြီး အရွေးချယ်ခံရသောကြောင့် သစ်တောပညာသိပ္ပံကျောင်းသားတစ်ဦး ဖြစ်နေသည်။ သစ်တောပညာသိပ္ပံကျောင်းသားတို့သည် မိုးတွင်း၌ ရန်ကုန်တက္ကသိုလ်တွင် စာတွေ့ပညာရပ်များသင်ကြားကြရသည်။ ဆောင်းမှစ၍ နယ်ထွက်တောဆင်းလျက်လက်တွေ့ပညာ ဆည်းပူးကြရသည်။ ရန်ကုန်တက္ကသိုလ်တွင်ရှိဆဲ သစ်တောပညာသိပ္ပံကျောင်းသားများသည် တကောင်းကျောင်းဆောင်၌ နေကြသောကြောင့် တင်မောင်ညွန့်နှင့် ကျွန်တော် မကြာခဏတွေ့ရသည်။

အသက်နှင့် ပညာအဆင့်အတန်းကြောင့်လော မသိ၊ တင်မောင်ညွန့်၏ ဟန်ပန်အမူအယာတို့သည် တည်ကြည်လေးနက်လာခဲ့သည်။ တင်မောင်ညွန့်၌ မပြောင်းလဲသည်မှာ ယခုတိုင် ခိုင့်ကို သံယောဇဉ်ကြီးနေခြင်းဖြစ်သည်။

သူ့အခန်း စာရေးစားပွဲပေါ်၌ ခိုင့်ဓာတ်ပုံကို ထောင်ထားသည်။ အခန်းနံရံ၌လည်း ရယ်ဖွယ် . . .

သနားဖွယ် ဆောင်ပုဒ်တစ်ခုကို သဘော်ဆေးအနီနှင့် ရေးထားသည်။

"ချစ်၍ကြိုးစားသည် "ဟူသတည်း။

ကျွန်တော်သည် တင်မောင်ညွန့်ကို မမုန်းရက်တော့။ အနည်းဆုံး မိုက်ကန်းသည့် ညီတစ်ဦးအပေါ်ထားရှိသည့် ကြင်နာမှုမျိုးကို ထားနိုင်ခဲ့သည်။

ထိုနှစ် ဆောင်းတွင်း၌ တင်မောင်ညွန့်တို့သည် ကချင်ပြည်နယ် သစ်တောများဆီသို့ သွားရောက်၍ လက်တွေ့ပညာဆည်းပူးရသည်။

နောက်တစ်နှစ် မိုးဦး၌ ပြန်လာသောအခါ တင်မောင်ညွန့်သည် ရှားပါးသော သစ်ခွပန်းများကို ကချင်ပြည်နယ် တောတောင်များမှ ယူလာခဲ့သည်။ အချို့ကို ပုသိမ်လမ်းရှိ ခိုင်တို့အိမ်အတွက် ပေးသည်။

အချို့ကို သန်လျင်ရှိ ခြံတွင်း၌ စိုက်ရန်ဆိုကာ ကျွန်တော့်ကို ပေးသည်။

ခွင့်လွှတ်၍ ခင်မင်ခဲ့ပြီဖြစ်သော ကျွန်တော်က ကျောင်းအားလပ်ချိန်တစ်ရက်တွင် တင်မောင်ညွန့်အား သန်လျင်သို့ အလည်ခေါ်ခဲ့သည်။

ညနေစောင်း ခြံတွင်း လမ်းလျှောက်ရင်း ကျွန်တော်က ကျွန်တော်၊ ခိုင်၊ ငြိမ်းမောင်တို့ ငယ်စဉ်က ကစားခဲ့ကြသော နေရာများကို ညွှန်ပြ၍ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောပြမိသည်။ တင်မောင်ညွန့်သည် အားငယ်ဝမ်းနည်းသော အပြုံးကိုပြုံး၍ မေးသည်။

"အစ်ကိုမောင် . . . ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ . . . ဆိုတဲ့ စကားကို အစ်ကိုမောင် ယုံသလား "

ကျွန်တော်က သူ့ကို စူးစမ်းစွာ ပြန်ကြည့်ပြီး အသာအယာဆို၏။

" မောင်ညွန့်ရယ် . . . မင်းမေးတဲ့စကားကြီးက အဓိပ္ပာယ်များတော့ အစ်ကိုမောင် ဘယ်လိုဖြေရမှာလဲ"

" မဟုတ်ပါဘူး အစ်ကိုမောင် . . . ။ ကျွန်တော် ရိုးရိုးမေးတာပါ။ ယေဘုယျသဘောပေါ့ "

"အေး . . . ယေဘုယျသဘော မေးရင်တော့ ယေဘုယျသဘောပဲ ဖြေရမှာပဲ။ ဒါထက် မောင်ညွန့်ဗုဒ္ဓအဘိဓမ္မာကို လိုက်စားဖူးသလား . . . "

"ဟင့်အင်း . . . ကျွန်တော် အဘိဓမ္မာဆို ဘယ်အဘိဓမ္မာမှ မသိဘူး . . . "

"ကောင်းကွာ . . . ဒီလိုဆို . . . ဘယ်က စပြောရမှန်းတောင် မသိဘူး။ ထားလေ၊ မောင်ညွန့်ရဲ့အမေးကို ဖြေဖို့က အချစ်ဆိုတာကို ဘယ်လို အနက်အဓိပ္ပာယ်နဲ့ သုံးကြသလဲလို့ ပြန်မေးရလိမ့်မယ်။ အချစ်ဆိုတာက မေတ္တာအဖြစ်နဲ့ ပြောနေသလား၊ ပေမတဏှာအဖြစ်နဲ့ ပြောနေသလား "

" ဟင် . . . အစ်ကိုမောင်ကလည်း အချစ်ဆိုတာ မေတ္တာပေါ့ "

"ဒီလို လုံးပြောလို့မရဘူး မောင်ညွန့်။ လူတွေဟာ အချစ်ဆိုတဲ့စကားကို သုံးတိုင်း၊ မေတ္တာနဲ့ ပေမတဏှာကို ရောရောထွေးထွေး ပြောမိကြတယ်။ ဖိုနဲ့မ . . . တပ်မက်ကြတာကို မေတ္တာလို့ ခေါ်ဖို့မပြောနဲ့၊ မောင်နဲ့ နှမ၊ သားနဲ့ အမိ ချစ်ကြတာကိုတောင်မှ ၅၂၈ မေတ္တာလို့ အရမ်းခေါ်လို့မရဘူး။ မောင်နဲ့ နှမ၊ သားနဲ့ အမိချစ်ကြတာကိုတောင်မှ ထောင့်ငါးရာ နယ်ပယ်ထဲမှာ ရှိနေတတ်ကြတယ်။ မောင်နဲ့ နှမ၊ သားနဲ့ အမိ အချစ်ဟာ လင်ချစ်မယားချစ်၊ သမီးရည်းစားချစ်လောက် ပူလောင်တဲ့ ကိလေသာ မဟုတ်ပေမယ့်၊ ဂေဟသိတပေမ (ဝါ) အိမ် သို့မဟုတ် အိမ်ထောင်စုသဘောကို မှီဖြစ်လာတဲ့ သမုဒယတရားအဖြစ်ပဲ ရှိနေသေးတယ်။ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သော မေတ္တာသဘောကို သရုပ်ခွဲပြောရင် ရတယ်။ ဒါပေမယ့် သိပ်ရှည်မယ်။ အတိုချုပ်ကတော့ ဩဓိသ၊ အနောဓိသဆိုတဲ့ ဂုဏ်တွေနဲ့ပြည့်တဲ့ ဖြူစင်သော ချစ်ခြင်းသာ မေတ္တာမည်တယ်"

" ဟာ . . . အစ်ကိုမောင်ကလည်း အဲဒီတရားတွေနဲ့ ကျွန်တော် မေးတာနဲ့ ဘာဆိုင်လို့လဲ . . . "

" ဆိုင်လို့ ပြောနေတာပေါ့ မောင်ညွန့်ရယ် . . . ။ ငယ်ကချစ် အနှစ်တရာ မမေ့သာ ဆိုတဲ့စကားဟာ မှန်သလိုလိုနဲ့ မှားတယ်။ မှားသလိုလိုနဲ့လည်း မှန်တယ် . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


"ဈေးနဲ့ဖေကို တန်ဖိုးထားသော မိဘများနှင့် အချိန်ကို တန်ဖိုးထားသော ကျောင်းသား/သူများ အတွက် "
ဒေါ်သန်းမြင့် (ဝါရင့် M.Sc)အုပ်ချုပ်သင်ကြားသော
ဘာသာစုံစာသင်ဝိုင်းများနှင့် Repeater အထူးစခန်းသွင်းဘော်ဒါ
၈၊၉၊၁၀တန်း(တက္ကသိုလ်ဝင်တန်း)
* တိုင်းစစ်(၈)တန်းများ Grade-A ဖြင့်အောင်ရန် အချိန်များများဖြင့်သင်သည်၊
* ၉တန်းများအား ကျောင်းတွင်းအဆင့်(၁)မှ(၁၀)မဝင်ဝင်အောင်သင်သည်၊
* (၈၊၉၊၁၀)Repeaterများ အောင်ကိုအောင်ရမည်၊(မအောင်လျှင်ပြန်လျော်မည်၊) ခြံအမှတ်(212)၊စက်မှု(၃)လမ်း၊ မေတ္တာညွှန့်၊ တာမွေ
Ph: 09-5165231, 09-5165230, 01-8603664

## မြေကွက်ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံတောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
Ph:09-260664480, 09-260664490

## အိမ်အကူအလိုရှိသည်

တစ်လ ခြောက်သောင်း(၆၀၀၀၀ိ/)အသားတင်စုနိုင်သည်။ နေစရိတ်၊ စားစရိတ်(ငြိမ်း)။ ရန်ကုန်မြို့တွင် နေရမည်။ (လုပ်ငန်းအတွေ့အကြုံ၊ အတန်းပညာမလိုပါ) အသက်(၂၂)နှစ်နှင့်အောက်၊ အိမ်ထောင်မရှိသူဖြစ်ရမည်။ အလုပ်ကို ရိုးရိုးသားသား၊ ကြိုးကြိုးစားစားလုပ်သူဖြစ်က အသားတင်လစာတိုး၍တိုး၍ရရှိမည်။ ရွေးချယ်ခံရပါက ရန်ကုန်သို့လာသော ခရီးစရိတ်ထုတ်ပေးမည်။
ဆက်သွယ်ရန် ဖုန်း ၀၉-၂၅၄၆၅၉၀၆၆၊ ၀၉-၅၅၀၁၃၇၈
ဆက်သွယ်ရန်အချိန် နံနက် ၇း၀၀ နာရီမှ ၁၁း၀၀ နာရီ
ညနေ ၃း၀၀ နာရီမှ ၇း၀၀ နာရီထိ

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရွှေသင်းသမင်ဖြူ
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
နယ်မှဝေဒနာရှင်များ စာတိုက်မှတဆင့်မှာယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၅

သက္ကတဘာသာ နှင့် ဟင်ဒီဘာသာ တို့မှ
မြန်မာဘာသာသို့ ပြန်ဆိုသော
သမားတော်ကြီးဦးသောင်းနိုင်
ကျန်းမာရေးအတွက်ဆေးဖက်ဝင်သော
ချင်း(ဂျင်း)
ဖုန်း - ၀၉၇၃၀၃၁၃၁၄
စာအုပ်သစ် ထွက်ပြီ




EDUCATION DIGEST JOURNAL
ပညာပဒေသာ ဂျာနယ်
အတွဲ (၄) အမှတ် (၂၁) ■ ၁၁-၆-၂၀၁၅ ရက်နေ့ထုတ်
ပညာရေးဆိုင်ရာ သတင်း၊ ဆောင်းပါး၊ လေ့လာစရာများနှင့်အတူ...
အိမ်ဖြူတော်ရောက် မြန်မာလူငယ်တစ်ယောက်အကြောင်း...
ထွက်ပြီ

## ကျောင်းအုပ်ကြီး တစ်ဦးအလိုရှိသည်

- အသက် ၄၀ မှ ၆၅ နှစ်အတွင်း ရှိသူ
- ပြည်ပမှ Master/Ph.D ဘွဲ့တစ်ခုခုရရှိသူ
- သင်ကြားရေးအတွေ့အကြုံ အနည်းဆုံး(၁၀)နှစ်၊ ပညာရေးကဏ္ဍတွင် အနည်းဆုံး (၅)နှစ် အတွေ့အကြုံရှိသူဖြစ်ရမည်။

ထမ်းဆောင်ရမည့် တာဝန်များ

- သင်ကြားမည့်ဌာနအလိုက် ဆရာ/နည်းပြများကို လေ့ကျင့်ပျိုးထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ဦးဆောင်လမ်းပြနိုင်ရမည်။
- အချိန်ဇယား၊ သင်ရိုးဇယားများကို BTEC(UK) လမ်းညွှန်အတိုင်း၊ လိုအပ်သလို ထိန်းညှိပြုပြင်ပေးနိုင်ရမည်။
- ကျောင်းသားရေးရာအဖွဲ့ကို လမ်းညွှန်ဦးဆောင်နိုင်ရမည်။
- ကျောင်းသားဗဟိုပြု အကောင်အထည်ဖော်ရန်၊ တီထွင်ဖန်တီးနိုင်စွမ်းများ ဖော်ထုတ်ရန် ဦးဆောင်မှုပေးနိုင်ရမည်။

အထက်ပါအရည်အချင်းများနှင့် ကိုက်ညီပြီး စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ (၁)လအတွင်းရိုက်ထားသော ဓာတ်ပုံ၊ မျှော်မှန်းလစာများဖြည့်စွက်ပြီး အောက်ပါ E-mail လိပ်စာသို့ (30-June-2015) မတိုင်မီ ပေးပို့ လျှောက်ထားနိုင်ပါသည်။
U Thet Tun Aung (Ph) 09-425021121
kthet14@gmail.com (or) mgthihaaung@gmail.com
No.29(A),Parami Road, Mayangone Township, Yangon.

# သမဝါယမစနစ်သည် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့်စနစ်ဖြစ်ကြောင်း ပြောကြား

**မြစ်ကြီးနား ဇွန် ၈**

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူအားလုံး၏ စားနပ်ရိက္ခာဖူလုံရေးနှင့်စီးပွားရေးတိုးတက်မှုရရှိစေရေးတို့အတွက် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့်အတွက် ပိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ရမည့်စနစ်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ယင်းအပြင် တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့် အသင်းသားများ၏ စုဆောင်းငွေ၊ အရင်းအနှီး၊ ကိုယ်ပိုင်စက်ကိရိယာများနှင့် တစ်ပိုင်တစ်နိုင်ရပ်တည်လာနိုင်မည်ဖြစ်ပြီး မိမိအကျိုးသာမက အများအကျိုး နိုင်ငံတော်အကျိုးကိုပါ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းက ကချင်ပြည်နယ်အတွင်း စိုက်ပျိုးစရိတ်၊ မွေးမြူရေးစရိတ်နှင့် ချေးငွေမရရှိသေးသည့် သမဝါယမအသင်းသစ်များအတွက် ချေးငွေကျပ် ၁၆၁၁ ဒသမ ၄၉ သန်းနှင့် ချေးငွေရရှိပြီး အသင်းများအတွက် တိုးမြှင့်ချေးငွေကျပ် ၁၉၄၂ ဒသမ ၁၁ သန်းဖြင့် စုစုပေါင်းကျပ်သန်း ၃၅၅၃ ဒသမ ၆၀ ကို အတိုးမှာ တစ်လလျှင် ၁ ကျပ် ၁၅ ပြားနှုန်းဖြင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်နယ်အတွင်းယခင်ထုတ်ချေးပေးထားသည့် ငွေကျပ် ၆၆၈ ဒသမ ၁၆ သန်းနှင့် ချေးငွေသစ်နှင့်ပေါင်းပါက ကျပ် ၄၂၂၂ ဒသမ ၇၆ သန်းကို ထောက်ပံ့ပေးနိုင်ပြီဖြစ်၍ပြည်သူများအတွက် တစ်လအတိုးနှုန်းထားသက်သာမှု ကျပ် ၃၇၁ ဒသမ ၂၉ သန်းကျော်ခံစားရမည်ဖြစ်ကြောင်းကို ဒုတိယဝန်ကြီးကဆက်လက်ပြောသည်။

ယခင်ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ပြီးပါက ယခုအတိုးနှုန်းသစ်ဖြင့် တစ်ပြေးညီထုတ်ချေးပေးသွားမည်ဖြစ်ပြီး အသင်းသားများအတွက် Hire Purchase အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုသည့် လယ်ယာလုပ်ငန်းသုံး ၆၀၄ ခုအတွက် တန်ဖိုးအားဖြင့် ကျပ် ၁၃၆၇ ဒသမ ၅၅ သန်းရှိကြောင်း ၎င်းကပြောသည်။

အခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံထုတ် လယ်ယာသုံးပစ္စည်းနှင့် အခြားနိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာများ၊ လုပ်ငန်းပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်အောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးကပြောသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ် သမဝါယမအသင်း ၃၅၅ သင်းသို့ ပံ့ပိုးငွေကျပ် ၃၅၂၉ ဒသမ ၂၈ သန်း၊ ဒုတိယဝန်ကြီးက ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘော မြို့နယ်များရှိ အသင်း ၁၉၈ သင်းသို့ ပံ့ပိုးငွေကျပ် ၁၃၉၁ ဒသမ ၈၇ သန်းနှင့် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်းက မြို့နယ် ၁၁ မြို့နယ်၏ အသင်း ၁၀၃ သင်းမှ အသင်းသား ၆၀၄ ဦးအတွက် လယ်ယာသုံးနှင့် လုပ်ငန်းသုံးစက်ကိရိယာအစီးရေ ၆၀၄ စီးအား အရစ်ကျစနစ်ဖြင့်ရောင်းချပေးနိုင်ရန် ပံ့ပိုးငွေကျပ် ၁၃၆၇ ဒသမ ၅၅ သန်းဖြင့် စုစုပေါင်းပံ့ပိုးချေးငွေအဖြစ် ကျပ် ၄၉၂၂ ဒသမ ၅၅ သန်းကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်များမှ သမဝါယမအသင်းသူ၊ အသင်းသားများနှင့်ဒေသခံတောင်သူများသည် ပြည်နယ်အားကစားဝင်းအတွင်း ခင်းကျင်းပြသထားသည့် အရစ်ကျစနစ်ဖြင့်ရောင်းချမည့် ဆန်စက်၊ ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ရှပ်ပြေးယာဉ်၊ တုန်းဖုန်း၊ ထွေလာဂျီ၊ သုံးဘီးဆိုင်ကယ်၊ အင်ဂျင်စက်များနှင့် ရက်ကန်းစက်များစသည့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲကျင်းပ

**တာလေ ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ နားယောင်းကျေးရွာအုပ်စု မိုက်ဟွန်းဆံခါကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

မိုက်ဟွန်းဆံခါကျေးရွာ၌ ယခုပညာသင်နှစ်အတွက် ကျောင်းအပ်နှံထားသူဦးရေမှာ မူလတန်းခြောက်ဦးနှင့် မူကြိုကလေးငယ် ၁၅ ဦးတို့ရှိပြီး ကျောင်းသုံးစာရေးကိရိယာများကို နားယောင်းအုပ်ချုပ်ရေးမှူးက လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အလှူရှင် ဦးစိုင်းနန္ဒကျော်စွာအောင်နှင့် မိုက်ဟွန်းဆံခါကျေးရွာမှ ဒေသခံကျောင်းဖြစ်မြောက်ရေးအဖွဲ့ သူကြီးဦးလော်ဂျေဦးဆောင်၍ ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာမူလတန်းကျောင်းခွဲကို အလျား ပေ ၃၀၊ အနံ ၁၈ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ကြမ်းခင်း တစ်ထပ်အဆောက်အအုံအဖြစ်တည်ဆောက်ခဲ့သည်။ ဦးစိုင်းနန္ဒကျော်စွာအောင် မိသားစုနှင့် ရွာသူ၊ ရွာသားများက ကျပ်သိန်း ၅၀ ထည့်ဝင်ပြီး ၂၀၁၄ ခုနှစ် မေ ၁၅ ရက်တွင် စတင်ဆောင်ရွက်ကာ ၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။



ယင်းနောက် ကျောင်းဆောင်သစ်ကို ရန်ကင်း(၁) အခြေခံပညာမူလတန်းကျောင်းအုပ် ဦးသန်းလင်း၊ နားယောင်းအုပ်ချုပ်ရေးမှူး ဦးစောလှမွန်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးစိုင်းနန္ဒကျော်စွာအောင်၊ သူကြီးဦးလော်ဂေတို့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ချင်းပြည်နယ်တွင် ယခင်နှစ်ထက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မား

**ဟားခါး ဇွန် ၈**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက်တွင် တစ်နိုင်ငံလုံး ထုတ်ပြန်ကြေညာပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၉၆၃၉ ဦးရှိသည့်အနက် အောင်မြင်သူ ၁၇၂၀ ဖြစ်ကြောင်းသိရသည်။

အောင်မြင်သူများအနက် ၆ ဘာသာနှင့် ၅ ဘာသာဂုဏ်ထူးရှင်တစ်ဦးစီ၊ ၄ ဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၄၃ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင်၂၃၃ ဦးရှိကြောင်း သိရသည်။

ချင်းပြည်နယ်၏ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်းသည် ၈ ဒသမ ၀၇ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၁၇ ဒသမ ၈၄ ရာခိုင်နှုန်းရှိသည့်အတွက် ကိုးရာခိုင်နှုန်းကျော် တိုးတက်မြင့်မားလျက်ရှိကြောင်း ပညာရေးဌာနမှထုတ်ပြန်ချက်အရ သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**


## O.T.S(52) သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ဗိုလ်လောင်းသင်တန်း O.T.S(52)၏ (၃၈)နှစ်မြောက် ကျောင်းဆင်းပွဲအဖြစ် ကွယ်လွန်ခဲ့သော သူငယ်ချင်းများအား ရည်စူး၍ ဆွမ်းကပ်အမျှပေးဝေပွဲနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

| | နေ့ရက် | နေရာ |
|---|---|---|
| ဆွမ်းကပ်အမျှဝေခြင်း | ၂၀-၆-၂၀၁၅ (စနေနေ့) နံနက် ၉း၀၀နာရီ | သဒ္ဓမ္မမဏ္ဍိုင်ကျောင်း ဝေဇယန္တာလမ်း (Orange Super Marketအနီး) |
| မိတ်ဆုံညစာစားပွဲ | ၁၇း၀၀ နာရီ | ကုန်းမြင့်သာစားတော်ဆက် ၇မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |

၂။ အခမ်းအနားသို့ ကျောင်းဆင်းသူငယ်ချင်းများနှင့် ဇနီးများ၊ ကွယ်လွန်သွားသူများ၏ ဇနီး၊ သားသမီးများ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

သန်းငွေ ၀၉-၅၄၁၄၉၇၁ ဘကြည် - ၀၉-၅၀၁၉၂၁၄
တင်ဝင်း ၀၉-၇၃၂၀၇၉၅၅ မြင့်သန်း- ၀၉-၄၃၀၈၂၁၉၃

## တောင်ငူ (G.T.I) ကန်ရိုး၏ 1st & 2nd Batch မှ သူငယ်ချင်းများ ဒုတိယအကြိမ် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ-

တောင်ငူ(G.T.I) ကန်ရိုးမှာ အရင်ဆုံးတက်ရောက်ခဲ့ကြတဲ့ တို့တစ်တွေ မတွေ့တာကြာလို့ ပြန်လည်ဆုံတွေ့ကြမယ်လေ--

သူငယ်ချင်းတို့ရဲ့ စီးပွားရေး၊ လူမှုရေးတွေ အမြင်ချင်းဖလှယ်ကြရင်း
ပျော်ရွှင်စွာတွေ့ဆုံကြရအောင် လာဖြစ်အောင်တော့ လာခဲ့စေချင်တယ်---
နေ့ရက် --- ၂၈-၆-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် --- မွန်းလွဲ (၁) နာရီမှ ညနေ (၆) နာရီထိ
နေရာ --- ရွှေရှမ်းကန်(စားသောက်ဆိုင်) အင်းယားလမ်း။
ဆက်သွယ်ရန်-
ကိုဝင်းဦး- ၀၉ ၅၁၂၅၄၂၀
ကိုတင်ညီညီလွင်- ၀၉ ၄၃၀၁၈၆၃၁
ကိုနိုင်မင်းသူ- ၀၉-၅၀၅၉၉၈၉၊
ကိုမင်းဇော်- ၀၉-၅၁၁၆၃၁၃
ကိုသန့်ဇော်- ၀၉-၅၁၃၈၃၆၉
ကိုကျော်စိုးဝင်း- ၀၉-၄၉၅၇၂၂၈၁
ကိုနိုင်ခွန်အောင်- ၀၉-၂၅၀၇၄၄၈၈၇
ကိုသက်နိုင်- ၀၉-၂၅၃၉၉၃၄၄၉
မမာမာနွယ်- ၀၉-၄၄၈၀၀၀၁၉၃
မနုနုလွင်- ၀၉-၇၃၀၄၅၄၇၇
မချိုချိုလွင်-၀၉-၇၉၃၉၀၂၉၃၃

ဥပဒေ အကယ်ဒမီ
Mandaing Law Academy
အဆင့်မြင့် ဒီဗီ ခြံ မြေ
စီးပွားရေး လုပ်ငန်းသင်တန်း
ဇွန်လ(၁၅)ရက်နေ့ဖွင့်မည်
အမှတ်113,31လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၇၁၀၊ ၇၀၈၄၇

(၁၀)တန်းအောင်ပြီးတာနဲ့ ဘဝအာမခံချက်ရှိတဲ့ အကောင်းဆုံးပညာရေးကို ဘယ်လိုရယူမလဲလို့ စိတ်ပူပန်နေပါသလား?

Diploma Courses တွေ Foundation Courses တွေ အချိန်ကုန်ငွေကုန်ခံ တက်နေမည့်အစား USA / UK ရှိ Colleges / Universities မှ မိမိစိတ်ကြိုက်ဘွဲ့ ရယူရန်အတွက် (Counselor) နှင့် အမြန်ဆုံးလာရောက် ဆွေးနွေးလိုက်ပါ။

31.6.15 အတွင်း Enroll လုပ်သော ကျောင်းသားများအတွက် ဝန်ဆောင်မှု 50% သက်သာနိုင်မည့် အခွင့်အရေး

Myanmar Telesis Pls Call : 01- 527168 , 09 - 796114575
No.73, (2nd Fl:) Corner of Ma Po & Myaynigone Zay St, Sanchaung Tsp.



## အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ(မားစ်) ကူးစက်မြန်ရောဂါ Middle East Respiratory Syndrome(MERS-Cov) ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ဤရောဂါသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါ တစ်ခုဖြစ်ပြီး အရှေ့ အလယ်ပိုင်းဒေသနိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၁၂ ခုနှစ်၌ စတင်ဖြစ်ပွားခဲ့ပြီး အာရှနိုင်ငံများ ဖြစ်သော တောင်ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံ အပါအဝင် ကမ္ဘာ့ ၂၅ နိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့ပါသည်။ ရောဂါကူးစက်ခံရပါက ဖျားခြင်းနှင့် ချောင်းဆိုးခြင်း၊ နှာယိုရည်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်နိုင်ပြီး ရောဂါဖြစ်ပွားသူများ၏ ၃၇ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးနိုင်ပါသည်။

အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို သိရှိနားလည်ပြီး လိုအပ်သော ကာကွယ်မှုများကို ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

၁။ နာတာရှည်ရောဂါတစ်ခုခု သင်ခံစားနေရလျှင် (ဥပမာ- ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ် ရောဂါပိုးဝင်ခြင်း) စသည့် ယင်းရောဂါများသည် (MERS-CoV) ပိုးဝင်ရောက်ခြင်း အန္တရာယ်ကို ကြီးမားစေသောကြောင့် ရောဂါဖြစ်ပွားနေသော ဒေသသို့ ခရီးမထွက်ခွာမီ သက်ဆိုင်ရာ ဆရာဝန်နှင့် ထိရောက်စွာ ကုသမှုခံယူပါ။
၂။ ချောင်းဆိုး၊ နှာချေစဉ် ပါးစပ်ကို လက်ကိုင်ပဝါ/တစ်သျှူး/ တံတောင်ဆစ်ဖြင့် ဖုံးအုပ်ပါ။
၃။ သင်၏လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၄။ သေချာစွာ ချက်ပြုတ်ထားသော အစားအစာများကိုသာ စားပါ။
၅။ သစ်သီး/ဟင်းသီးဟင်းရွက်များကို အစိမ်းစားမည်ဆိုပါက သေချာစွာ ဆေးကြောပြီးမှ စားပါ။
၆။ ကုလားအုပ်နှင့်တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲ ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

ရောဂါဖြစ်ပွားနေသော နိုင်ငံတွင် နေထိုင်စဉ်(သို့မဟုတ်) ပြန်ရောက်ပြီး ၁၄ ရက်အတွင်း ဖျားခြင်းနှင့် ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း စသည့် သံသယလက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်း ပို့ပြီး ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အပူပိုင်းဇုန်အတွင်းကျရောက်သည့် မြို့နယ် ၁၇ ခု စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မည်

**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ မုံရွာနှင့် စစ်ကိုင်းခရိုင်တို့မှ မြို့နယ် ၁၇ ခုတို့သည် အပူပိုင်းဇုန်အတွင်း ပါဝင်လျက်ရှိရာ အဆိုပါမြို့နယ်များတွင် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအဖြစ် သစ်တောစိုက်ခင်းများ၊ သဘာဝတောထိန်းလုပ်ငန်းများ၊ ဖာထေးစိုက်ပျိုးခြင်း၊ ရေကန်များနှင့် မြေအောက်ရေတွင်းတူးဖော်ပေးခြင်း၊ တောင်တန်းများတွင် ကွန်တိုသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို (ယခုနှစ်) ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ အပူပိုင်းဇုန်အတွင်း ကျရောက်လျက်ရှိတဲ့ မုံရွာမြို့နယ် ဗောဓိတစ်ထောင်မှာ တောင်တန်းစိုက်ခင်းတွေနဲ့ ကွန်တိုစိုက်ခင်းများ စိုက်ပျိုးမှာပါ။ ယင်းမာပင်မြို့မှာ ၁၀၀၀ ပင်၊ မြောင်မြို့နယ် ဆင်ဂေါင်းတောင်မှာ ၁၂၀၀ ပင်၊ ခင်ဦးမြို့နယ်အတွင်းရှိ ခင်ဦး-သင်ပေါင်းလမ်း ၁၀၀၀ ပင်၊ ဝက်လက်မြို့နယ်အတွင်းရှိ ဝက်လက်-ရှိမကားလမ်း ၁၀၀၀ ပင်၊ ဝက်လက်-သစ်ဆိမ့်ကြီးလမ်း ၁၅၀၀ ပင်တို့ကို ဖာထေးစိုက်ပျိုးမယ်။ သဘာဝတောထိန်းလုပ်ငန်းများအဖြစ်နဲ့ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ယင်းမာပင်၊ ပုလဲ၊ စစ်ကိုင်းမြို့နယ်တွေမှာ ဧက ၁၀၀၀၀ ကိုဆောင်ရွက်မယ်၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းများအဖြစ် ရွှေဘို၊ ဝက်လက်၊ ဘုတလင်၊ ဆားလင်းကြီး၊ ယင်းမာပင်၊ မြင်းမူမြို့နယ်တွေမှာ တစ်မြို့ကို ရေကန်တစ်ကန် တူးဖော်ပေးမယ်။ ပုလဲမြို့နယ် ဇောင်ခြမ်းကုန်းကျေးရွာမှာ မြေအောက်ရေတွင်းတစ်တွင်းတူးဖော်မယ်၊ စံပြကျေးရွာတွေနဲ့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အသိပညာပေးဟောပြောပွဲလုပ်တဲ့ကျေးရွာတွေမှာ ထင်းအစားထိုးလောင်စာ သုံးစွဲဖို့အတွက် စွမ်းအားမြင့်မီးဖို အလုံး ၅၀၀၀ ဖြန့်ဝေပေးသွားမှာပါ၊ နောက်ပြီး ကျေးရွာဘက်စုံသုံးစိုက်ခင်း ဧက ၆၀၀၊ ရေဝေစိုက်ခင်း ဧက ၁၃၀၊ တောင်တန်းစိုက်ခင်း ဧက ၂၀၀၊ အခြားစိုက်ခင်း ဧက ၇၀ စုစုပေါင်း ဧက ၁၀၀၀ ကို အခုနှစ်အတွင်းမှာ ထပ်မံအကောင်အထည်ဖော်စိုက်ပျိုးနေပါတယ်" ဟု တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပူပိုင်းဇုန်အတွင်းကျရောက်လျက်ရှိသော မုံရွာခရိုင်အတွင်းမှ ခုနစ်မြို့၊ ရွှေဘိုခရိုင်အတွင်းမှ ခုနစ်မြို့နဲ့ စစ်ကိုင်းခရိုင်အတွင်းမှ သုံးမြို့ စုစုပေါင်း ၁၇ မြို့တွင် စိုက်ပြီးစိုက်ခင်းများတွင် သေဆုံးသစ်ပင်များဖာထေးခြင်း၊ ကျေးရွာဘက်စုံသုံးစိုက်ခင်း၊ ရေဝေစိုက်ခင်း၊ တောင်တန်းစိုက်ခင်းများနှင့် အခြားစိုက်ခင်းများ၊ ကွန်တိုစိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရန်အတွက် ယူကလစ်၊ ဒေသသစ်မျိုးများဖြစ်သော ယင်းမာ၊ ရှား၊ တမာအပါဝင် သစ်ပင်ပေါင်း ၃၀၇၀၅၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အင်းလေးကန်ပတ်ဝန်းကျင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**ညောင်ရွှေ ဇွန် ၈**

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် အင်းလေးကန်အနောက်ဘက်ရှိ လွယ်ငြိမ့်ကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကျွန်း၊ ခါတော်မီ၊ မယ်ဇလီ၊ ပြည်လုံးချမ်းသာ၊ ယူကလစ် စသည့်သစ်ပင်ပေါင်း ၈၅၃ ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြတ်သူ(ပြန်/ဆက်)**



EEC European Education Center
Taught by European Professional Lecturers
EBSCO Library & University Account For Students
.Executive MBA
• Diploma in Human Resources
• Diploma in Management Studies
• Diploma in Business English
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်
• International Business Relations ( BA , HND )
• International Business Management ( BA , HND )
Accredited By :
SWPS UNIVERSITY OF SOCIAL SCIENCES AND HUMANITIES
No.1 PRIVATE UNIVERSITY 14000 - STUDENTS WARSAW, POLAND
The College of Saint Rose NEW YORK, USA
www.eecmyanmar.com eecmyanmar 09-250233662
No.A/601,Diamond Condo,Pyay Road,Kamaryut,Yangon.
Opening in - JUNE Scholarship & Discount Available

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင် ရွှေမြေနှင့် ကြိန်တလီရေယာဉ်(၂)စီးအား ငှားရမ်းလိုပါသည်။
၂။ တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များအား ၈-၆-၂၀၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက် ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါများနောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၁၇-၆-၂၀၁၅ ရက် ၁၆:၀၀ နာရီဖြစ်ပါသည်။
အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်
တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀၊ ၀၆၇-၄၀၈၂၀၇

လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI,MYOB,IFR
Level I+II သင်တန်းချိန်
Sec(A) Sat+Sun 7-9 (am)
Sec(B) Sat+Sun 9-11(am)
Sec(C) Sun 11-3(pm)
Sec(D) Mon+Tue 6-8 (pm)
Sec(E) Mon to Fri 12-3(pm)
Sec(F) Sat 11-3(pm)
Sec(G) Wed 11-3(pm)
Level III
Sec(A) Sat-Sun 3- 8 pm
Sec(B) Wed-to-Sun 6-8 pm
Sec(C) Tue-to-Fri 9-12 am
ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ
09 510 9922
0979 510 9922
0997 510 9922
၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်းမ။ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

(6) Months Diploma ပြီးဆုံးလျှင် University Foundation / GCE မလိုအပ်တော့ပဲ
တက္ကသိုလ်တက်ရောက်နိုင်မည့်အခွင့်အရေး
Diploma in Business Management (U.K)
Duration : 6 Months
Entry Requirement : တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများ
Your Pathway to Bachelor Degree
(from 73 Universities in UK, Australia, Canada, etc......)
8th July စမည်
YCTC အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ (Park Royal)အနီး၊
(09) 420118100, (09) 250640429, (09) 254269644

Trumpet Travels & Tours
JUNEလ ရုံးပိတ်ရက် အပန်းဖြေခရီးစဉ်များ
◆ ဘားအံ - ကျိုက်ထော်ရေတံခွန် ခရီးစဉ် (၃၅,၀၀၀ ကျပ်)
JUNEလ 20ရက်/27ရက် (နေ့ချင်းပြန်)
◆ ဖင်းကျိုက်ရေတံခွန် - မဲလဲ ခရီးစဉ် (၃၅,၀၀၀ ကျပ်)
JUNEလ 20ရက်/27ရက် (နေ့ ချင်း ပြန်)
◆ (2-45) ယောက်စီး ကားမျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့်စိတ်တိုင်းကျ ငှါးရမ်းနိုင်ပါသည်။
◆ ၅ ဦးပြည့်လျှင်(+၁ ဦး)၅၀%Discount /၁၀ဦးပြည့်လျှင် (+၁ဦး) FOC.
Hot Line- 09 43089536, 09 250021676,01 532250, 01 536975
Pa(3) Padonmar Street, Sanchaung Township, Yangon

# ကြော်ငြာ

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၄/မမ/CME | - 11/0.4 KV, 50 KVA Transformer (၁)လုံးအပါအဝင် လျှပ်စစ်ပစ္စည်း (၅၀)မျိုးအား ဘုရားသုံးဆူ ဘူတာအရောက်ဝယ်ယူရန် |
| ၂ | ၃၅/မမ/CME | - အထက်မြန်မာပြည်နယ်မြေအတွက် လျှပ်စစ်ပစ္စည်း (၃၄)မျိုးအား မန္တလေးဘူတာကြီးအရောက်ဝယ်ယူရန် |
| ၃ | ၃၆/မမ/CE | - ကတ္တရာ (၁၀၀)တန် ဝယ်ယူရန် |
| ၄ | ၃၇/မမ/CE | - Dog Spike (150000)Nos ဝယ်ယူရန် |
| ၅ | ၃၈/မမ/CE | - 60 Lb (BS)Fish Plate (1500)Pairs and 60 Lb Fish Bolt & Nut (6000)Nos ဝယ်ယူရန် |
| ၆ | ၅၀/မမ/CE | - အလုံနှင့် ကြည့်မြင်တိုင်ဘူတာကြားရှိ တောလမ်းရှောလမ်း လူကူးခုံးကျော်တံတားပြုပြင်ဆေးသုတ်ခြင်း |
| ၇ | ၅၁/မမ/CE | - သမိုင်းဘူတာ လူကူးခုံးကျော်တံတားပြုပြင်ဆေးသုတ်ခြင်း |
|  | ၅၂/မမ/CE | - အင်းစိန် စက်ရုံသွား လူကူးခုံးကျော်တံတားပြုပြင်ဆေးသုတ်ခြင်း |
| ၈ | ၅၃/မမ/CE | - ဘောက်ထော်ဘူတာတွင် မီးရထား ဆေးပေးခန်း ဆောက်လုပ်ခြင်း RC (၂)ထပ် အဆောက်အဦး (၅၀' x ၅၀') |
| ၉ | ၅၄/မမ/CE | - ကြည့်မြင်တိုင်တွင် ပါဆယ်ရုံ အဆောက်အအုံဆောက်လုပ်ခြင်း (၅၁၃' x ၁၂') |
| ၁၀ | ၅၅/မမ/CE | - ရန်ကုန်ဘူတာကြီး ပန်းဆိုးတန်းခုံးကျော်တံတားအောက်တွင် အထက်တန်း ကြိုတင်လက်မှတ်ရုံ အဆောက်အအုံ (၁၀၅' x ၁၀') ဆောက်လုပ်ခြင်း |
| ၁၁ | ၅၆/မမ/CE | - ရန်ကုန်ဘူတာကြီး ပန်းဆိုးတန်းခုံးကျော်တံတားအောက်တွင် ရိုးရိုးတန်း ကြိုတင်လက်မှတ်ရုံ အဆောက်အအုံ (၁၇၀' x ၁၀') ဆောက်လုပ်ခြင်း |
| ၁၂ | ၅၇/မမ/CE | - ရန်ကုန်ဘူတာကြီး ပန်းဆိုးတန်းခုံးကျော်တံတားအောက်တွင် လက်ကျန်လက်မှတ်ရောင်း အဆောက်အအုံ (၁၀၀' x ၁၀') ဆောက်လုပ်ခြင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁)မှ (၄) ၂၃ . ၆ .၂၀၁၅ (အင်္ဂါနေ့) (၁၂.၃၀)နာရီ
အမှတ်စဉ်(၅)မှ (၁၂) ၈ . ၇ .၂၀၁၅ (ဗုဒ္ဓဟူးနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၈. ၆ .၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994




**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ခ/၃၀၁၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ (ရွာသာကြီး)**

**ရောင်းမည်**

(15'×50')၊ (၄)လွှာ၊ ကမ်းနားလမ်းမပေါ်၊ ကြည့်မြင်တိုင်၊ အသင့်နေထိုင်နိုင်။

**ဈေးနှုန်း (၅၉၀)သိန်း**

**Ph: 09-798024046**

**"အမြန်ငှားမည်"**

မြေနီကုန်း၊မဗ္ဗစေတီလမ်းနှင့်ဗားဂရာလမ်းထောင့်၊ပန်းခြံတာဝါ တတိယထပ်၊ 1100 Sqft ၊ (ဓာတ်လှေကား၊ ကားပါကင်ပါ)၊ နေရန်အသင့်၊ ပြင်ဆင်ပြီးအခန်းအား အမြန်ငှားမည်။

ဆက်သွယ်ရန် - 09-5557855, 09-420287627, 09-450032403






ကြော်ငြာ



မြတ်မောဓိ ကုမ္ပဏီလီမိတက်
အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
မြတ်မောဓိဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဗုဒ္ဓဂယာ(အိန္ဒိယ-နီပေါ)အဆင့်မြင့်ဘုရားဖူးခရီးစဉ်
၁။ (၇) ညအိပ် - (၈) ရက် ခရီး
၂။ (၁၁) ညအိပ် - (၁၂) ရက် ခရီး
ဗုဒ္ဓဂယာ၊ ဟာရာဏသီ (ခ) မိဂဒါဝုန်- သာဝတ္ထိ-လုမ္ဗိနီ- ကုသိနာရုံ- ဝေသာလီ- ပဋ္ဋနား- ရာဇဂြိုဟ်-နာလန္ဒာ- ဗုဒ္ဓဂယာ
၃။ (၁၄) ညအိပ် - (၁၅) ရက် ခရီး
ဗုဒ္ဓဂယာ၊ ဟာရာဏသီ (ခ) မိဂဒါဝုန်- သင်္ကဿနဂိုရ်- အာဂရာ (တပ်ချ်မဟာ)- နယူးဒေလီ- သာဝတ္ထိ-လုမ္ဗိနီ- ကုသိနာရုံ- ဝေသာလီ-ပဋ္ဋနား- ရာဇဂြိုဟ်- နာလန္ဒာ-ဗုဒ္ဓဂယာ
မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်များကို စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ် (၁၃၃၊ ၁၃၅၊ ၁၃၇)၊ အခန်း (၃/အေ)၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-49338595, 09-263125261,09-788304828, 01-377129


niecinternational.com
IGCSE
▶Foundation
▶Preparation
Course
Enroll Now!!
NIEC
INTERNATIONAL
For Better Education
No.27, Damaryon Street,
Kanbe, Ward 13,
Near Moe Kaung Pagoda,
Yankin Township, Yangon.
01 8550727, 8550728
English as a second language
Mathematics B
Additional Maths
Physics
Chemistry
ICT
Business Studies
Biology


သင့်ဖခင်အတွက် အကောင်းဆုံး ကျန်းမာရေးလက်ဆောင်မွန်
ကမ္ဘာ့ နံပါတ် (၁) ဒီဂျစ်တယ်သွေးပေါင်ချိန်တိုင်းကိရိယာ
OMRON
JAPAN TECHNOLOGY & DESIGN
FREE
Deluxe Model HEM-6200
FREE
Deluxe Model HEM-7130
Adaptor
Deluxe Model HEM-6200
Deluxe Model HEM-7130
DKSH Services Ltd.
www.omronhealthcare-ap.com
Omron Healthcare-Myanmar
All for Healthcare


NISSAN
Innovation that excites
နှစ် ပတ် အထူး ဈေး
၂၀၁၅ဇွန် လ ၃၀-ရက် အထိသာ
လက်ဆောင်*
Samsung Galaxy S6
Samsung Galaxy Grand
အထူး လျှော့ဈေး
Civilian
Your Company's Best Choice
Urvan
Delivers with Style
NP300 Navara 4X4
Tough - Smart
Altima
Redefine Your Stature
X-Trail
Bring Out The X-Tion
* သတ်မှတ်ထားသောကာလအတွင်းသာ
* ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ သွင်းပြင်လက္ခဏာနှင့် အသေးစိတ်အချက်အလက်များ အပြောင်းအလဲရှိနိုင်ပါသည်။
ဖြန့်ဖြူးသူ
EDARAN TAN CHONG MOTOR (MYANMAR) CO. LTD
/NissanMyanmar
United Diamond Motor
No-443, Pyay Road, Kamayut Township, Yangon.
Tel: 09-3140 5203, 09-3325 1066, 09-798475939
No.139, University Avenue Road, Kamayut Township, Yangon.
09-257587778, 09-257587779

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးထင်ဇော်လှိုင်း၊ ဦးကျော်အောင်၊ ဦးချစ်ထွေးတို့မှ ဦးစီးဆောင်ရွက်လျက်ရှိသည့်

**ပြည့်စုံအောင်မြင် အဆင့်မြင့် ပေါင်းဆန်စက်လုပ်ငန်းကို**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးမှ ချီးမြှင့်သော

တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်

နိုင်ငံ့စွမ်းဆောင်ရှင်ဆုလက်မှတ် ရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် တန်ဖိုးမြင့် ထုတ်ကုန်များ

ထူးချွန်ထုတ်လုပ်ရောင်းချနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

SUNSHINE

BALAN BROTHERS ဘာလန်ညီအစ်ကိုများအဖွဲ့ ကုမ္ပဏီလီမိတက်

ကိုကျော်ဝင်း
ပြည်တွင်းဖြစ် ဆန်စက်အပိုပစ္စည်းအရောင်းဆိုင်
အမှတ်(ဘီ)၊ ၁၁၀/၁၁၁၊ လောလမ်း၊ စက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်တောင်ပိုင်း။

HEIN LWIN ENTERPRISE LIMITED

**25 - 2500 kVA Open Type & Silent Type Diesel Generators**



အရည်အသွေး အမြင့်မားဆုံးဖြစ်သော မီးစက်များကို
HEIN LWIN ENTERPRISE မှ
ဝယ်ယူသူစိတ်တိုင်းကျ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

- အရည်အသွေး အမြင့်မားဆုံးဖြစ်ခြင်း
- ဆီစားသက်သာ၍ အသုံးလုံမှုစွမ်းရည်မြင့်မားခြင်း
- International Parts & Service Warranty များပါဝင်ခြင်း
- Free Survey, Free Installation, Maintenance Training & Delivery (ရန်ကုန်မြို့တွင်း)

ဝန်ဆောင်မှုများဖြင့် ဝယ်ယူသူ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

**Showroom**
55/B, Golden Valley Road, Golen Valley(2), Bahan Township, Yangon, Myanmar.
Tel : (+95) - 01- 505295, 09 - 430-94949, 09-49-59-5559
Email : info@heinlwin.com

Warranty
Parts & Maintainess Services

## နိုင်ငံတော်သမ္မတ၏ သီးသန့်အထူးဆု၊ အထူးဂုဏ်ထူးဆောင်ဆု၊ နိုင်ငံ့ဝန်ဆောင်ရည်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ် ရရှိသည့် မြန်မာ့တပ်မတော်၊ ကမ္ဘာ့ရတနာဘဏ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်အဖွဲ့ချုပ် ဦးဆောင်မှုအောက်ရှိ လုပ်ငန်းဆိုင်ရာအသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ အဖွဲ့ဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုခြင်း

